www.burmeseclassic.com

ပိုးမိုးစာပေ

# ရွှေအာဒူဂါ

အလွမ်းမဲ့ရပ်ဝန်း




Digital Art : Idea Kyaw & Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

◆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှ ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင် များအား ဆန့်ကျင်ကြ။
◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေ
◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတ သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိ တိုးတက်အောင် တည်ဆောက်ရေး။
◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသ ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရွှေအဥ္ဇလီ

# အလွမ်းမဲ့ရပ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၅၇၀၇၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၃၄၀၀၀၀

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုး-စာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

အတွင်းဖလင် - အောင်မင်းလွင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်


"ဟိုး…ဟိုး၊ ပန္နည်းတွေကို ဖြည်းဖြည်းချကြ၊ မှန်တွေ ကွဲမယ်၊ သေချာသတိထား"

လူသံကားသံများဖြင့် ဆူညံမှုကြောင့် အိပ်ရာက နေမြင့်မှ ဘတတ်သော ရင့်တစ်ယောက် စောစီးစွာ နိုးသွားရလေ၏။

"ကျွတ် ဒီလောက်ဆူဆူညံညံအသံတွေ ဘယ်ကပါ ဒိမ့်"

နားထဲမှာ ဆူညံသံများကို မခံနိုင်သည့်အဆုံး ရင့်က အိပ်ချင်နေသော မျက်စိနှစ်လုံးကို ပွတ်သပ်လျက် ပြတင်းပေါက် သို့ လာခဲ့လိုက်၏။

ထို့နောက် ပြတင်းပေါက်ကိုဖွင့်၍ ကြည့်လိုက်တော့ ဘစ်ဖက်ခြံတွင် ကုန်ကားကြီးနှစ်စီးနှင့် ပန္နည်းတွေချနေသော ငမျာ:ကို တွေ့ရသည်။

ကြည့်ရတာ အိမ်ပြောင်းလာတာထင်ပါရဲ့။

စိုးမိုး - စာပေ

www.burmeseclassic.com



ဟင်း အလိုက်မသိတတ်တဲ့လူတွေ။ သူများအိပ်နေချိန်မှာ ဆူဆူညံညံအသံတွေနဲ့ အိမ်ပြောင်းလာရတယ်လို့။

ဟင်…ဟိုမည်းမည်း အကောက်ကြီးနဲ့က ဘာပါလိမ့်။ ရင့်က အိပ်ချင်စိတ်မပြယ်သေးသော မျက်လုံးကို သေချာဖွင့်ကြည့်၏။

အို ရှေးဟောင်းစောင်းကောက်ကြီး တစ်လုံးပါလား။

ယခုမှ ကားပေါ်ကချနေသည့် ပစ္စည်းများကို စေ့ငုကြည့်မိ၏။ မနက်ခြောက်နာရီဆိုတာ မိုးလင်းပြီမို့ တစ်ဖက်ခြံက ပစ္စည်းတွေချနေတာကို ရင့် ကောင်းစွာမြင်ရသည်။

အလို ရင့် တစ်ခါမှမမြင်ဘူးသည့် ကြေးနီရောင်ခုံကြီးများ။ ထို့အပြင် ဟောင်းနွမ်းပေမယ့် ယခုထက်ထိ ခန့်ထည်စွာရှိနေသော ကိုယ်လုံးပေါ် ကြေးမုံပြင်။ တခြား တခြားသော ပစ္စည်းတွေကလည်း အိုဟောင်းပေမယ့် ရင့်အတွက်တော့ ဆန်းကြယ်သောပစ္စည်းတွေ ဖြစ်နေ၏။

"ဒေါက်…ဒေါက်"

ရင့် ကြည့်နေစဉ်မှာပင် တံခါးခေါက်သံကြောင့် ပြတင်းနားကခွာ၍ ဖွင့်ကြည့်လိုက်တော့





"ဟင် ကိုကို"

တစ်ခါမျှ ဒီလောက်အစောကြီး အိပ်ရာကမထဘူးသော ကိုတင့်ကို တွေ့လိုက်ရ၍ ရင့် အံ့သြသွား၏။

"အေး ဆူဆူညံညံအသံတွေကြောင့် ငါ ဆက်အိပ်မပျော် နိုင်ကော ကြားရလားရင့်"

ထိုအမေးကြောင့် ရင့်ပခုံးလေးတွန့်ကာ ပြုံးမိသည်။ ရင့်နှင့် ဆိုသော မောင်နှမနှစ်ယောက်မှာ ကိုကိုတင့်က အကြီးဖြစ်ပေ စာကလွဲ၍ ပတ်ဝန်းကျင်လေ့လာအားနည်းသူ။

ယခုလည်း ဆရာဝန်ဖြစ်ပြီးပေမယ့် နောက်ထပ်စာတွေ ကျက်ကာ အထူးကုဘွဲ့ယူဖို့ ပြင်နေသလို အလုပ်အားချိန်များ သည်း မိန်းကလေးတချို့နှင့် အိမ်ကပ်တယ်ဟူ၍ မရှိပေ။

"ကိုကိုကြားနေတဲ့ ဆူညံသံတွေဆိုတာ ဟိုဖက်ခြံကပဲ"

"ဟင် ဟိုဖက်ခြံက အရင်က အဲဒီမှာလူမရှိပါဘူး"

ရင့်ကို ခြံနှင့်ကပ်လျက် တစ်ဖက်ခြံကျယ်ကြီးသည် ကျယ်ကြီးဖြင့် အဝါရောင် ထုထဲခန့်ထည်သော နှစ်ထပ်တိုက် ဖြစ်သည်။ ခြံကြီးက ကျယ်သလို တိုက်ကလည်း ကြီးမား၍ ကြီးနှင့်ဖြစ်၏။ နှစ်ရှည်သစ်ပင်ကြီးများကလည်း တစ်ခြံလုံး

www.burmeseclassic.com



ပတ်လည်လိုဖြစ်၍ ကြည့်လိုက်တိုင်း အလိုလို ညှို့ဆိုင်းအုံ့မှိုင်းနေ၏။

အမှန်ပြောရလျှင် ရင့်အမြင့်မှာတော့ ထိုတိုက်ကြီး၏ ပုံစံမှာ ရိုးလွန်း၍ ရှေးကျနေသည်။ ထိုကဲ့သို့သော နေရာမျိုးကို ဘယ်လို လူတွေ ပြောင်းလာတာပါလိမ့်။

"လာ ကိုကို၊ ဒီပြတင်းပေါက်က ကြည့်လိုက်"

ရင့်က အိပ်ချင်စုံမွှားနှင့် ကိုကို့ကိုခေါ်၍ ပြတင်းပေါက်နား ရပ်လိုက်၏။

"ဟင် ဒါတွေကဘာလဲ၊ ဓာတ်အဖွဲ့လား ရင့်"

စောင်းကောက်တွေ၊ စန္ဒယားတွေ ရှေးဟောင်းပစ္စည်းများကို ကြည့်ပြီး ကိုကိုက နားမလည်သလိုမေး၏။

ရင့် ပခုံးလေးတွန့်ကာ

"ရင့်လည်းမသိဘူး ကိုကို၊ ဟော ဟော ဟိုမှာ"

"ဘာလဲ ရင့်"

"ဟိုကားပေါ်က ဆင်းလာတာလေ ကိုကိုရဲ့"

"ဟာ...ဘာပုံစံတွေလဲ"

အော်စတင်အနက်ရောင် ကားပေါ်မှ အရပ်မြင့်၍ ပင်နီ တိုက်ပုံအင်္ကျီ၊ ဆံပင်တိုတိုက နက်မှောင်လျက် အနီရောင်ကွက်





တောက်လုံချည်ဖြင့် လူတစ်ဦး ရှေ့ခန်းမှ ဆင်းလာတာ တွေ့ရသလို နောက်ခန်းမှလည်း နှံ့သာရောင် ပိုးအင်္ကျီလည်ပင်းစေ့ ရင်ဖုံးအင်္ကျီ လက်ရှည်ကို အညိုရောင်အချိတ်လုံချည်ဖြင့် တွဲဝတ်လျက် တစ်ပတ်လျှိုဆံထုံးဖြင့် အမျိုးသမီးတစ်ဦးက လက်ထဲမှာ ယွန်းသေတ္တာ တစ်ခုကိုင်လျက် ဆင်းလာတာ တွေ့ရလေ၏။

"သေချာပြီ ကိုကိုတင့်၊ သူတို့ဓာတ်သမားတွေပဲ၊ အခု ဆင်းလာတာတွေက ဓာတ်မင်းသားနဲ့ မင်းသမီးပဲ ဖြစ်ရမယ်"

"အေး...ဟုတ်မယ် ရင့်၊ သွားပါပြီကွာ၊ ကိုကိုကတော့ ဒီခြံကို ပြောင်းလာမယ့် လူတွေဟာ ကိုကိုတို့လိုလူမျိုးတွေပဲ ဖြစ်မယ် ထင်နေခဲ့တာ၊ ခုတော့ ရှေးလိုလို ဓာတ်လိုလိုနဲ့ စိတ်ပျက်စရာပဲရင့်"

ခေတ်မီဆိုရှယ်ကျသော ကိုကိုတင့်၏ စိတ်ပျက်ဟန် အပြောကြောင့် ရင့် တခစ်ခစ်ရယ်မိသည်။ တကယ်တော့ ကိုကိုတင့် ပြောသလို ရင့်လည်း တစ်ဖက်ခြံမှာ ဒီလိုလူတွေ ပြောင်းလာလိမ့်မည်ဟု မထင်မိပေ။

ရင့်တို့မိသားစု ခေတ်မီသူတွေဟု ပြောလျှင်ရသည်။ ဒက်ဒီ နှင့်မာမီကိုယ်တိုင်ကလည်း ခေတ်မီမီနေတတ်ကာ ရင့်တို့မောင်နှမ ကိုလည်း လွတ်လပ်ခွင့်ပေးထား၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ဘဲ့ဒေးပွဲများ၊ ပါတီပွဲများကို မိတ်ဆွေအပေါင်းအသင်းများဖိတ်၍ ရင့်တို့ခြံထဲမှာ ကျင်းပဖြစ်သည်မဟုတ်လား။

ထို့ကြောင့် ခြံနီးနားချင်းကိုလည်း ရင့်တို့လို အသိုင်းအဝိုင်းထဲသာ ဖြစ်စေချင်သည်။ ယခုရောက်လာသူတွေကတော့ ရင့်တို့နှင့် လုံးဝခြားနားသူတွေ၊ အရှေ့နှင့်အနောက်လို ဆန့်ကျင်နေသူတွေကြောင့် ကိုကိုတင့်လို နှုတ်ကဖွင့်မပြောပေမယ့် ရင့်လည်း ကြိတ်၍ စိတ်ပျက်မိရပါ၏။

"ကိုကိုက ဆံပင်အနီရောင်နဲ့ မော်ဒယ်မလေးတွေ ရောက်လာမယ်လို့ မျှော်လင့်နေတာမဟုတ်လား"

"ဒါပေါ့ကွ၊ ခြံနီးချင်းတွေဆိုတော့ လှမ်းကြည့်လို့မှ အပျင်းမပြေဖြစ်ရင် ဘယ်ကောင်းမလဲ ရင့်၊ ပြောပါဦး ရင့်ကကော ဂျင်းဘောင်းဘီနဲ့ ခပ်ချောချောကောင်လေးတွေ ပါမယ်ထင်နေတာ မဟုတ်လား"

"တော်စမ်းပါ ကိုကိုရာ၊ ဝါး အိပ်ရေးပျက်တယ်၊ ပြန်အိပ်ဦးမှပဲ"

ရင့်က တစ်ချက်သမ်းရင်းပြောတော့ ကိုကိုထောက်ခံ၏။





"ဟုတ်တယ် ငါလည်း ပြန်အိပ်ဦးမယ်၊ အဲဒီစတော်အဖွဲ့ဘ အသံတွေကြောင့် အတော်အိပ်ရေးပျက်တယ်ကွာ"

ကိုကိုတင့်က စိတ်ပျက်သလို ခေါင်းခါယမ်းရင်း ပြောပြီး ဆက်သွားလေ၏။ ရင့် အိပ်ရာပေါ်ပြန်ရောက်ပြီး မကြာခင် အိပ်ပျော်သွားတော့သည်။

ဘယ်လောက်များ အိပ်ပျော်သွားတယ်မသိ။ နောက်တစ်ကြိမ် ရင့် အိပ်ရာကနိုးတော့ မနက်ကိုးနာရီရှိပြီ။

"ဟင် နေတောင်အတော်မြင့်သွားပါလား"

အခန်းထဲမှာ နေ၏အလင်းရောင်ကြောင့် ရင့် အိပ်ရာမှ နိုးခဲ့ထလိုက်၏။ အမှတ်တရ တစ်ဖက်ခြံကိုကြည့်လိုက်တော့ နက်ပိုင်းတုန်းက ဆူညံသံတွေမလုပ်ခဲ့သလို တိတ်ဆိတ်ငြိမ်သက်နေပြီ။

"အင်း သူတို့လည်း အိပ်ရေးပျက်လို့ အိပ်နေကြပြီထင်တယ်"

ရင့်က ပြတင်းမှခွာကာ ရေချိုးခန်းထဲဝင်လိုက်၏။ ရေချိုးပြီးတာနှင့် အဝတ်အစားလဲ အလှပြင်ပြီး အောက်ထပ်ဆင်းခဲ့သည်။

"ဟော ကိုကို၊ ကိုကိုလည်း ခုမှနိုးတာလား"



www.burmeseclassic.com

www.burmeseclassic.com



လေ့ကားထိပ်မှာ ကိုကိုတင့်နှင့်ဆုံတာကြောင့် ရင့် မေးလိုက်၏။

"အေးလေ ဒီနေ့သွားစရာရှိတာ နေတောင်အတော်မြင့် နေပြီ ရင့်ရဲ့"

အပေါ်ကုတ်အင်္ကျီကို ကမန်းကတန်းစွပ်လာလျက် ပျာယာ ခတ် အမူအရာဖြင့် ကိုကိုတင့်ပြောရင်း နာရီကြည့်သည်။

"ကိုကိုက ပြန်အိပ်တာကိုး၊ သွားစရာရှိရင်လည်း နည်း နည်းတော့ ဝီရိယရှိမှပေါ့"

ဆရာလုပ်၍ ရင့်ကပြောသော့ ကိုကိုတင့် မျက်မှောင်တွန့် လျက်...

"အမယ် နင်ကကော ဘာထူးလဲ ရင့်၊ ခုမှ အိပ်ရာထပြီး များ"

"အို ရင့်တို့က သွားစရာမရှိ၊ ဟင် ဒီနေ့ ဂျူလိနဲ့ချိန်းထား တာ"

ပြောရင်းမှ သတိရလျက် ရင့်အော်မိတော့ ကိုကိုတင့် လှောင်သလိုပြုံး၏။

"ထုံးစံအတိုင်း နင်လည်း လက်ဖက်ရည်မသောက်ဘဲ





ပြေးတော့မှာ မဟုတ်လား ရင့်"

"အို အချိန်မှမရှိဘဲ"

မောင်နှမနှစ်ယောက် လှေကားပေါ်မှ အပြေးဆင်းခဲ့ကြ သည်။ သို့သော် ဧည့်ခန်းထဲအရောက်တွင်...

"ဟော သားနဲ့သမီး လာကြဦး၊ ဒီမှာ ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးရအောင်"

မာမီနှင့်ဒက်ဒီက ဧည့်သည်များနှင့် စကားပြောနေရာမှ ရင့်တို့ကိုမြင်လျက် လှမ်းခေါ်သည်။

ကိုကိုတင့်နှင့်ရင့်မှာ ခြေလှမ်းတွေတုန့်ခနဲဖြစ်လျက် သူတို့ ကို နောက်ကျောပေးထားသော ဧည့်သည်နှစ်ယောက်အား လှမ်း ကြည့်မိ၏။

"ဒါ တစ်ဖက်ခြံကိုပြောင်းလာတဲ့ မောင်ဖဝင့်ထည်နဲ့ ညီမ မျိုးမြတ်သင့်ပဲ သားနဲ့သမီး"

"ဟင်"

"အို"

ကိုကိုတင့်နှင့် ရင့်တို့မှာ ဧည့်သည်တွေကိုမြင်တော့ အံ့သြ သွားရ၏။ မနက်ဦးပိုင်းတုန်းက ရင့်တို့ကို ဆူညံသံတွေနဲ့ နှောင့်



www.burmeseclassic.com

www.burmeseclassic.com



ယှက်မှုပေးတဲ့ တစ်ဖက်ခြကလူတွေပဲ။

''မောင်ဖုံနဲ့ သင့်တို့လည်း မှတ်ထားကြပေါ့၊ ဒါ အန်တီသားကြီး ဒေါက်တာ ကိုကိုတင့်၊ သမီးကတော့ ရင့်တဲ့၊ ဒီနှစ်ပဲ အီကိုနဲ့ ကျောင်းပြီးတယ်လေ''

အနီးကပ်မြင်ရမှ မြင့်မားသောအရပ်နှင့် လိုက်ဖက်သည့် ကျစ်လစ်တောင့်တင်းသော ကိုယ်ခန္ဓာ၊ ညိုမလိုနှင့် စိုဝင်းသော အသားအရေ၊ မျက်လုံး မျက်ခုံးကောင်းကောင်းဖြင့် နက်မှောင်သော ဆံပင်တိုတို့ကို သေသပ်စွာ ဘေးခွဲလျက် အဖြူရောင်လည်ကတုံး ရှပ်အင်္ကျီပေါ်မှာ ပင်နီတိုက်ပုံပါးနှင့် ယောကျ်ားပီသသော လူတစ်ယောက်ပါလားဟု 'ဖံဝင့်ထည်'ကို ရင့် ဖျတ်ခနဲ အသိအမှတ်ပြုလိုက်မိ၏။

''တွေ့ရတာ ဝမ်းသပါတယ် ဒေါက်တာနဲ့ ရင့်၊ အိမ်တက်ဆွမ်းကျွေးကြရင် ဒီက ဦးဦးဒေါ်ဒေါ်တို့နဲ့အတူ ဒေါက်တာနဲ့ ရင့်တို့အားလုံး ကြိုဖိတ်ပါတယ်''

သည်တော့မှ နုံ့သာရောင် ရင်ဖုံးပိုးအင်္ကျီလက်ရှည်နှင့် အညိုရောင် ချိတ်အဆင်လုံချည်ဖြင့် တစ်ပတ်လျှိုဆံထုံးနှင့် သွယ်မယောင်နှင့် ဝိုင်းသောမျက်နှာလေးထက်တွင် စင်ရော်တောင်





မျက်ခုံးနက်နက်၊ ထူထဲသော မျက်တောင်ကော့များအောက်မှ သောက်ရှူးကြယ်ပမာ လှပသောမျက်ဝန်းများ၊ နှာတံချွန်ချွန်လေးမှာ အဖျားတွင်အနည်ငယ်လုံးသွားလျက်၊ ဆေးမဆိုးဘဲ ထူအိရဲရဲစိုနေသော နှုတ်ခမ်းအစုံတို့ဖြင့် စကားဝါရောင်သွေး ဝင်းနှစ်သော အသားအရေဖြင့် ကျော့ရှင်းလှပသော ကိုယ်ခန္ဓာနှင့် မျိုးမြတ်သင့်ထံမှ ကိုကိုတင့်အကြည့်လွှဲကာ…

''ဗျာ ဟုတ်ကဲ့၊ ဒီက ကိုဖံဝင့်ထည်နဲ့ မမျိုးမြတ်သင့်တို့ကို ခုလိုသိရတာ ဝမ်းသာပါတယ်ဗျာ၊ မဟုတ်ဘူးလား ရင့်''

''ရှင် ဟုတ်တာပေါ့ ကိုကို၊ သင့်တို့နဲ့သိရတာ ဝမ်းသာပါတယ်''

ဖံဝင့်ထည်နှင့် မျိုးမြတ်သင့်တို့မောင်နှမကို ဇာတ်သမားများဟုထင်ခဲ့သော ရင့်နှင့်ကိုကိုတင့်တို့ မောင်နှမမှာ ယခုလို မျက်နှာချင်းဆိုင်းတွေ့တော့ အပြုံးတို့ကိုယ်စီဆောင်လျက် နှုတ်ဆက်ကြလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

“အနီးကပ်ကြည့်မှ ယောကျ်ားပီသပြီး အတော်ခန့်ညားတဲ့ လူပဲ၊ ဒါပေမယ့် ပုံစံကတော့ အတော်ရှေးစရိုက်ဆန်တဲ့ လူနဲ့ လိုက်ဖက်ပါရဲ့”

ရင့်နားမှာ ဝိုင်းဝိုင်းလည်နေသော ယောကျ်ားများသည် ဖဝင့်ထည်လို မြန်မာဆန်ဆန် လူမျိုးတော့မပါဝင်ခဲ့ပေ။ ရင့်တို့ထက် ပို၍ ခေတ်မီဆိုရှယ်ကြသော သူများသာဖြစ်၏။

“ဟန်နီက သိပ်လှတာပဲ၊ ကိုယ်တော့ ဟန်နီကို နေ့တိုင်း တွေ့ချင်နေတာပဲကွ”

မိတ်ဆွေလိုလို သူငယ်ချင်းလိုလို ပုံစံမျိုးဖြင့် ဟိုမကျ ဒီမကျ ယောကျ်ားလေးများ ရင့်အနားတွင်ရှိခဲ့ပေမယ့် မည်သူ့ကိုမျှ လေးလေးနက်နက် စိတ်မဝင်စားခဲ့ပေ။





တစ်ခဏတွေ့လိုက်သော ဖဝင့်ထည်ကြမှ ရင့် ဘာကြောင့် တလေးတနက် တွေးမိလိုက်တယ်မသိ။ ရင့်ကို သာမန် မျှသာကြည့်ပြီး တစ်ချက်ပြုံးပြခြင်းမရှိသော ဖဝင့်ထည်။ တခြား ယောကျ်ားလေးတွေနှင့် ပုံစံကွာခြားတာအမှန်။ ဖဝင့်ထည်နေရာမှာ တခြားလူဆိုလျှင် ရင့်လိုခေတ်မီလှပသော မိန်းကလေးမျိုး တွေ့ ဘာနှင့် လိုက်လှဲသည့်အပြုံးများဖြင့်···

“ခုလို ရင့်နဲ့သိရတာ ကျွန်တော့်အတွက် ဝမ်းသာဂုဏ်ယူ စရာပါဗျာ၊ ကျွန်တော်ကို ရင့်နဲ့ ခင်မင်ခွင့်ပြုပါ”

“ကွန်ကယက်ကျူးလိတ်ပါ ရင့်၊ ခုလို လှပတဲ့ မိန်းက လေးတစ်ယောက်နဲ့ သိရတာ ကျွန်တော့်ရဲ့ ကံကောင်းမှုပဲ ရင့်”

စသည့် ဂုဏ်ယူစွာ နှုတ်ဆက်ကြမည်မလွဲ။ ဖဝင့်ထည် ကတော့ ဒီလိုမဟုတ်ပြီ။ ရင့်ကို ရှိလေတယ်ဟု ထင်မြင်ပုံပင်မရ ပေ။

“ဟင်း···ငါကလည်း သူလိုတောပုံစံနဲ့လူကို မခင်ချင် ပါဘူးနော်”

တကယ်လည်း ရင့်နှင့် စရိုက်ချင်းမတူသော ဖဝင့်ထည် သို့လူမျိုးကို စိတ်ထဲ မကြိုက်နှစ်သက်တာမို့ တစ်ကိုယ်တည်း အားတိုးစွာ ရေရွတ်လိုက်မိ၏။ ထိုအချိန် ကိုကိုတင့်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



"မျိုးမြတ်သင့်တဲ့၊ အသားအရေက စကားဝါရောင် အနီးကပ်ကြည့်မှ မပြုမပြင်ဘဲ အတော်လှတဲ့ မိန်းကလေးပဲ ဒါပေမယ့် ဝတ်စားထားတာက အတော့်ကို ရှေးဆန်တာပါလား ဒီလိုခေတ်မှာ မျိုးမြတ်သင့်လိုပုံစံမျိုး တကယ်ရှားပါးတာအမှန်ပဲ"

သည်နေ့ ခေတ်မိန်းကလေးတွေမှာ ကိုရီးယားရုပ်ရှင်က တွေကြည့်ပြီး ဝတ်စားတာကအစ ကိုးရီးယားစတိုင်လ်တွေ ဖြစ် ၏။ အင်္ကျီလက်တစ်လုံး စကာဒ်တိုတို၊ ဂါဝန်တိုတို၊ ဘောင်းဘီ ရှည်ပွပွများနှင့် ရွှေရောင်၊ အနီရောင်၊ အညိုရောင် ဆံပင်တို့ နိုင်ငံခြားသူလေးတွေအလားပါ။

မျိုးမြတ်သင့်လို ရင်ဖုံးအင်္ကျီလက်ရှည်၊ အချိတ်လုံချ တစ်ပတ်လျှိုဆံထုံးနှင့် မျက်နှာတော်ဝင်းဝင်းလေးမှာ မြန်မာဆန် သနပ်ခါးရေကျဲလေး လူးထားတတ်သည့် မိန်းကလေးမျိုးက ရှား ပြီ။

"တစ်ခုခံရခက်စရာက အဲဒီတောပုံစံ မိန်းကလေးဟ ငါ့ကို မျက်လွှာတစ်ချက် ပင့်မကြည့်တာပဲ၊ မျိုးမြတ်သင့်နေရာ တခြားမိန်းကလေးတစ်ယောက်ဆိုရင် ငါလို အစစအရာရာ ပြည့် တဲ့ လူတစ်ယောက်နဲ့ ခင်မင်သိကျွမ်းဖို့ ကြိုးစားမှာပဲ"





မိတ်ဆက်ပေးနေစဉ်အတွင်း ဣန္ဒြေရှင်မလေး မျိုးမြတ်သင့်က ဒေါက်တာကိုကိုတင့်အား မျက်လွှာလေးတစ်ချက် ပင့်မကြည့်ခဲ့တာကို အားမရပေ။

အသားဖြူဖြူ၊ အရပ်ရှည်ရှည်နှင့် ချောမောသော ဒေါက်တာကိုကိုတင့်မှာ ပစ္စည်းဥစ္စာ ပြည့်စုံသူတစ်ယောက်အဖြစ် သူတို့အသိုင်းအဝိုင်း မိန်းကလေးတွေကြားမှာ ထင်ရှားလှ၏။

"ကိုကိုတင့်တို့များ ပင်စီတို့ကို နည်းနည်းလေးမှ သတိရဖော်မရှိဘူး၊ ဒီကတော့ သူ့ကို နေ့တိုင်းသတိရနေတာ"

"ကိုကိုရေ ဒီနေ့ မာလာမွှေးနေ့နော်၊ လာဖို့မမေ့နဲ့"

"ကိုတင့် မလာတာကြာလို့ မိုးကမျှော်နေတာ"

ရောင်စုံမလေးတွေ၏ကြားမှာ ကိုကိုတင့်တစ်ယောက် ဘိုကူးဒီယုက် ပျားပန်းခတ်သမျှ မျိုးမြတ်သင့်နှင့်တွေ့မှ တစ်ချက်လေး အသိအမှတ်မပြုဟန်က အသည်းယားစရာ။

"အင်းလေ မျိုးမြတ်သင့်လို ရှေးပုံစံနဲ့ မိန်းကလေးမျိုးကို ငါကလည်း စိတ်မဝင်စားပါဘူး၊ သူ့ပုံစံက ပျင်းစရာပဲ၊ ဝတ်စားထားတာလည်း တကယ်ဒိတ်အောက်တယ်၊ မျိုးမြတ်သင့်လို မိန်းကလေးမိတ်ဆွေမျိုး ငါ့မှာရှိတာသိရင် တခြားအပေါင်းအသင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ လှောင်စရာဖြစ်မယ်"

ကိုကိုတင့်အနားမှာရှိသော မိန်းကလေးများကို အ... သဘော တွဲတာသာရှိပြီး လက်ထပ်ဖို့ တစ်ခါမှ စိတ်မကူးခဲ့...

'ချစ်တယ်'ဟူသော စကားသည် ကိုကိုတင့်အတွက် ... ရေသောက်သလို အပြောလွယ်၏။ သည်လိုအပြောကို ယုံ၍လာ... ဒါမှမဟုတ် ကိုကိုတင့်၏ ဂုဏ်ဓနကို ပိုင်ဆိုင်ချင်လို့လားတော့... သူတွဲသောမိန်းကလေးများကတော့ အပြုံးမပျက်ပေ။

လက်ထပ်ဖို့စကား ပြောလာသော မိန်းကလေးများ၊ အ... အယောင်ပြလာသော မိန်းကလေးများအား ကိုကိုတင့်သ... အကြောင်းပြချက်မရှိ ပြတ်စဲလိုက်၏။

တစ်ယောက်သွားလျှင် နှစ်ယောက်လာလိမ့်မည်။ ကိုကိုတင့် လက်ကိုင်တစ်ခုဖြစ်၏။

"ကဲ တင့်နဲ့ရင့် ပိုဖက်ခြံက အိမ်တက်ဆွမ်းကျွေး... လိုက်မှာမဟုတ်လား"

မာမီမေးလာတော့ ကိုကိုတင့်နှင့်ရင့်တို့က တစ်ယော... မျက်နှာတစ်ယောက် ကြည့်၏။

"မာမီတို့က သွားမယ်ပေါ့"

"အေးလေ သွားရမှာပေါ့သားရဲ့၊ မောင်ဇဝင့်ထည်ကိုယ်... လာဖိတ်ထားတာပဲ၊ ပြီးတော့ အိမ်နီးချင်းတွေလေ"

"ဒါပေမယ့် သူတို့ပုံစံနဲ့ ကျွန်တော်တို့ပုံစံက တခြားစီ ...နေဘူးလား မာမီ"

"ဟုတ်တယ် မာမီ၊ ရင့်တို့နဲ့ သူတို့ စရိုက်ချင်းမတူတာ ...နဲ့ပဲ"

နားတွင် စိန်နားကပ်တစ်ဖျပ်ဖျပ်နှင့် ဆံထုံးကို ခေတ်မီစွာ ...က် အသက်ငါးဆယ်ကျော်ဆိုပေမယ့် မျက်နှာတွင် မိတ်ကပ်၊ ...မ်းနီဖြင့် သောင်းကျော်တန် ပါတိတ်ဝမ်းဆက်နှင့် ဒေါ်မှုယာ ...ရင့်တို့မောင်နှမပြောသမျှ နားထောင်ပြီး ပြုံး၏။

"ဇဝင့်ထည်တို့ပုံစံက မာမီတို့နဲ့ မတူတာအမှန်ပဲ၊ ...မယ့် အိမ်နီးချင်းတွေဆိုတော့ လူမှုရေးက ရှိသေးတယ်လေ၊ ...တ်ဘူးလား ဒက်ဒီကြီး"

တိုင်းနယူးဝိခ်စ်ဖတ်နေသော ခင်ပွန်းဖြစ်သူ ဦးကျော်နီဘက် ...ည့်၍ ဒေါ်မှုယာ မေးလိုက်၏။ သည်တော့မှ ဦးကျော်နီက ...တ်နေရာမှ မျက်နှာခွာကာ...

"မာမီပြောတာမှန်တယ် သားနဲ့သမီး၊ ဘယ်လောက်ပဲ




www.burmeseclassic.com

www.burmeseclassic.com



ပုံစံမတူပါစေ အိမ်နီးချင်းဝတ္ထုရားတော့ရှိရမယ်လေ၊ မောင်ဖဝင့်ထည် က သားနဲ့သမီးကိုပါ လာခဲ့ဖို့ ဖိတ်ခေါ်ခဲ့တာပဲ မဟုတ်လား"

အသားရောင်စပို့ရှပ်နှင့် သက္ကလပ်ဘောင်းဘီရှည် အညို ရောင်တွဲဝတ်လျက် ဆေးဆိုးထားသော ဆံပင်များက နက်မှောင် လျက် အရွယ်နှင့်မလိုက် နုပျိုပုံစံ ဖမ်းထားသည့် ဦးရော်နီက ကိုကိုတင့်နှင့် ရင့်ကို အေးဆေးစွာ ပြောလိုက်၏။

"ဘယ်လိုလဲ ရင့်၊ နင်လိုက်သွားမှာလား"

"ကိုကိုကော"

အရှေ့နှင့်အနောက် ဆန့်ကျင်ဘက်ဖြစ်သလို ဘယ်လိုပဲ စရိုက်ချင်း မတူစေဦးတော့ ကိုကိုတင့်စိတ်ထဲ မျိုးမြတ်သင့်ကို တစ်ခေါက်လောက် တွေ့ချင်လာသလိုလို။

"ငါ့ကို အရေးမစိုက်တဲ့ ဖဝင့်ထည်ရှေ့မှာ ဒီနေ့ အလှဆုံး ဝတ်ပြလိုက်ရင်"

ကော်ဖီသောက်နေရာမှ ရင့်ကလည်း လှုတည်လှုခန့်ကြီး ဖဝင့်ထည်ကို သူမအလှ ပြချင်လာ၏။

"ဖဝင့်ထည်ကိုယ်တိုင်က ဖိတ်ထားတော့ လိုက်သွားမှ ကောင်းမယ်ထင်တယ်ရင့်"





ကိုကိုတင့်က မျိုးမြတ်သင့်ကို တွေ့ချင်စိတ်အား ...န်ဆောင်လျက် လူကြီးဆန်ဟန်ဖြင့် ရင့်ကိုပြောတော့

"ဒါပေါ့ ကိုကို၊ ကာယကံရှင်ဖိတ်မှတော့ ရင့်တို့မသွား ...င် ရိုင်းရာကျမှာပေါ့"

ဖဝင့်ထည်ကို အလှပြချင်သော ရင့်ကလည်း အကွက် ...က်ခိုက် ဝင်လုံးလိုက်၏။

"ကဲ ဒါဆို လိုက်ကြမယ်ပေါ့၊ မာမီတို့ကတော့ အသင့် ...ပြီ၊ တင့်နဲ့ရင့် အဝတ်အစားသွားလဲတော့"

အိမ်နေရင်းမို့ ရင့်က ကိုင်းလက်တစ်လုံးနှင့် ဂါဝန်တိုတို ...ထားသလို ကိုကိုတင့်ကလည်း အနက်ရောင်စွပ်ကျယ် ...တ်ပြတ်ကို ကွာတားဘောင်းဘီ အဖြူရောင်ဖြင့် ဝတ်ထား၏။

"အိုကေ ဒါဆို မာမီတို့ ခဏစောင့်နော်"

"ကျွန်တော်ကတော့ ရင့်ထက် အမြန်ပြီးမယ် မာမီ"

ကိုကိုတင့်က နေရာမှထရင်းပြောတော့ ရင့် မျက်စောင်း ...သေ၏။ ထို့နောက် နှစ်ယောက်သား အပေါ်ထပ် ပြေးတက် ...သည်။

ကလေးဆန်သော မောင်နှမနှစ်ယောက်ကို ဒေါ်မူယာက



www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာ ပြုံးကြည့်ကျန်ခဲ့၏။

"ဒက်ဒီကြီးရေ ကျွန်မလည်း ဟိုဖက်ခြံကို သွားသာသွားရမှာ စိတ်ထဲသိပ်ပါလှတာ မဟုတ်ဘူး"

"ငါလည်း ဒီလိုပါပဲကွာ၊ ဒါပေမယ့် ကိုယ်တို့က လူကြီးတွေမဟုတ်လား မူယာ"

"အဲဒါကြောင့် သွားရတာပေါ့ရှင့်၊ ကဲ ရှင်လည်း အသင့်ဖြစ်ပြီလား ဒက်ဒီကြီး"

"ဟာ ငါက အစကတည်းက ရယ်ဒီပဲ၊ မင်းသားနဲ့ သမီးလာပါစေဦး"

တစ်ခဏအကြာဆိုသော ရင့်တို့မောင်နှမသည် နောက်ထပ် တစ်နာရီနှင့် ပေါ်မလာကြတော့ပေ။ ကိုယ့်သားသမီးအကြောင်း သိနေသော ဒေါ်မူယာကတော့ အေးဆေးစွာ စီးကရက်ဖွာနေလိုက်၏။

* * *

ရောင်စုံအဝတ်အစားများ ထည့်ထားသော မတ်တပ်ရပ် ဗီရိုကြီးရှေ့မှာ ရင့်တစ်ယောက် ဟိုဟာဝတ်ရကောင်းနိုး၊ ဒီဟာဝတ်ရကောင်းနိုးဖြင့် ရွေးလို့မဆုံးပြီ။

"ငါ့ကို နည်းနည်းလေးမှ အရေးမစိုက်တဲ့ ဖဝင့်ထည် တစ်ခါတည်း ငေးသွားစေရမယ်"

ထိုအတွေးဖြင့် ရင့်က တစ်စုံပြီးတစ်စုံ ရွေးထားသမျှ ရှေ့မှာ တောင်လိုပုံနေပြီ။ ရင့် ရှုပ်ဖွထားသမျှ မိအေး ရှင်းဖို့သာ ပြင်ပေတော့။

"ငါက အသားဖြူတော့ ဒီအနီရောင်ဂါဝန်လေးနဲ့ဆို"

မကြာခင်ကမှ စင်တာကြီးတစ်ခုက ဝယ်ထားသော ဘန်ဖိုးကြီးပေးရသည့် စင်ကာပူမိတ် လက်တစ်လုံးကိုင်းပြတ် ဂါဝန် ရည်လေးကို ယူ၍ ရင့်ကိုယ်ပေါ် တပ်ကြည့်၏။



မိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီဂါဝန်လေးနဲ့ ရင့် ဘယ်လိုလိုက်မှန်း မသိဘူး"

"ဒီအင်္ကျီလေးဝတ်ထားတော့ ရင့်က အများကြားထဲမှာ လန်းလန်းဆန်းဆန်း လှနေတဲ့ အနီရောင် နှင်းဆီပွင့်လေးတစ်ခုလိုပဲ"

မကြာခင်က ပါတီပွဲတစ်ခုမှာ ဒီဂါဝန်လေး ဝတ်သွားစဉ် ရင့် မိတ်ဆွေတွေ ချီးကျူးသံကို ပြန်ကြားယောင်မိ၏။

"ဟုတ်တယ်၊ ငါ ဒီအင်္ကျီလေးပဲ ဝတ်သွားလိုက်မယ်"

အားလုံးက လိုက်ဖက်သည်ဟု ပြောထားသော အင်္ကျီလေးမို့ ရင့်ကိုယ်တိုင်လည်း ကြိုက်ကာ ထိုသို့ဝတ်ဖို့ ဆုံးဖြတ်လိုက်ခြင်းပါ။

အမှန်လည်း ရင့်၏အသားအရေက ဖြူနုကာ သွယ်လျ မြင့်မားသော ခန္ဓာကိုယ်မှာလည်း အချိုးအစားပြေပြစ်တာမို့ ဒီလို အင်္ကျီမျိုး ဝတ်လိုက်လျှင် မြင်သူတကာ ငေးသွားရ၏။

အဖျားတွင် ရေလှိုင်းတွန့်လေးများနှင့် ပိုက်ဆံသိန်းချီအကုန်ခံ၍ ဒစ်ဂျစ်တယ်ဖြင့် ကောက်ထားသော ရွှေညိုရောင် ဆံပင်တို့က ပခုံးပေါ်တွင် ကပိုကရို ဝဲပျံ့လျက် ရှေ့မှဆံပင်တို့ကို ဘယ်ဖက်ခြမ်းတွင် ခပ်များများယူ၍ နဖူးပေါ် ခပ်အုပ်အုပ်လေး ပုံဖော်ထားသည်။





ရင့်၏ ဖြူနုကျော့ရှင်းသော လည်တိုင်တွင် အနက်ရောင် ဖန်စီလည်ကပ် ဆွဲကြိုးလေးဆွဲ၍ နားမှာတော့ စိန်နားကွင်းခပ်ကြီးကြီး ဝတ်လိုက်၏။ ထို့နောက် စင်ကာပူမိတ် အနက်ရောင်လက်ကိုင်အိတ်၊ လေဒီရှူးအနက်လေးစီးလျက် အောက်ထပ်ဆင်းလာခဲ့သည်။

"ဟာ ငါ့ညီမက တယ်မိုက်ပါလားဟ"

"အမယ် ကိုကိုလည်း အတူတူပါပဲ"

ရင့်ပြောတော့ ကိုကိုတင့်ဘာသာ ပြုံးကြည့်၏။ မီးခိုးရောင် အနောက်တိုင်းဝတ်စုံဖြင့် တကယ့်ကို ချောမောနေတယ် မဟုတ်ပါလား။

မျိုးမြတ်သင့်က ကိုကိုတင့်၏ ချောမောမှုကို တွေ့လျှင် အရင်လို မျက်လွှာပင့်မကြည့်ဘဲ နေပါ့မလား။ အဟင်း ကိုကိုတင့်က ဘာသာ တစ်ယောက်တည်း ကြိတ်ပြုံးလေ၏။

"မာမီသားနဲ့ သမီးကတော့ ဘယ်အချိန်ကြည့်ကြည့် အမြဲ လှနေတာပါပဲကွယ်၊ ကဲ ကဲ သွားမယ်"

အားလုံးအသင့်ဖြစ်တာနှင့် ရင့်တို့မိသားစု ထွက်ခဲ့သည်။ ခြံနီးချင်းပေမယ့် ရင့်တို့၏ လင်ခရူဆာကားဖြင့် လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူက ကိုကိုတင့်။

အဝါရောင် အုတ်တံတိုင်းများ ကာရံထားသော ခြံကြီးထဲသို့ ဝင်လိုက်တာနှင့် သစ်ပင်ကြီးများ အုံ့ဆိုင်းမှုကြောင့် အေးမြမှု စိမ့်ခနဲ ရလေ၏။

"အမယ်လေး ကျေးငှက်သံတွေနဲ့ တောအုပ်ထဲ ရောက်နေသလိုပါပဲလား"

ကားပေါ်မှဆင်းရင်း ရင့်ပြောတော့ ဒေါ်မူယာတို့ကလည်း

"အေးလေ မာမီတို့လည်း ဒီကို ပထမဆုံး ရောက်ဖူးတာပဲ၊ တောထဲတောင်ထဲ ရောက်သွားသလိုပဲနော် ဒက်ဒီကြီး"

"အေးကွာ၊ အတော်သာယာတာပါလား"

ဦးကျော်နီကိုယ်တိုင်လည်း ခြံထဲ ဝေ့ဝဲကြည့်ရင်း သဘောကျဟန်ပြောတော့ ကိုကိုတင့်က ပခုံးတွန့်၏။

"ဟာ ဒက်ဒီတို့ကလည်း ရန်ကုန်မြို့လို နေရာကြီးမှာ ဒီလိုတောပုံစံရှိနေတာ ကျွန်တော်ဖြင့် ဒိတ်အောက်တဲ့ပုံစံမျိုး မကြိုက်ပါဘူးဗျာ"

"ဒါပေမယ့် ဒီအိမ်ရှင်ပုံစံတွေနဲ့တော့ လိုက်ပါတယ် ကိုကိုရဲ့"





"အေး...ဒါတော့ ဟုတ်တယ်ရင့်"

"ကဲ ကဲ ဝေဖန်မှုတွေ ခဏရပ်၊ အိမ်ထဲဝင်ကြစို့"

ဆင်ဝင်အောက် ကားရပ်ပြီးတဲ့အထိ လူတစ်ဦးတစ်ယောက်၏ အရိပ်အယောင်မျှ မတွေ့တာကြောင့် ရင်တို့ အံ့သြသွား၏။

"မာမီ ဒီနေ့ သူတို့အိမ်တက်ပွဲဆိုတာ ဟုတ်ပါတယ်နော်"

ရင့်က ဒေါ်မူယာနားကပ်၍ တိုးတိုးကပ်မေးသည်။ ဒေါ်မူယာကလည်း ဟိုဟိုဒီဒီကြည့်ကာ...

"အေးဟဲ့ သမီး လူတွေလည်းမမြင်ပါလား"

ထိုစဉ်

"ဧည့်သည်တွေ ရောက်နေတာကိုး၊ ကြွကြပါရှင်၊ ကြွကြပါ"

မီးဖိုခန်းထဲမှ ဘာ့ကက်ငါးဆယ်အရွယ် မီးခိုးနုရောင် ရင်ဖုံးအင်္ကျီလက်ပွနှင့် ချိတ်လုံချည်အဆင် မီးခိုးရောင်ဖြင့် ဘီးဆံပတ်ဆံထုံးဖြင့် အမျိုးသမီးကြီးတစ်ဦး ထွက်လာ၏။

"မောင်ဖံဝင့်ထည်တို့ကော"



www.burmeseclassic.com

www.burmeseclassic.com



"သခင်လေးနဲ့ သခင်မလေးတို့ အပေါ်ထပ်မှာ တရားနာနေကြပါတယ်၊ ဒီကဒေသ့သည်တော်များလည်း အပေါ်ထပ်ကို တက်ပြီး တရားနာနိုင်ကြပါတယ်ရှင်"

သည်တော့မှ ထိုအမျိုးသမီးကြီးဟာ အိမ်ဖော်တစ်ယောက် ပါလားဟု သူတို့သိလိုက်ရ၏။

အမယ်လေး အိမ်ဖော်ကအစ တကယ့်တောသူမကြီးပါ လား။

ဟု ရင့်စိတ်ထဲ ကြိတ်၍ ကဲ့ရဲ့မိလေသည်။ တရားနာရ မည်ဆိုတာကြောင့် ရင့်တို့မိသားစု တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေသည်။

သည်တော့မှ သတိထားမိကာ အပေါ်ထပ်က တရားနာ သံတွေ ကြားရလေ၏။

"ကဲ ရောက်မှတော့ တရားတက်နာကြတာပေါ့"

"အေးလေ တရားမနာရတာလည်း ကြာပြီပဲ"

ဒေါ်မှုယာပြောတာကို ဦးကျော်နီက ထောက်ခံလိုက်သည်။ ကိုကိုတင့်နှင့် ရင့်တို့မှာတော့ တစ်ယောက်မျက်နှာ တစ်ယောက် စိတ်ပျက်ဟန်ဖြင့် ကြည့်မိကြသည်။





သို့သော် ရောက်ပြီးကာမှ မတတ်နိုင်သည့် သဘောဖြင့် ပခုံးကိုယ်စီတွန့်၍ အပေါ်ထပ် တက်ခဲ့ကြ၏။

"အို လူတွေ"

အပေါ်ထပ်ရောက်တော့ ကျယ်ဝန်းသော ခန်းမထဲမှာ ဘုန်းကြီးငါးပါးပင့်လျက် တရားနာပရိသတ်များ တွေ့ရလေ၏။

အံ့ဩစရာကောင်းတာကတော့ တရားနာပရိသတ်အားလုံး ဖဲဝင့်ထည်နှင့် မျိုးမြတ်သင့်တို့လို ယောကျ်ားဆိုလျှင် အဖြူရေ င် လည်ကတုံး ရှပ်အင်္ကျီလက်ရှည်ပေါ်မှ အဖြူ၊ ပြာနု၊ အဝါနု သက္ကလပ်ပါး တိုက်ပုံအင်္ကျီများ ထပ်ဝတ်လျက် ပိုးပုဆိုးတို့ တွဲဝတ် ထားကြသလို အမျိုးသမီးများကလည်း ပိုးသားပျော့ ဒါမှမဟုတ် လျှင် အနည်းငယ်ထူသော ဇာပိတ်စတို့ကို ရင်ဖုံးအင်္ကျီ လက်ရှည်၊ လက်စက ပုံစံကိုယ်စီဖြင့် ချိတ်လုံချည်အဆင် အမျိုးမျိုး ကွဲပြား ဝတ်လာကြတာ တွေ့ရ၏။

"ကိုကို"

"ရှင့်"

ကိုကိုတင့်နှင့် ရင့်တို့ မောင်နှမမှာ တရားနာဒေသ့ပရိသတ် များ ကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေအားလုံး ဘာကြောင့် သူတို့လိုပုံစံမျိုး ဖြစ်နေကြတာလဲ ကိုကို"

"အေးကွာ ကိုကိုလည်းမသိဘူး၊ သေချာတာကတော့ ကိုကိုတို့လို ပုံစံမျိုးကတော့ ကိုကိုတို့ပဲရှိတယ် ရင့်"

"ဟုတ်တယ်နော် ကိုကို"

အနောက်တိုင်းဝတ်စုံနှင့် ကိုကိုတင့်၊ ဂါဝန်ရှည် ဝတ်လာသော ရင့်တို့မှာ ခင်းထားသော ကော်ဇောပေါ်တွင် ထိုင်ဖို့ရာ အဆင်မပြေ ဖြစ်ရလေ၏။

"မာမီ ရင့်တော့ အောက်ပြန်ဆင်းမှထင်တယ်"

"ဟုတ်တယ် မာမီ၊ ကျွန်တော်လည်း ဆင်းမှပဲ"

အဝတ်အစား မှားလာသော ကိုကိုတင့်နှင့် ရင့်တို့မှာ မျက်နှာတွေ ကိုယ်စီ ရှုံ့မဲ့လျက် ဒေါ်မူယာကို တိုင်ပင်သလို ပြောစဉ်

"ဟင် ဇဝင့်ထည်"

"ဟာ သင့်"

သူတို့၏ တီးတိုးအသံတွေကြောင့် ရှေ့မှာ တရားနာနေသော ဇဝင့်ထည်နှင့် မျိုးမြတ်သင့်တို့ ဖျတ်ခနဲ လှည့်ကြည့်ကာ နှုတ်တွေပိတ်သွားရ၏။





ဇဝင့်ထည်နှင့် မျိုးမြတ်သင့်တို့က သူတို့ကို တစ်ချက်ပြုံးပြပြီး ရှေ့သို့ လှည့်သွားကြသည်။

"ငါတို့ကို သူတို့တွေ့သွားပြီ၊ အောက်ဆင်းလို့ မကောင်းတော့ဘူး ရင့်"

"ဟုတ်တယ် ကိုကို"

ကိုကိုတင့်နှင့် ရင့်တို့ မောင်နှမမှာ ဇဝင့်ထည်နှင့် မျိုးမြတ်သင့်တို့ မောင်နှမ၏ မျက်လုံးများက လှမ်းယူညို့ငင်လိုက်သလို နေရာမှ မရွှေ့တော့ပေ။

ဒေါ်မူယာကလည်း သူတို့ကို နှစ်သိမ့်လိုက်၏။

"ရောက်လာမှတော့ အောင့်အီးပြီး တရားနာလိုက်ပါကွယ်"

"ဟုတ်တယ် သားနဲ့သမီး တရားဆိုတာ နာရခဲတယ်ကွ"

များသောအားဖြင့် မွေးနေ့ပွဲများ၊ ပါတီပွဲများကို ဆိုရှယ်ကျကျ အနောက်တိုင်းဆန်ဆန် လုပ်ခဲ့ကြသော ဦးကျော်နီတို့လို မိသားစုအဖို့ ယခုလို ဘုန်းကြီးပင့်၍ တရားနာဖို့ဆိုတာ အတော်ခဲယဉ်းသည့်ကိစ္စ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ရောက်တာမကြာသေးပေမယ့် ဘုန်းကြီးဟောသော တရားကို ရှည်လိုက်တာဟု ကိုကိုတင့်နှင့် ရင့်တို့က စိတ်ထဲထင်ခဲ့ကြတဲ့အပြင်

အားလုံး ရေစက်ချချိန်မှာ သူများနည်းတူ သာဓုလိုက်ခေါ်ရပေမယ့် ဘုန်းကြီးတရား ဘယ်လိုဆုံးသွားခဲ့မှန်း မသိလိုက်ပေ။

⁕ ⁕ ⁕



"ဦးဦးနဲ့ ဒေါ်ဒေါ်တို့ ခုလိုမိသားစုလိုက် လာရောက်အားပေးကြွရောက်ချီးမြှင့်တာကို ကျွန်တော့်အနေနဲ့ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ"

တရားနာပြီးချိန်မှာ ခဲဝင့်ထည်က ရင့်တို့မိသားစုကို လာရောက်ညှော့်ခံလေ၏။ သည်နေ့မှ ပိုချော့မောခန့်ညားနေသော ခဲဝင့်ထည်ကို ရင့်မှာ မကြာခဏ ကြည့်မိရပေမယ့် သူကတော့ ဘာဆက်ကာစ တစ်ချက်သာ ဝေ့ဝဲကြည့်ပြီး မာမီတို့ကိုသာ ညှော့်ခံစကား ပြောနေတာမို့ ခံရခက်သလိုပါပဲ။

"ကျေးဇူးတင်စရာ မလိုပါဘူးကွယ်၊ အန်တီတို့နဲ့ မောင်ခဲဝင့်ထည်တို့က အိမ်နီးချင်းတွေပဲ၊ မအားရင်တောင် အချိန်ယူပြီး လာရမယ့်လူတွေပါ၊ မဟုတ်ဘူးလား ဒက်ဒီကြီး"

တစ်ချိန်လုံး ငြိမ်တိတ်နေသော ဦးကျော်နီဘက်သို့ ဒေါ်မှုယာ



www.burmeseclassic.com

www.burmeseclassic.com



လှည့်၍ပြောလိုက်၏။ သည်တော့မှ ဦးကျော်နီက ခေါင်းညိတ်ကာ

"ဟုတ်ပါတယ် မောင်ဖဝင့်ထည်၊ အန်ကယ်တို့က သား

သမီးကိုတောင် စုံစုံညီညီလိုက်ခဲ့ဖို့ ခေါ်လာရတယ်"

ဦးကျော်နီအပြောကြောင့် ကိုကိုတင့်နှင့် ရင့်တို့မောင်နှမ

ဖဝင့်ထည် ပြုံးကြည့်၏။

"ဒေါက်တာနဲ့ ရင့်တို့ကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ"

"ဟာ မဟုတ်တာဗျာ၊ ကိုဖဝင့်ထည်ကိုယ်တိုင် ဖိတ်ထား

မှတော့ ကျွန်တော်တို့ လာရမှာပေါ့၊ မဟုတ်ဘူးလား ရင့်"

ကိုကိုတင့်အမေးကို ရင့်က ခေါင်းခပ်သွက်သွက်ညိတ်

ကာ...

"ဟုတ်ပါတယ် ကိုဖဝင့်ထည်၊ တရားနာချိန်အမီ လာ

တာတောင် ရင့်တို့မှာ ကိစ္စရှိလို့ နည်းနည်းနောက်ကျသွားရတယ်"

လှပသောမျက်နှာလေးကို ခပ်မော့မော့လေးပြုလျက် အပြ

ဖြင့် ရင့် ပြောလိုက်၏။

"ခုလည်း တရားနာမီလိုက်တာပါပဲ ရင့်ရယ်၊ သင့်

တော့ ရင့်တို့လာတာပဲ ကျေးဇူးတင်နေရပါတယ်"

မျက်လွှာလေးချ၍ ထိုင်နေသော မိုးမြတ်သင့်က ရင့်





ပ်တိုးတိုးလေး ပြောလိုက်ပြန်ကြောင့် ကိုကိုတင့်နှလုံးသားထဲ

ုပ်ခတ်သွားသလိုပါပဲ။

သင့်တစ်ယောက် ဘယ်လောက်များ နေစိမ့်လဲဆိုတာ

ခုချိန်ထိ ကိုကိုတင့်ကို တစ်ချက်ကြည့်ဖော်မရတဲ့အဖြစ်။

"ကျေးဇူးတင်စကား မပြောပါနဲ့ သင့်ရယ်၊ သူများတွေ

ည်း ရင့်တို့လို လာကြတာပဲ မဟုတ်လား"

တရားနာပြီးနောက် ကိုယ့်စားပွဲနှင့်ကိုယ် ဝိုင်းဖွဲ့စားသောက်

ကြသော လူတွေဆီကြည့်ကာ ရင့်ပြောတော့ သင့်က ခေါင်းလေး

ယမ်း၏။

"သူတို့က သူစိမ်းတွေမဟုတ်ပါဘူး၊ ဒီရန်ကုန်မှာရှိတဲ့

သင့်တို့ရဲ့ ဆွေတော်မျိုးတော် နည်းနည်းပါးပါးပါ ရင့်"

"ဆွေတော်မျိုးတော် နည်းနည်းပါးပါး ဟုတ်လား ရင့်"

သည်လောက်များပြားသော လူတွေကို နည်းနည်းပါးပါး

သုံးလိုက်တာကြောင့် ရင့်က အံ့သြသလိုမေးတော့...

"ဟုတ်ပါတယ် ရင့်၊ သင့်တို့က ခုမှပြောင်းလာကြတော့

ရန်ကုန်မှာလည်း တခြားရင်းနှီးတဲ့လူ သိပ်မရှိပါဘူး"

တိုးတိတ်ညင်သာသော လေသံလေးဖြင့် သင့်က ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



သမျှ ကိုကိုတင့်မှာ တစိမ့်စိမ့်စိုက်ကြည့်ရင်း

"ကျွန်တော်တို့က သင့်တို့အတွက် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပေါ့ဗျာ"

ဟု ဝင်ရောက်ပြောလိုက်လေ၏။ သို့သော် သင့်က ကိုကိုတင့်စကားကို မကြားလေဟန်ဖြင့် နေခိုက်

"သင့်ရေ ဒီကဦးဦးနဲ့ ဒေါ်ဒေါ်တို့မိသားစုအတွက် စားပွဲ အသင့်ဖြစ်အောင် စီစဉ်ပါဦး"

"ဟုတ်ကဲ့ ကိုကြီး၊ သင့်ကို ခွင့်ပြုဦးနော်"

ယဉ်ကျေးစွာ ခွင့်တောင်းလျက် နေရာမှ ထထွက်သွားလေ၏။ ကိုကိုတင့်မှာ သူကာ ဝင်ရောက်ရောနှောသည့်တိုင် ခပ်တည်တည် အမူအရာလေးဖြင့် မသိသလိုပြုလုပ်သွားသော သင့်အား ဖဝင့်ထည်အလစ်မှာ အံလေးကြိတ်ကာ လိုက်ကြည့်မိလေ၏။ မကြာခင် သူတို့ကို ပူနွေးမွှေးပျံ့သော အုန်းနို့ခေါက်ဆွဲဝိုင်းသို့ ခေါ်ဆောင်လာသည်။

"သွေးတိုးတတ်တဲ့ လူကြီးတွေအတွက် အုန်းနို့ကို သပ်သပ်ဖယ်ထားတဲ့ ဟင်းရည်လည်း ချက်ထားပါတယ်၊ ဒီခေါက်ဆွဲလက်ရာကတော့ သင့်ကိုယ်တိုင် စီစဉ်ပြီး ချက်ထား





ာပါ၊ သုံးဆောင်ကြပါခင်ဗျာ"

ဖဝင့်ထည်က ညီမဖြစ်သူ၏ လက်ရာကို ဖော်ထုတ်ရင်း ည့်ခံလေတော့ ကိုကိုတင့်က အနားမှာ မျက်လွှာလေးချ၍ ထိုင်နေသော သင့်ကို ဖျတ်ခနဲ ကြည့်၏။

"သင့်လက်ရာဆိုတော့ ကောင်းမှာပဲ"

"အနံ့လေးက မွှေးနေတော့ စားလို့ကောင်းမှာပဲ ကိုကို"

ကိုကိုတင့်နှင့် ရင့်တို့ မောင်နှမပြောရင်း အုန်းနို့ခေါက်ဆွဲ ကြလေ၏။ ဦးကျော်နီနှင့် ဒေါ်မူယာတို့ကတော့ အုန်းနို့ဖယ်ထား ာ ဟင်းရည်ဖြင့် စားကြသည်။

"လက်ရာက တကယ်ကောင်းတာပဲကွယ့်၊ ဟုတ်တယ် င် ဒက်ဒီကြီး"

"အေးကွ…မောင်ဖံ ညီမက ဟင်းချက်ကောင်းသားပဲ"

ဦးကျော်နီနှင့် ဒေါ်မူယာ ချီးကျူးတော့ သင့်က တည်ငြိမ် ာမျက်နှာလေးဖြင့်…

"ကျေးဇူးတင်ပါတယ်ရှင့်၊ များများသုံးဆောင်ကြပါ"

"ဦးဦးနဲ့ ဒေါ်ဒေါ်တို့မိသားစု အေးအေးဆေးဆေး ောင်ကြပါခင်ဗျ၊ တခြားဝိုင်းတွေကို ကျွန်တော်တို့ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဦးမယ်"

"အန်တီတို့ကို အားမနာပါနဲ့ကွယ်၊ ရပါတယ်"

ဖဝင့်ထည်တို့ မောင်နှမက သူတို့ကိုနှုတ်ဆက်ပြီး ထွက်သွားကြသည်။ တခြားဝိုင်းမှ လူတွေက ရင့်တို့ကို ထူးဆန်းသလို လှမ်းကြည့်၏။

သူတို့ရဲ့ တည်ငြိမ်သော မျက်လုံးများကပင် ရင့်တို့၏ ဝတ်စားဆင်ယင်မှုကို လှောင်ပြောင်နေသယောင်။

"အုန်းနို့ခေါက်ဆွဲက စားလို့ကောင်းပေမယ့် ဒီကလူတွေ မျက်လုံးကြောင့် နေရကြပ်လိုက်တာဟာ"

ကိုကိုတင့်က နဖူးမှချွေးများ စို့ရင်းညည်းလာသည်။ သူတကာတွေ မြန်မာလို ဝတ်စားချိန်မှာ ရင့်တို့မောင်နှမက အနောက်တိုင်းဆန်စွာ ဝတ်လာတဲ့ အဖြစ်ကြောင့် တကယ်တော့ ကိုယ့်ဘာသာ စိတ်မလုံဖြစ်ရခြင်းပါ။

"ဟုတ်တယ် ကိုကို၊ ရင့်ကိုကြည့်တဲ့ မျက်လုံးတွေက လည်း လှောင်နေသလိုပဲ"

"အဲဒါ နင့်အပြစ်၊ ဒီလိုနေရာမျိုးမှာ မြန်မာဆန်ဆန် ဝတ်လာပါတော့လား"





ကျဉ်းကြပ်နေသောစိတ်ကို ထွက်ပေါက်အဖြစ် ကိုကိုတင့်က ရင့်ကို အပြစ်တင်လိုက်၏။ ရင့်ကလည်း နည်းနည်းလေးမှ မခံပေ။

"အမယ် ကိုကိုကကော ပုဆိုးနဲ့တိုက်ပုံအင်္ကျီ ဘာလို့ မဝတ်တာလဲ"

"ကဲ ကဲ တော်ကြတော့၊ မင်းတို့က ဆူညံဆူညံလုပ်ရင် သူများတွေပိုကြည့်လိမ့်မယ် တင့်နဲ့ရင့်"

ဒေါ်မှုယာက တားလိုက်သည့်တိုင် ကိုယ်တိုင်မှာ ပါတိတ် သက်ပြတ်ဝမ်းဆက်၊ ဆံပင်အတွန့်ကို အမောက်ထောင်လျက် မျက်နှာမှာ မိတ်ကပ်နှုတ်ခမ်းနီဖြင့် ဆင်ယင်လာသမျှ တခြား ကိုယ်နှင့် သက်ရွယ်တူ အမျိုးသမီးကြီးတွေက ရွှေဘီးစိုက်ဆံထုံး၊ ရိုးရှင်းသော ဆံထုံးအမျိုးမျိုးတို့ဖြင့် ရင်ဖုံးအင်္ကျီ၊ ချိတ်ထဘီများဖြင့် ဘည်ငြိမ်ခန့်ထည်စွာ ရှိနေတာမို့ စိတ်မလုံနိုင်ပေ။

"ငါတို့ကလည်း ပါတီပွဲတွေ တက်နေကြဆိုတော့ ဒီလို ဧတိုင်လ် ဝတ်စားမိတယ်ဆိုတာ မလွန်ပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် အုန်းနို့ခေါက်ဆွဲကတော့ စားကောင်းတယ်ဟေ့"

ထိုစဉ် ဖဝင့်ထည်နှင့် မျိုးမြတ်သင့်ကို ကြည့်လိုက်တော့

www.burmeseclassic.com



ဖဲဝင့်ထည်သည် လှပယဉ်ကျေးသော အမျိုးသမီးတစ်ဦးနှင့် ပြုံးတုံ့လှည့်ကာ စကားတွေပြောနေသလို မျိုးမြတ်သင့်မှာလည်း ခန့်ညားတည်ကြည်သော အမျိုးသားတစ်ဦးနားမှာ ထိုင်နေသည်။

ကိုကိုတင့်နှင့် ရင့်တို့မှာ ထိုမြင်ကွင်းများကို ကြည့်လျက် အလိုလို ရင်ပူလောင်လာသည်။

ကြည့်စမ်း သူတို့ကြတော့ ဖဲဝင့်ထည်နှင့် မျိုးမြတ်သင့်တို့က ရှိတယ်ဟုမထင်မှတ်တဲ့အဖြစ်။

သူတို့တက်နေကျ တခြားပါတီပွဲများသာ ဆိုလျှင်တော့

"ကိုကိုတင့်တို့က ဒီလိုစတိုင်လ်နဲ့ သိပ်မိတာပဲ"

"ရင့်လောက် ဒီပွဲမှာလှတာမရှိဘူး"

စသည်ဖြင့် အမျိုးမျိုး ချီးမြှောက်စကားတွေ ကြားရမှာဖြစ်သလို အရေးပေးဂရုစိုက်ချင်သူတွေကလည်း အများသားမဟုတ်လား။

သူတို့ပြန်ဖို့ပြင်မှ ဖဲဝင့်ထည်နှင့်သင့်တို့ ရောက်လာကာ

"သုံးဆောင်ရတာ အဆင်ပြေပါသလား ခင်ဗျာ"

ဟု မေးလာ၏။

"အဆင်ပြေပါတယ်ကွယ်၊ မောင်ဖဲဝင့်ထည်တို့မောင်နှမ





လည်း ဧည့်ခံရတာ အတော်ပင်ပန်းရောပေါ့"

"အားလုံးက ရင်းနှီးတဲ့လူတွေဆိုတော့ ဝတ္တရားကျေပြွန်ရတာပါပဲ ဒေါ်ဒေါ်"

ဖဲဝင့်ထည်ဘေးမှ မျိုးမြတ်သင့်ကတော့ ငြိမ်နေ၏။ ကိုကိုတင့်က

"ကျွန်တော်စားသမျှ အုန်းနို့ခေါက်ဆွဲတွေထဲမှာတော့ သင့်လက်ရာက အကောင်းဆုံးပါပဲဗျာ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဟု တုံ့ပြန်သံလေးက ကိုကိုတင့်နားထဲ သာယာချိုမြ၍ မဆုံးလေပြီ။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

"သူတို့ကို ဘယ်လိုမြင်လဲ ကိုကို"

"သူတို့ကိုဆိုတာ ဖဝင့်ထည်နဲ့ သင့်ကို ပြောတာလား ရှင့်"

"ဟုတ်တယ် ကိုကို"

အပြန်မှာတော့ ရင့်စိတ်ထဲ မကျေလည်သမျှ အိမ်ရောက်တာနှင့် ကိုကိုတင့်အား ဆွေးနွေးလေ၏။

သူဖိတ်၍ တကူးတက သွားခဲ့ရသည့်တိုင် တစ်ချက်လေးမျှ ဂရုမစိုက်ဟန်က ရင့်မာနကို ထိခိုက်စေသလိုပါပဲ။

အားလုံးက လှပါတယ်ဟု ချီးကျူးရသော ရင့်ကို ဖဝင့်ထည် မျက်စိထဲမှာတော့ မရှိသလို။

"ငါ့မျက်စိထဲမှာတော့ ဖဝင့်ထည်ဟာ သူတို့ကိုယ်သူတို့ မင်းမျိုးမင်းနွယ်ဆိုပြီး တမင်သီးသန့်ဆန်ချင်နေတာမျိုးပဲ ရှင့်"





"အို…ဖဝင့်ထည် တစ်ယောက်တည်းလား ကိုကိုရဲ့၊ သင့်ကကော"

မိုးမြတ်သင့်အကြောင်း ထည့်ပြောလိုက်တော့ ကိုကိုတင့်မျက်နှာ တစ်ချက်ပျက်သွားပြီး…

"သင့်ကတော့ ဖဝင့်ထည်ကို ကြောက်ရပုံမို့ အလိုက်အထိုက်နေတာဖြစ်မှာပါ ရှင့်"

တကယ်တမ်းမှာ 'ဣန္ဒြေရှင်မလေး သင့်ကိုယ်တိုင်က ပါတီပွဲတိုင်း ရေယန်းစားလှသော ကိုကိုတင့်အား ဖုတ်လေသည့်ငါးပိ ရှိတယ်ဟု မထင်ခဲ့ပါ။ သင့်၏ လစ်လျူရှုမှုကြောင့် ကိုကိုတင့်တစ်ယောက် အားမလိုအားမရ ဖြစ်ခဲ့ရသည်မဟုတ်လား။

"ဟင်း ရင့်ကတော့ အဲဒီလိုမထင်ပေါင်၊ ဖဝင့်ထည်ကော ရင့်ပါ ဘဝင်မြင့်ပြီး ရင့်တို့ကို တမင်အရေးမစိုက်ပြတာပဲ၊ ရင့်ဖြင့် မာမီခေါ်လို့သာ လိုက်သွားရတယ် ချက်ချင်းပြန်ဖို့ စဉ်းစားမိတာပဲ ကိုကို"

အမှန်တော့ ဖဝင့်ထည်က ဂရုမစိုက်၍ ရင့်စိတ်ထဲ ခံရခက်ကာ ပြန်ချင်စိတ် ပေါ်ခဲ့ခြင်းပါ။ အထူးသဖြင့် ဖဝင့်ထည်နှင့် အမျိုးသမီးတစ်ယောက် ပြုံးတုံ့လှယ်ဖြင့် စကားပြောနေပုံမှာ ရင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲ ဆူးဝင်သလိုပါပဲ။

"ကိုကိုတို့က ပွဲမှားပြီးသွားမိတာပဲ ရှင့်၊ သူတို့လိုပုံစံမျိုး ကိုကိုလည်း သဘောမကျပါဘူး၊ သေချာတာကတော့ ကိုကိုတို့နဲ့ သူတို့ဟာ အရှေ့နဲ့အနောက်လို ဆန့်ကျင်နေတာပဲ ရှင့်"

နဂိုက ပစ္စည်းဥစ္စာပြည့်စုံ၍ ဂုဏ်ရှိန်ပါဝါရှိသော ကိုကိုတင့်လိုလူမျိုးအဖို့ ဇဝင့်ထည်တို့ ဆက်ဆံပုံ ရိုင်းပြတယ်ဟု ထင်လေ၏။

ရင့်ကကော ဘာထူးလဲ။ သူဌေးသမီး၊ ဘွဲ့ရပညာတတ်၊ ရုပ်ရည်အလှက ပြောစရာမရှိဘဲ လူတိုင်းက မြှောက်စားတဲ့အပေါ်မှာ မောက်ကြွားကာ သွေးနားထင်ရောက်ခဲ့သမျှ ဒီတစ်ချီ ခံလိုက်ရတာပဲဟု လိပ်ခဲတည်းကာ ပြန်တွေးတိုင်း ရင်ထဲမအေး ဖြစ်ရသည်။

"ဟုတ်တယ် ကိုကို၊ တော်ပြီ နောက်တစ်ခါ အဲဒီမြိုနဲ့ ဝေးဝေးကရှောင်မယ်"

"တကယ်လား ရှင့်"

ကိုကိုတင့်က မယုံသလိုမေးတော့ ရင့် မျက်စောင်းထိုးကာ...





"ကိုကိုသာ စရိုက်ချင်းမတူသူတွေနဲ့ မရောမိပါစေနဲ့နော်"

ဟု အားကျမခံ ပြန်ပြောလိုက်လေ၏။ ကိုကိုတင့်က ပခုံးတွန့်ကာ...

"စိတ်ချ၊ စိတ်ချ၊ ကိုကို ဘယ်လိုပုံစံမျိုးတွေ ကြိုက်တယ်ဆိုတာ ရင့်အသိပဲ မဟုတ်လား၊ ခုတောင် မော်လီနဲ့ ချိန်းထားတာ နောက်ကျနေပြီ၊ သွားမှ"

ရင့်ခေါင်းလေးကို တစ်ချက်ပုတ်ကာ ကိုကိုတင့်ကားဖြင့် ထွက်ခဲ့လေ၏။

ကိုကိုတင့်လို လူမျိုးက မျိုးမြတ်သင့်လိုပုံစံမျိုးကို ကြာရှည်စိတ်မဝင်စားနိုင်ပါဘူးဟု တွေးလျက် ရင့်တစ်ယောက်တည်း ပြုံးလိုက်လေသည်။

"ဒက်ဒီကြီးရေ မူယာတော့ ခြိနီးချင်းတွေဟာ ကိုယ်နဲ့ပေါင်းနိုင်သင်းနိုင်မယ့် လူမျိုးထင်ခဲ့ကာ၊ ခုတော့ တကယ့်ဆန့်ကျင်ဘက်တွေပါလားဟင်"

သားသမီးတွေရှေ့မှာ ဘာမှမဖြစ်သလို ဟန်ဆောင်သမျှ အခန်းထဲရောက်တာနှင့် ဒေါ်မူယာက ဦးဂျော်နီကို ရင်ဖွင့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ တစ်ခါတစ်ခါကြတော့လည်း ဒီလို ကိုယ်တို့နဲ့ ဆန့်ကျင်ဘက်လူတွေ တွေ့ရတာ ကောင်းသားပဲ မူယာ"

"အမယ်လေး ဘာတွေကောင်းနေတာလဲ၊ တကယ်ပဲ အားလုံး ရင်ဖုံးအင်္ကျီ၊ ချိတ်လုံချည်နဲ့ ဘိုးတော်ဘုရားခေတ် ရောက်သွားသလားလို့ ကိုယ့်ဘာသာထင်မိတယ်ရှင့်"

မိတ်ကပ်လိမ်းခြယ်ထားသော မျက်နှာကို ရှုံ့မဲ့လျက် ဒေါ်မူယာပြောတော့ ဦးကျော်နီ မျက်ခုံးတွန့်၏။

"မင်းမှာလည်း ကိုယ့်မြန်မာရိုးရာ ဝတ်စားဆင်ယင်မှုတွေနဲ့ ကြုံဆုံရတာ တကယ့်အဆန်းဖြစ်နေပါလား မူယာ၊ အေးလေ မင်းတို့က ဒီအရွယ်ထိ ဂါဝန်ဘောင်းဘီ၊ စကဒ်ဝတ်ဖို့ စဉ်းစားတုန်းကိုးကွ"

"အမယ် အမယ် ရှင်က တစ်မူးသာလိုက်သေးတယ်ပေါ့ ဟုတ်လား ကိုကျော်နီ၊ ကဲ ပြောစမ်းပါဦး ရှင်ကကော ဘောင်းဘီတို၊ ဘောင်းဘီရှည်က ချွတ်လို့လားဟင်"

အနိုင်ရဟန်ဖြင့် ဒေါ်မူယာမေးတော့ ဦးကျော်နီ ပခုံးတွန့်၏။

"မင်းက ငါ ပုဆိုးနဲ့တိုက်ပုံဝတ်ရင်တောင် ကန့်ကွက်ချင်တဲ့မိန်းမ မဟုတ်လား မူယာ"





"အို အဲဒါက ရှင့်ရဲ့စရိုက်မှမဟုတ်ဘဲ ကိုကျော်နီ၊ တကယ်တမ်း ရှင်အဲဒါတွေ ဝတ်ချင်တာ မြလေးခင်ဆိုတဲ့ မိန်းမကြောင့် ဟုတ်လား"

မြလေးခင်ဆိုသော နာမည်ပါလာတော့ ဦးကျော်နီ မျက်နှာကြီး နီသွား၏။

"ဟော့…တော်…တော့် မဆိုင်သူ ဆွဲမထည့်နဲ့ မူယာ၊ မင်းက ခေတ်မှီမှ ကြိုက်တဲ့မိန်းမမို့ ငါ ဘောင်းဘီမချွတ်တမ်းဝတ်ရတာပဲကွ"

"ဟုတ်တယ်လေ မူယာနဲ့ရမှတော့ မူယာအကြိုက် လိုက်နေမှာပေါ့ ကိုကျော်နီ၊ မြလေးခင်နဲ့ ရရင် ရှင် မြလေးခင်အကြိုက် လိုက်နေမှာပဲ မဟုတ်လားဟင်"

မြလေးခင်နာမည် တစ်ခွန်းပါတိုင်း ဦးကျော်နီ၏ရင်ထဲ ချင်ခနဲ၊ ကျင်ခနဲ ခံစားရကာ ဒေါ်မူယာမသိ။

"ဟုတ်တယ်ဟေ့ ဟုတ်တယ်၊ ရတဲ့မိန်းမအကြိုက်တော့ လိုက်နေရမှာပဲ"

"သိတယ်လေ ရှင်မရလိုက်တဲ့ မြလေးခင်ကို မမေ့နိုင်နေဘိတာ၊ ဓံဝင့်ထည်တို့ မောင်နှမပုံစံတွေတော့ မြလေးခင်ပုံစံနဲ့



www.burmeseclassic.com

www.burmeseclassic.com



တူလို့ ရှင်သဘောကျတယ်မဟုတ်လား ကိုရော်နီရဲ့"

ဒေါ်မူယာက မဆီမဆိုင် တစ်ဖက်ခြံမှ ဖဲဝင့်ထည်တို့ကို ထည့်ပြောတာကြောင့် ဦးရော်နီ ဒေါပွသွားရ၏။

"ဘာဆိုင်လဲ မူယာ၊ ဖဲဝင့်ထည် ဖိတ်တုန်းက လာပါမယ်လို့ မျက်နှာချိုချိုလေးနဲ့ ပြောလိုက်တာ ဘယ်သူလဲဟင်"

ဒေါ်မူယာ လောကွတ်လုပ်ခဲ့တာကို ဦးရော်နီ ပြန်ဖော်လိုက်၏။

"အို ဒါက ကျွန်မလူကြီးပဲ၊ လာဖိတ်တဲ့ကလေး လေးစားအောင် ပြောရတာပေါ့"

"အေးလေ အခုလည်း မင်းပြောတဲ့အတိုင်း ငါတို့သွားတာပဲ မူယာ၊ ကဲ မင်းနဲ့ စကားများရတာ အချိန်ကုန်တယ်၊ ငါ ကုမ္ပဏီသွားတော့မယ်"

ပြောပြောဆိုဆို ဦးရော်နီက အတက်ချိုကော့စ်ကိုင်၍ အခန်းထဲမှထွက်တော့

"အမယ်လေး ဒီကလည်း ရတနာဆိုင်ဖွင့်တာ နောက်ကျနေပါပြီနော်၊ သမီးရေ ရင့်"

ဒေါ်မူယာက ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားလေ၏။





ကျောင်းပြီးသွားသော ရင့်ကို ရွှေဆိုင်မှာ ထိုင်စေ၏။

"ရင့်က အသင့်ပါပဲ မာမီ၊ မာမီတို့ စကားများနေလို့ နားထောင်နေတာ"

"ဟဲ့"

သည်တော့မှ ဒေါ်မူယာမှာ ဦးရော်နီနှင့် ပတ်သက်သော လေးခင်အကြောင်း ကြားသွားပြီလားဟု ရင့်ကို ကြည့်မိ၏။

"ရင့် ဘာမှမကြားပါဘူး မာမီ"

"ကောင်းတယ်၊ ငါ့သမီး ဘာမှမကြားလိုက်တာ၊ ဒီမှာ သမီး သမီးမာမီဆိုင်မှာချည်း မထိုင်ဘဲ ဒက်ဒီနဲ့ ကုမ္ပဏီလိုက်ခဲ့ပါလား"

ဦးရော်နီက ရင့်ကို စည်းရုံးလိုက်၏။

"အို ရှင် ကလေးကို ဘာပြောတာလဲ၊ စောစောက က်သွားတဲ့ ရှင့်သားကိုတော့ ကုမ္ပဏီလိုက်ခဲ့ဖို့ နည်းနည်းလေး မခေါ်ဘူးမဟုတ်လား"

ဒေါ်မူယာမှာ ရင့်ကို ဆိုင်တွင်ထားပြီး ကိုယ်တိုင်ကမူ ဖက်တူကိုယ်တူ မိတ်ဆွေများနှင့် တစ်အိမ်အိမ်မှာ ဖဲဝိုင်းဖွဲ့နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးကျော်နီက ရင့်ကိုခေါ်တော့ မကြိုက်ဟန်ဖြင့် တားခြင်းပါ။

"ဟ ငါ့သားက သူ့အလုပ်နဲ့သူကွ၊ ခေါ်လို့ဖြစ်မလား"

"ဟင်း ဟုတ်ပါတယ်၊ ရှင့်သား ဆရာဝန်ကြီးက တစ်နေ့တစ်နေ့ မိန်းကလေးတွေနဲ့ ရှုပ်ရတဲ့ကိစ္စ မအားပါဘူး"

"မှုယာနော် အဲဒါလည်း မင်းရဲ့သားပဲဆိုတာ သိထားဦး၊ ကဲ ငါသွားပြီ"

ဦးကျော်နီ ကားဖြင့်ထွက်သွားပြီး မကြာမီ ဒေါ်မှုယာနှင့် ရင့်တို့လည်း ကားတစ်စီးဖြင့် ထွက်ခဲ့၏။

ရင့်တို့အိမ်မှာ လူလေးယောက်၊ ကားလေးစီးဖြစ်သည်။

* * *



"သင့်ရေ ညီမလေး"

"ရှင် ကိုကြီး"

ဧည့်ခန်းမှ ဇဝင့်ထည် ခေါ်တာကြောင့် လက်ဖက်ပွဲပြင်နေသော မျိုးမြတ်သင့်က ပြီးစီးတာမို့ ရေ့ခန်းသို့ ယူလာရင်း သူးလိုက်ခြင်းပါ။

"လက်ဖက်ပွဲလား သင့်"

"ဟုတ်ကဲ့ ကိုကြီး"

သင့်က ကိုယ်တိုင်ချဉ်စပ်စပ်လေး ပြုလုပ်ထားသော လက်ဖက်ကို ရွှေပုစွန်ခြောက်၊ လတ်ဆတ်ကြွပ်ရှသော အစာစုံ၊ နှမ်း၊ ကြက်သွန်ဖြူအကွင်းလိုက်ကြော်တို့ဖြင့် ဆီလေးရွှဲရွှဲဖြင့်သုပ်ကာ ကောက်ညှင်းမွှေး လက်ဖက်ခြောက်ဖြင့် ရေနွေးခပ်လာခြင်းပါ။

"ငါ့ညီမလေးကတော့ ဘာမဆို ကိုယ်တိုင်လုပ်ရမှပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိမ်တက်ပွဲမှာ ညီမလေးလက်ရာ အုန်းနို့ခေါက်ဆွဲကို အားလုံးက ကောင်းလွန်းလို့ ချီးကျူးသွားကြတာဗျာ"

ထမင်းစားပြီးတိုင်း လက်ဖက်ပွဲတည်တတ်သော ဖဲ့ဝင့်ထည်အတွက် ညီမဖြစ်သူ သင့်၏ လက်ရာကို အမြဲကြိုက်နှစ်သက်သည်။

"ဒီလောက်လည်း မဟုတ်ပါဘူး ကိုကိုရယ်၊ တချို့က တကယ်မဟုတ်ဘဲနဲ့လည်း ဟန်ဆောင်ချီးကျူးသွားကြတာပါ"

"ဘာလဲ သင့်က ဟိုဖက်ခြံက မိသားစုကို ပြောတာလား"

အကင်းပါးစွာ ဖဲ့ဝင့်ထည်မေးတော့ သင့် နှုတ်တိတ်နေလိုက်၏။ ကိုကိုတင့်နှင့် ရင့်တို့ မောင်နှမကို သင့် နားမလည်ပေ။

မြန်မာတစ်ယောက်၏ အိမ်တက်ဆွမ်းကျွေး မင်္ဂလာပွဲကို မြန်မာဆန်ဆန် မဝတ်ကြဘဲ အနောက်တိုင်းဆန်စွာ ဒူးပေါ်ပေါင်ပေါ် ဝတ်လာတာ အံ့ဩစရာ။

သင့်၏လက်ရာ အုန်းနို့ခေါက်ဆွဲကိုလည်း တကယ်ကြိုက် ဟန်မတူဘဲ ခပ်ပေါ့ပေါ့လေး ချီးကျူးသွားတယ်ဟု ခံစားမိ၏။

ဆိတ်ဆိတ်နေတာ ဝန်ခံခြင်းတဲ့။ ဒါကို ဖဲ့ဝင့်ထည်





လည်သည်။

"သူတို့ကိုတော့ ခွင့်လွှတ်ရမယ် သင့်၊ ဘာကြောင့်လည်း တော့ သူတို့က ကိုကိုတို့ရဲ့ အိမ်နီးချင်းတွေ ဖြစ်လို့ပဲ"

"ဒါပေမယ့် ကိုကြီးလည်း သူတို့ပုံစံတွေကို မကြိုက်နှစ် သက်ဘူး မဟုတ်လား"

သည်လိုမေးလာတော့လည်း ဖဲ့ဝင့်ထည် ဝန်ခံရ၏။ ကျော်နီနှင့် ဒေါ်မူယာ၊ ကိုကိုတင့်နှင့် ရင့်တို့မောင်နှမတို့ မိသားစု သည် တကယ်ပဲ သူတို့နှင့် ဆန့်ကျင်ဖက် ဖြစ်နေတာအမှန်။

"မကြိုက်ပေမယ့်လည်း သူတို့က ကိုကြီးတို့ရဲ့ အိမ်နီးချင်း တွေဆိုတော့ အလိုက်သင့် ဆက်ဆံရမှာပေါ့ကွယ်၊ နောက်တစ်ခုက ကြီးတို့နဲ့ သူတို့ကလည်း ထဲထဲဝင်ဝင် ပတ်သက်စရာမရှိဘူး ဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ် ကိုကြီး၊ သင့်ကတော့ ဒီကို ပြောင်းလာတော့ တစ်ဖက်ခြံမှာ မိန်းကလေးရှိလို့ ဝမ်းသာသွားတာ၊ ပေမယ့် ရင့်ကိုမြင်တော့ လန့်သွားတယ်"

"ဘာလဲ ရင့်ရဲ့ရုပ်က ဆိုးနေလို့လား သင့်"

ထိုမေးခွန်းကို ဖဲ့ဝင့်ထည်က ညီမဖြစ်သူအား စချင်သည့် နေဖြင့် တမင်မေးခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သင့်က ခေါင်းလေးခါယမ်းကာ…

''မှာင့်အင်း ရင့်က ရုပ်မဆိုးတာ ကိုကြီးလည်းသိပ
တယ်၊ သင့် လန့်သွားတာက ရင့်ရဲ့ ဆိုရှယ်ကျ ခေတ်မီမှုကိုပါ''

''ရင့် ရုပ်မဆိုးတာ ကိုကြီးလည်း သိပါတယ်''ဟုသော
သင့်၏စကားကြောင့် ဖဲဝင့်ထည် မျက်ဝန်းထဲ အရုပ်မြင့်မြင့်လေးမှာ
ရွှေညိုရောင်ဖြင့် ချပ်ရပ်သော ခန္ဓာကိုယ်တွင် ရှိုက်ကြီးဖိုငယ်
အသွယ်သွယ်ဖြင့် ဖြူနုသော မိန်းကလေးတစ်ယောက်၏ပုံ ပေါ်လာ
သည်။

နဖူးမှာ ဆံတံခွန်လေးနှင့် အသည်းပုံမျက်နှာလေးဖြင့်
ထိုမိန်းကလေးသည် သေးသွယ်သော မျက်ခုံးကို နီညိုရောင်ခြ
လျက် အရှည်လှဲသော သမင်မကဲ့သို့ မျက်လုံးများတွင် မျက်တောင်
တော့များ ဝန်းရံလျက် ချွန်မြသောနှာတံလေးမှာ ထိပ်ဖျားတွင်
အနည်းငယ် ကော့တက်လျက် မထူမပါး နှုတ်ခမ်းအစုံက ပြုံးမိ
နေသယောင်။

ကျော့ရှင်းသော လည်တိုင်၊ လှပသော ဆင်စွယ်
လက်မောင်းများဖြင့် ဝတ်စားဆင်ယင်မှုက ခေတ်လွန်ကာ ကြည့်
လိုက်လျှင် ဘိုမလေးတစ်ယောက်အလားပင်။

''ကိုကြီးကတော့ မြန်မာမိန်းကလေးတစ်ယောက်ဟာ





မြန်မာဆန်ဆန်လှတာကိုပဲ သဘောကျတယ် ရင့်၊ ဒီခေတ်ဒီအခါ
မှာ ခေတ်နဲ့အမီ ဝတ်စားဆင်ယင်ကြတယ်ဆိုပေမယ့် လိုတာထက်
ပိုတာမျိုးတော့ မြန်မာမျက်စိနဲ့ မစပ်အပ်တော့ဘူးလေ''

ရင့်၏ ဝတ်စားဆင်ယင်မှုအပေါ် ကိုကြီးဖဲဝင့်ထည်
သဘောမကျဘူးဟု သင့် သိလိုက်၏။

''သင့် နားလည်ပါတယ် ကိုကြီး၊ ဒါပေမယ့်
တစ်ယောက်နဲ့တစ်ယောက် အသိုင်းအဝိုင်းက မတူဘူးမဟုတ်လား''

''ဟုတ်တယ် သင့်၊ ဒါကြောင့် သူများတွေကို ဝေဖန်
တာထက် ကိုယ့်ဘာသာ ထိန်းထိန်းသိမ်းသိမ်းနဲ့ နေတာပဲကောင်း
တယ်''

''ဟုတ်ပါတယ် ကိုကို၊ ဒါကြောင့် စရိုက်မတူသူတွေနဲ့
သင့်တို့ကလည်း နီးနီးကပ်ကပ် ဆက်ဆံဖို့ စိတ်မကူးပါဘူး''

သင့်လိုမိန်းကလေးတစ်ယောက်က ပတ်ဝန်းကျင်ကို
ဘယ်လိုဆက်ဆံရမည်ဆိုတာ သိနေပါ၏။

''ကိုကြီး ပြောချင်တာကလည်း ဒီကို မယ်မယ် ဆန္ဒအရ
ပြောင်းလာရတာဆိုပေမယ့် လုပ်ငန်းအားလုံး တိုးချဲ့လုပ်ကိုင်မှာဆို
တော့ လူတွေနဲ့ ဆက်ဆံရာမှာ အမှားအယွင်း မရှိစေချင်တာပဲ
သင့်၊ မနက်က မယ်မယ်ဆီ ဖုန်းဆက်တော့ အားလုံးအဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြောလို့ ဝမ်းသာနေတယ်မဟုတ်လား''

''ဟုတ်ပါတယ် ကိုကို၊ မယ်မယ်က သင့်တို့မောင်နှမကို မန္တလေးလို ဇာတိမြေမှာ မနေစေချင်တာတော့ အံ့ဩမိတယ်''

သည်အချိန်ထိ မယ်မယ်၏ အုပ်ချုပ်မှုအောက်မှာ နေလာသော သင့်သည် ကောင်းခြင်း၊ ဆိုးခြင်း တစ်ခါမျှ ပြန်မပြောဘူးခဲ့ပေ။ မယ်မယ်စီစဉ်တာ မှန်သမျှ ခေါင်းညိတ်ခဲ့တာပင်။

သို့သော်

''သားနဲ့သမီးကို မယ်မယ် အရိပ်အောက်က ထွက်ပြီး ကိုယ်ပိုင်အစွမ်းအစ ပြစေချင်တယ်''

''မယ်မယ် ဘာကိုဆိုလိုတာလဲဟင်''

လွန်ခဲ့သော လပိုင်းလောက်က မန္တလေးရှိ ဇာမဏီစံအိမ်ကြီးမှာ မယ်မယ်ပြောခဲ့သော စကားပင်။

''ဒီက စိန်ဆိုင်နဲ့ ယက္ကန်းစင်တွေအားလုံး မယ်မယ် တစ်ယောက်နဲ့ အုပ်ချုပ်စီမံနိုင်နေမှတော့ သားနဲ့သမီးက ရန်ကုန်မှာ ကိုယ်ပိုင်စီးပွား ထူထောင်ကြရမယ်''

''အို သမီးတို့က ဒီမှာလည်း မယ်မယ်လုပ်ငန်းတွေ ကူညီနေတာပဲ မဟုတ်လား''

သင့်မေးတော့ မယ်မယ်က ပြုံးလေ၏။





''သမီးပြောတာ ဟုတ်ပါတယ်၊ အဲဒီလို မယ်မယ်ကို ကူညီလို့လည်း သားနဲ့သမီးဟာ စီးပွားရေးအမြင်တွေ ရှိလာပြီလေ၊ ဒီတော့ သားက ရန်ကုန်မှာ ဇာမဏီကုမ္ပဏီ ဖွင့်ရမယ်၊ သမီးက တော့ စိန်ဆိုင်ဖွင့်ရမယ်''

''ဟင် ဒါဆို မယ်မယ်က ဒီမှာတစ်ယောက်တည်း''

တစ်သက်လုံး မခွဲဖူးတာမို့ သင့်က စိုးရိမ်စွာပြောတော့ မယ်မယ် လက်ကာ၏။

''ဒါက မယ်မယ်ရဲ့ ဇာတိမြေလေ၊ သမီးတို့မောင်နှမ သွားပေမယ့် မယ်မယ့်နားမှာ တခြားစောင့်ရှောက်မယ့် ဆွေမျိုးတွေ ရှိတာပဲ၊ သားနဲ့သမီးတို့ရဲ့ အညွန့်ဟာ မယ်မယ်လောင်းရိပ်အောက် မိစေချင်ဘူးကွယ့်''

ပြတ်သားစွာ မယ်မယ်ပြောလာတော့ သင့်က ကိုကြီးအား ငမ်းကြည့်၏။ ကိုကြီးဖဲဝင့်ထည်က တည်ငြိမ်စွာဖြင့်

''မယ်မယ်ဆိုလိုတာကို သားသဘောပေါက်ပါတယ်၊ ါပေမယ့် မယ်မယ်ကို တစ်ယောက်တည်း ထားခဲ့ရမှာတော့ ဘဲမချသလိုပဲ''

''ရန်ကုန်နဲ့ မန္တလေးဆိုတာ နီးနီးလေးပါ သားရယ်၊ ်ငံခြားသွားတာမှ မဟုတ်ဘဲ၊ ပြီးတော့ မယ်မယ်ကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး ဂရုစိုက်တာ သားတို့အသိပဲ''

အသက်ငါးဆယ်ကျော်နေသော်လည်း မယ်မယ်၏ ကျန်းမာရေး ဂရုစိုက်မှုကြောင့် အမြဲတမ်း လန်းဆန်းနေသည်။

''ကောင်းပါပြီ မယ်မယ်၊ ဒါဆို သားတို့ သွားပါ့မယ်''

''သင့်လည်း မယ်မယ့်အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ မယ်မယ့်ဆီ မကြာခဏ ဖုန်းဆက်နိုင်သလို လေယာဉ်နဲ့ပြန်လည်း ခဏပဲလေ''

''ဟုတ်ကဲ့ ကိုကြီး၊ သင့် သိပါပြီ၊ မယ်မယ်ဆန္ဒအတိုင်း သင့် လိုက်သွားပါ့မယ်''

ထိုစကားကြားမှ မယ်မယ် မျက်နှာပြုံးသွား၏။ မယ်မယ် စိတ်ချမ်းသာဖို့ ဇာတိမြေကို သင့်တို့မောင်နှမ စွန့်ခွာခဲ့ပြီ။

သည်ရောက်တော့ စရိုက်မတူသော ပတ်ဝန်းကျင်နဲ့ တွေ့ပေမယ့် ကိုယ့်အလုပ်ကိုယ် လုပ်ရန်သာ အာရုံပြုခဲ့တာကြောင့် ကြာကြာမစဉ်းစားအားလိုက်ပေ။

✻ ✻ ✻



''သြကာသ သြကာသ သြကာသ''

မနက်ခင်းစောစောထကာ ဘုရားကို အာရုံပြုရှိခိုးကန်တော့သော ဖဝင့်ထည်၏ အသံမဆုံးမီ...

ရုတ်တရက် ဆူညံစွာ ထွက်ပေါ်လာသော အင်္ဂလိပ်ချင်း ခပ်မြူးမြူးအသံကြောင့် မှေးမှိတ်ထားသော မျက်ဝန်းများ ာခနဲပွင့်သွားရ၏။

ကြည့်စမ်း ဒီလိုအချိန်မှာ ဘယ်သူကများ ခေတ်ပေါ် လိပ်သီချင်း ဖွင့်တာပါလိမ့်။ ဖဝင့်ထည် သိရသလောက်တော့ တ်ဝန်းကျင် အနီးအနားမှာလည်း နိုင်ငံခြားမိသားစုတွေ မရှိပါ။

ထိုစဉ် ဆူညံသံဘွဲ ပိုမိုလာတာကြောင့် သူ အာရုံဆက် နိုင်ဘဲ နေရာမှထလိုက်၏။

''ဟာ''



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းမှထွက်ပြီး ဝရန်တာက ကြည့်လိုက်တော့ တစ်ဖက်ခြံတွင် ကက်ဆက်ကို အစွမ်းကုန်ဖွင့်လျက် ဖြူနုသော အသားအရေမှာ အနီရောင်အသားကပ် အေရိုးဗစ်ဝတ်စုံဖြင့် သွက်လက်မြူးကြွစွာ ကနေသော ရင့်ကို တွေ့ရခိုက်…

ဖဝင့်ထည်သည် မျက်စိကို ချက်ချင်းအကြည့်လွှဲကာ အိမ်ထဲပြန်ဝင်ခဲ့လေ၏။ သို့တိုင် ချွေးစို့နေသော အသားကပ်ဝတ်စုံကြောင့် လှပအချိုးကျသည့် ရင့်၏ခန္ဓာကိုယ်အား မျက်ဝန်းထဲ ပုံရိပ်ပါလာတဲ့အထိ။

ဟား…သွားစမ်းကွာ။

မနက်ခင်းစောစော မမြင်သင့်တာကို မြင်လိုက်ရသည့်အတွက် ဖဝင့်ထည်ရင်ထဲ အနည်းငယ် ကတုန်ကယင် ဖြစ်သွားခြင်းကို ချက်ချင်း တည်ငြိမ်အောင် ကြိုးစားလိုက်၏။

"ကိုကြီး စောစောစီးစီး အင်္ဂလိပ်သီချင်းသံကြားရတာ ဘယ်ကလဲဟင်"

အောက်ထပ်မှာ ဆွမ်းချက်ပြီး ယူလာသော သင့်က ဖဝင့်ထည်နှင့်ဆုံတော့ အံ့သြသလိုမေးတော့…

"ဒီအနီးအနားကပဲနေမှာပေါ့ သင့်ရယ်၊ ကဲ ကဲ ကိုကြီး သမ်းလျှောက်လိုက်ဦးမယ်"

မျက်နှာမပျက်အောင် အတတ်နိုင်ဆုံး ဣန္ဒြေဆယ်ပြီး ဖဝင့်ထည်ပြောပြီး ထွက်လာ၏။

မိုးမြတ်သင့်က ဘုရားကို ဆွမ်းကပ်လိုက်သည်။ ဆူဆူညံညံအသံများကြောင့် အာရုံပြုမရတာမို့ လေသာဆောင် ထွက်လိုက်တော့…

"အို"

ရင့်တစ်ယောက် အေရိုးဗစ် ကနေခြင်းပါလား။ ကြည့်စမ်း ဒါကို စောစောက ကိုကြီးလည်း မြင်သွားခဲ့ပုံ။

မိန်းကလေးချင်းပေမယ့် မိုးမြတ်သင့်လို ဣန္ဒြေရှင်မလေးအဖို့ ဒီလိုအဝတ်အစား ပါးရှုံ့မှုလေး ဝတ်စုံမျိုးနှင့် ကိုယ်ကာယအလှကို အစွမ်းကုန် ဖော်ပြသလိုဟန်ကြောင့် ချက်ချင်း အကြည့်လွှဲပြီး အိမ်ထဲအမြန်ဝင်ခဲ့လိုက်၏။

"အမယ်လေး ဒီလိုပုံစံနဲ့ ကိုကြီးမြင်သွားတာ ရှက်ဖို့ကောင်းလိုက်တာနော်"

ရင့်ကိုယ်စား သင့်မှာ မျက်နှာလေးနီ၊ ရင်ဘတ်လေးဖိပြီး ကြိတ်ရှက်နေလေ၏။ သည်လိုပုံစံမျိုး သင့် ကြီးပြင်းလာရာ







www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်မှာလည်း မရှိတာကြောင့် သန်းကြွယ်နေတာအမှန်။

သို့သော် ရှင့်အတွက်ကတော့ ဒီလိုပုံစံဟာ သာမန် လုပ်ရိုး လုပ်စဉ်ဟန် ဖြစ်နေပုံမို့ သင့်တို့နှင့် တကယ်ပဲ ခြားနားနေပါလား ဟု သက်ပြင်းလေးချကာ တွေးမိလေ၏။

"သင့်ရေ"

"ဩော်...ဒွေးလေး"

မယ်မယ်က သင့်တို့မောင်နှမနှင့် ဆွေမျိုးတော်စပ်သော ညီမဝမ်းကွဲ ဒေါ်စန်းကို အိမ်မှုကိစ္စလုပ်ကိုင်ရန် တစ်ခါတည်း ထည့်ပေးလိုက်ခြင်းပါ။

"ဆွမ်းတော်ကပ်ပြီးပြီလား သင့်"

"ဟုတ်ကဲ့ ဒွေးလေး၊ ဘုရားတော့ နောက်မှ အာရုံပြု တော့မယ်"

"ဘာလဲ သင့်၊ သီချင်းသံကြောင့်လား"

အင်္ဂလိပ်သီချင်းသံကို ဒေါ်စန်းလည်း ကြားတာမို့ သင့်အား မေးလိုက်၏။

"မနက်စောစော ဒီလောက်ဆူညံနေမှတော့ ဘယ်လိုလုပ် မလဲ ဒွေးလေးရယ်"





"အေးကွယ်၊ အလိုက်ကမ်းဆိုးမဲ့ဘိ ဘယ်အိမ်ကပါ လိမ့်"

ဒေါ်စန်းက ပြောရင်း ဟိုဟိုဒီဒီ ကြည့်လေ၏။

"ဟော့တော် ဟိုဖက်ခြံက မရွှေချော့ပါလား"

အနီရောင် အသားကပ် အေရိုးဗစ်ဝတ်စုံနှင့် ရှင့်ကိုမြင် လိုက် ဒေါ်စန်းမျက်လုံးပြူးသွား၏။

"အမယ်လေး လေး တစ်ကိုယ်လုံး အရှိကိုအရှိအတိုင်း ပေါ်ထားသလိုပါပဲလား သင့်ရဲ့"

"သင့် မြင်ပြီးပါပြီ ဒွေးလေး"

ဝင်းဝါနုထွေးသော မျက်နှာလေး အနည်းငယ် ပန်းသွေး ရောင် လွှမ်းလျက် သင့် ပြောလိုက်၏။

"ဟို ဟို သခင်လေးကော မြင်သွားပြီလားပဲ သင့်"

သင့် သက်ပြင်းလေး ကြိတ်ချကာ...

"ကိုကြီးတော့ လမ်းလျှောက်ထွက်သွားတယ် ဒွေးလေး"

"တော်သေးတာပေါ့ကွယ်၊ ကြည့်ပါဦး မြန်မာမိန်းကလေး ဖြစ်ပြီး ဝတ်စားမှုက ရဲတင်းလိုက်တာ မိဘတွေကလည်း ဆိုဆုံးမ ကြလေရှော့သလားပဲ၊ ဒီလို အာရုဏ်ချိန်ဆိုတာ တို့မြန်မာမိသားစု

www.burmeseclassic.com



တွေအဖို့ ဘုရားမှာ အာရုံယူကြတဲ့ အချိန်မျိုးကိုမှ ဘိုသီချင်း ဆူညံဆူညံ ဖွင့်နေလိုက်တာ၊ တကယ်ပဲ ပတ်ဝန်းကျင်ကိုမှ အားမနာ ပါလား သင့်ရယ်"

တစ်သက်လုံး မယ်မယ်နှင့်အတူနေလာသော ဒေါ်စန်းအား ဒီလိုမြင်ကွင်းကို လက်မခံနိုင်အောင်ပင်။

"သြော် ဒွေးလေးရယ်၊ သူ့ခြံထဲသူကတာပဲ သင့်တို့အ ဘာပြောလို့ရမှာတဲ့လဲဟင်"

"ကိုယ်ပြောလို့မရတာတော့ ဟုတ်ပါတယ် သင့်၊ ငါ့အိမ် ငါ့ခြံထဲမှာ ငါကြိုက်သလိုလုပ်မယ်ဆိုတာမျိုးက လူမှုအသိနည်း လွန်းတာပေါ့၊ ကိုယ့်ကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက် ဖြစ်ရ မကောင်းဘူးလေ"

ဒေါ်စန်းပြောတာ မှန်ပေမယ့် ဒီလိုစကားမျိုး ရင့်တို့ကြား လျှင် လက်ခံလိမ့်မည်မဟုတ်ပေ။

သူ့ခြံ၊ သူ့အိမ်မှာ လွတ်လပ်စွာနေခြင်းကို ဘယ်သူတား လို့ ရနိုင်မှာလဲ။ ထို့ကြောင့် ဒေါ်စန်းကို ဆွဲခေါ်ခဲ့၏။

"လာပါ ဒွေးလေးရယ် ကိုကြီးပြန်လာရင် မနက်စာ အသင့်ဖြစ်အောင် ပြင်ဆင်ကြပါစို့"





"အေး အေး ဒီရောက်မှ သခင်လေးက နန်းကြီးသုပ် ကောင်းကောင်း မစားရလို့ ပြောနေတာ"

"အဲဒါသိလို့ ဒီနေ့ သင့်ကိုယ်တိုင် စပါယ်ရှယ် နန်းကြီး သုပ်မှာလေ၊ ဒွေးလေးက ဟင်းချိုကောင်းကောင်းလုပ်ပေးနော်"

"အေးပါကွယ်"

လိမ္မာယဉ်ကျေးသော မျိုးမြတ်သင့်လို မိန်းကလေးက ဒေါ်စန်းကို အိမ်၏ ကူဖော်လောင်ဖက်ထက် မိသားစုလို ဆက်ဆံ လေသည်။

မနက်ခင်းမှာ အဖြူရောင်နနု ရင်ဖုံးအင်္ကျီ လက်စကလေး ဖြင့် အပြာနုမှာ အဖြူရိပ်နွယ်များပါသော လုံချည်ဆင်လေးနှင့် ဝတ်ကာ တစ်ပတ်လျှိုဆံထုံးလေးဖြင့် ရွှေဘိုရှင်မတောင်သနပ်ခါး ခဲစစ်လေးကို မျက်နှာဝင်းဝင်းလေးထက်မှ ရေကျဲလေးလူးလျက် ကြက်သရေရှိစွာ မျိုးမြတ်သင့်၏ အလှက အေးချမ်းနေသည်။

အထူးတလည် ကျန်းမာရေးအတွက် အားကစားလုပ်ရန် မငဲ့ဘဲ အိမ်မှုကိစ္စများကို ကိုယ်တိုင်လုပ်တတ်သော သင့်၏ ကိုယ်ခန္ဓာလေးမှာ လေ့ကျင့်ခန်းယူထားတာထက်ပင် ပို၍အချိုးကျ နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟိုဘက်က ဘိုမထက် ငါ့တူမက အပုံကြီးသာတဲ့အလှပဲ"

ဟု ဒေါ်စန်းသည် မဆီမဆိုင် ရင့်နှင့် သင့်ကို ယှဉ်တွဲတွေးလျက် နောက်ဆုံး လူ့သဘောသဘာဝအရ ကိုယ့်ငါးချဉ်ကကောင်းတယ်ဟု ဆုံးဖြတ်လေသည်။

မကြာခင် ဇဝင့်ထည်က လမ်းလျှောက်ပြီး ပြန်လာရာ အရေးဗစ်ကပြီးသွားသော ရင့်က တွေ့သွား၏။

"အလို အိမ်ရှေ့မင်းသားပါလား"

ရင့်တို့နှင့် ဘယ်လိုမှ စရိုက်မတူသော မြန်မာဆန်ဆန် တောဟန်များနှင့် ဇဝင့်ထည်ကို ရင့်က ဘာသာကြိတ်၍ ခေါ်သည်က အိမ်ရှေ့မင်းသားတဲ့။

သို့သော်ငြား ပြာလဲ့သော မိုးကောင်းကင်အောက်မှာ ကြည်လင်ခန့်ညားသော ရုပ်ရည်၊ မြင့်မားကျစ်လစ်သော အသွင်နှင့် အပြာနုရောင် ရှပ်အင်္ကျီလက်ရှည်ကို နက်ပြာရင့်ရောင် ကွက်စိပ်လုံချည်ဖြင့် ရှင်းသန့်စွာ တွဲဝတ်ထားတာ တွေ့ရတော့ ရင့်မျက်စိထဲ အလိုလို ကြည့်ကောင်းနေတာ ဘာကြောင့်မှန်းမသိ။

ဇဝင့်ထည်က ခြံရှေ့မှ ဖြတ်အလျှောက်တွင် ရင့်သည်





ခုတ်တရက် ပေါ်လာသောအကြံဖြင့် ဆတ်ခနဲ ပြေးထွက်လျက်

"ကိုဇဝင့်ထည်"

"ဗျာ"

ရင့်၏ခေါ်သံကြောင့် ဇဝင့်ထည် ဖျတ်ခနဲ လှည့်ကြည့်မိသည်။

"အဟင်း…ကိုဇဝင့်ထည် လမ်းလျှောက်ပြန်လာတာသားဟင်"

"ဗျာ၊ ဟုတ် ဟုတ်ကဲ့"

အရေးဗစ်ကပြီးစမို့ ချွေးစို့နေသော ခန္ဓာကိုယ်မှာ ချပ်ရပ်သပ်၏။ ရှိုက်ကြီးဖိုယ် အသွယ်သွယ်ကို အနီးကပ်မြင်လိုက်ရသော ဇဝင့်ထည်က နီမြန်းသော မျက်နှာဖြင့် ချက်ချင်း အကြည့်လွှဲပစ်၏။

သည်လို အကြည့်လွှဲပစ်တာကိုပဲ…

"အမယ် ငါနှုတ်ဆက်တာကိုတောင် သူက မကြိုက်သလိုပုံစံနဲ့"

ဟု အလိုမကျစွာ ရင့် တွေးမိလိုက်သည်။

"ရင့်လည်း ခုပဲ အရေးဗစ်ကပြီးတာလေ၊ အမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကလည်း လမ်းလျှောက်ချင်တာ၊ အဟင်း ခုတော့ ခြံနီးချင်း အဖော်ရှိပြီဆိုတော့ အဆင်ပြေတာပဲ''

''ဗျာ…ဟို ကျွန်တော်က''

''နောက်နေ့တွေ ရှင့်လည်း ကိုဇဝင့်ထည်နဲ့အတူ လမ်းလျှောက်လိုက်မယ်နော်၊ ကဲ ဘိုင်''

ရှင်က ပြောချင်ရာပြောပြီး နှုတ်ဆက်ထွက်သွားတာကြောင့် ဇဝင့်ထည်မှာ သက်ပြင်းချကာ ကျန်ရစ်လေ၏။

မလွယ်တဲ့ မိန်းကလေးပဲ။

⁂



''ကိုကြီး သင့်ရဲ့နန်းကြီးသုပ်က စားမကောင်းဘူးလား ...င်''

မန္တလေးနန်းကြီးသုပ်စစ်စစ် ကြက်သားနိုင်းချင်း၊ ပဲမှုန့် ...များများ၊ ဆီချက်ရွှဲရွှဲနှင့် မုန့်ကြွပ်ခြောက်ကြော်တို့ဖြင့် စီးပိုင် ...အောင် သုပ်ကာ ကြက်တောင်ပံ၊ ကြက်ခေါင်း၊ ကြက်ခြေထောက် ...ျိုဖြင့် ကြက်သွန်နီကို အကွင်းလိုက်လှီး၍ သံပရာရည်ဆမ်း ... အချဉ်လုပ်ထားသည်။

သင့်လက်ရာမို့ ပြောစရာမလိုအောင် ကောင်းပေမယ့် ...က ရှင့်နှင့်တွေ့ခဲ့ရသော အဖြစ်ကြောင့် ဇဝင့်ထည်မှာ ကိုယ် ...ိုက်ခင်မှာပဲ သက်ပြင်း မကြာခဏ ချမိရတဲ့အဖြစ်။

''ကိုဇဝင့်ထည် အဖော်ရှိတော့ ရှင့် လမ်းလျှောက်ဖော် ...င်''



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သူ အခက်တွေ့နေရပြီ။ ဒါကို သင့်က
တစ်မျိုးထင်ဟန်ဖြင့် မေးလာမှ လက်ရှိအခြေအနေကို သတိရလျှ

"ဟင် သင့်လက်ရာ နန်းကြီးသုပ်က သိပ်စားလို့ကောင်း
ပါတယ်ကွယ်"

"တကယ်လား ကိုကြီးရဲ့၊ ဒါဆို ကိုကြီးက ဘာကြော
သက်ပြင်း ခဏခဏ ချနေရတာလဲဟင်"

သည့်တော့လည်း ဇဝင့်ထည်က ညီမဖြစ်သူကို အမှ
ပြောဖြစ်၏။

"အဲဒါက တခြားအကြောင်းကြောင့် သင့်ရဲ့"

"ဘာအကြောင်းများလဲ ကိုကြီးရယ်၊ သက်ပြင်းမကြ
ခဏ ချပုံထောက်တော့ ကိုကြီး စိတ်ရှုပ်စရာကိစ္စတစ်မျိုးနဲ့ ကြုံ
ပြီထင်တယ်"

အကင်းပါးလှသော ညီမငယ် သင့်ကြောင့် ဇဝင့်ထည
ခပ်မဲ့မဲ့ ပြုံးမိ၏။

"ဟုတ်တယ် သင့်ရေ၊ မနက်က ဘုရားအာရုံပြုမရ
လမ်းလျှောက်ပါတယ် အပြန်မှာ"

"အပြန်မှာ ဘာဖြစ်လဲ ကိုကြီး"





သင့်က စိတ်ဝင်စားစွာ မေးလာ၏။ ဒေါ်စန်းကလည်း
နားစွင့်နေသည်။

"အပြန်မှာ ဟိုဖက်ခြံက ရင့် ထွက်လာပြီး ကိုကြီးကို
နှုတ်ဆက်တယ်လေ"

"ဟင်"

"ဟော့တော် ဟိုဝတ်စုံကြီးနဲ့"

ရင့်မှာ ကိုကြီးအားထွက်၍ နှုတ်ဆက်တယ်ဆိုတာကြောင့်
သင့် အံ့ဩသွားသလို နားစွင့်ထားသော ဒေါ်စန်းကလည်း အနီ
ရောင် အသားကပ် အေရိုးဗစ်ဝတ်စုံကို မြင်ယောင်လျက် ရင်ဘတ်
ဖိလိုက်၏။

"ဟုတ်တယ် သင့်၊ သူကထွက်ပြီး နှုတ်ဆက်လာတော့
ကိုကြီးလည်း မတတ်သာဘူးလေ"

"ဟို ဟို ရင့်က ဟို ဟိုဝတ်စုံနဲ့"

မျက်နှာလေးနီလျက် ထစ်ငေါ့စွာ သင့် မေးလာတော့
ဇဝင့်ထည်ကလည်း မျက်နှာနီနီဖြင့် ခေါင်းညိတ်သည်။

"ကိုကြီးက သူ့ကိုနှုတ်ဆက်ပေမယ့် မျက်နှာလွှဲနေလိုက်
ပါတယ် သင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း တော်သေးတာပေါ့"

သက်ပြင်းလေးချကာ သင့်ပြောပေမယ့် ဒေါ်စန်းကတော့ သခင်လေး ဘယ်လိုပဲ မျက်နှာလွှဲလိုက်ပါစေ အဲဒီပုံစံကို တစ်ချက်တော့ မြင်လိုက်မှာသေချာတယ်ဟု စိတ်မသက်မသာ တွေးမိ၏။

ရင့်ဆိုတဲ့ မိန်းကလေး လုံခြုံမှုမရှိတဲ့ အဝတ်အစားနဲ့များ သခင်လေးကိုထွက်ပြီး နှုတ်ဆက်ရတယ်လို့...

မြန်မာဆန်မှုကိုသာ မြတ်နိုးသော ဒေါ်စန်းကတော့ ရင့်ကို ဣန္ဒြေမဲ့တဲ့ မိန်းကလေးအဖြစ်သာ မြင်မိလေ၏။

"မတော်နဲ့ သင့်ရေ၊ အဲဒီရင့်က ကိုကြီးလမ်းလျှောက်တာ မြင်ပြီး အဖော်ရပြီတဲ့၊ ဒါကြောင့် ကိုကြီးနဲ့အတူ သူလည်း လမ်းလျှောက်မယ်တဲ့"

"အို"

"ဘုရားရေ"

သင့်က အံ့သြရုံသာရှိ၏။ ဒေါ်စန်းက မျက်လုံးပြူး၍ ဘုရားတလေသည်။

"ကို ကိုကြီးက ဘာပြန်ပြောခဲ့လဲဟင်"

ရင့်လိုခေတ်မီရဲတင်းသည့် မိန်းကလေးမျိုးနှင့် ကိုကြီးတို့





အတူသွားလာမည့်အဖြစ်အား သင့် မကြိုက်နှစ်သလိုပါပဲ။

သင့်မေးတော့ ဖဝင့်ထည်က ခေါင်းခါယမ်း၏။

"ကိုကြီးက အဲဒီမိန်းကလေးနဲ့ အတူသွားဖို့ ဘယ်လက်ခံပါမလဲ သင့်ရယ်၊ ခက်တာက ကိုကြီးဘာမှမပြောရသေးခင် ရင့်နှုတ်ဆက်ပြီး ထွက်သွားတာပဲ"

"ဟင် ဒါဆို ကိုကြီးနဲ့အတူ မနက်ဖြန် ရင့်က လမ်းလျှောက်လိုက်မယ်ပေါ့ ဟုတ်လား"

"အို သင့်ကလည်း ဘာလို့ အဲဒီမိန်းကလေးနဲ့အတူ လမ်းလျှောက်ရမှာလဲ၊ သခင်လေး လမ်းမလျှောက်ဘဲနေရင် ပြီးတာပဲမဟုတ်လား"

သည်တစ်ခါတော့ မနေနိုင်စွာဘဲ ဒေါ်စန်း ဝင်ပြောလိုက်[illegible]း ရုတ်တရက် ခေါင်းထူပူသွားသော သင့်မှာ ဒေါ်စန်းပြောမှ အဖြေရသွားဟန်ဖြင့်

"ဟုတ်လား၊ ဟုတ်တယ်၊ မနက်ဖြန် ကိုကြီး လုံးဝ လမ်းမလျှောက်နဲ့"

"အေးပါသင့်ရယ် ကိုကြီးလည်း ဒီအတိုင်း စဉ်းစားထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ဒါအကောင်းဆုံးပေါ့ ကိုကြီးရဲ့"

ယခုမှ သင့်မျက်နှာလေး ပြုံးသွားနိုင်၏။ ဒေါ်စန်းလည်း တိတ်တိတ်ဆိတ်ဆိတ် သက်ပြင်းချနိုင်တော့သည်။

ထိုစဉ်

"တီ"

"ဟော လူခေါ်ဘဲလ်သံပါလား၊ ခဏနေဦး ကိုကြီး ရှင့်များဖြစ်နေမလားပဲ၊ သင့် ထွက်ကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို သင့်က အနားမှထွက်ခဲ့သည်။ အိမ်အထိ ရှင့်လိုက်လာတယ်ဆိုလျှင်တော့ သင့် ဘာပြောရမလဲ။

သို့သော်

"ဟင် ဒေါက်တာ"

"ဟုတ်ပါတယ် သင့်၊ အိမ်မှာ နှင်းဆီတွေပွင့်တာနဲ့ သင့်ကို သတိရလို့ လာပေးတာပါ"

တံခါးဖွင့်လိုက်စဉ် အစိမ်းနုရောင် စပို့ရှပ်၊ ကလိန်စေ့ရောင် သက္ကလပ်ဘောင်းဘီရှည်နှင့် ဒေါက်တာကိုကိုတင့်ကို နှင်းဆီပန်းစည်းကိုင်လျက် တွေ့လိုက်ရတော့ သင့် မျက်လုံးဝိုင်းသွား၏။

ကိုကိုတင့်က ပြုံးကာ





"ကျွန်တော့်ကို ခြံတံခါး ဖွင့်မပေးတော့ဘူးလား သင့်"

"ရှင် ဪ၊ ဟို ဟုတ်ကဲ့"

လူမှုရေးရှိတာကြောင့် သင့်မှာ အားနာဟန်လေးဖြင့် တံခါးဖွင့်ပေးလိုက်ရသည်။ ကိုကိုတင့်မှာတော့ မနက်ခင်းစောစော အဖြူရောင် ရင်ဖုံးအင်္ကျီလက်စကလေးနှင့် အပြာနုနုမှာ အဖြူရိုပ်ပါတဲ့ လုံချည်လေးဖြင့် တစ်ပတ်လျှိုဆံထုံး၊ သနပ်ခါးရေကျဲလေးနှင့် ကျက်သရေရှိစွာ လှပနေသော သင့်အား ခပ်ပြုံးပြုံး ငေးကြည့်မိသေ၏။

အေးချမ်းလိုက်တာ။

လန်းဆန်းနေတဲ့ စံပယ်ပန်းလေးတစ်ပွင့်ကို ကြည့်ရသလို ပါပဲလား။

သေချာတာကတော့ ကိုကိုတင့် တွဲနေသော မိန်းကလေး များသည် သင့်လောက် အေးမြစွာ မလှကြခြင်းပေ။

"နှင်းဆီပန်းတွေကို သင့် ကြိုက်ပါတယ်နော်"

"ရှင် ကျွန်မ"

ပန်းနုရောင် နှင်းဆီပန်းများကို သင့်ထံ လှမ်းပေးရင်း ကိုကိုတင့်က ပြုံး၍မေး၏။



www.burmeseclassic.com

www.burmeseclassic.com



သင့်မှာ ယူရခက်ဟန်ဖြင့်

"ဟို အိမ်မှာက ဘုရားတင်ပြီးသား ပန်းတွေရှိတယ်ဆို တော့"

"ယူလိုက်ပါ သင့်၊ ဒေါက်တာက တကူးတကလာ ပေးနေတာပဲ"

"ဟင် ကိုကြီး"

ဘယ်အချိန်က ထွက်လာမှန်းမသိသော ဇဝင့်ထည်အသံ ကြောင့် သင့် အံ့ဩသွား၏။ ကိုကိုတင့်ကလည်း ဇဝင့်ထည်ကို တွေ့လိုက်ရတော့ ရုတ်တရက် ရှက်သလိုဖြစ်သွားပေမယ့်

"ခြံထဲမှာက နှင်းဆီပန်းတွေများတယ် ကိုဇဝင့်ထည်၊ ဒါကြောင့် ဒီနားကဝန်းကျင်ကို ဘုရားပန်းတင်ဖို့ ကျွန်တော်တို့က ပေးတတ်ကြတယ်လေ"

ကိုကိုတင့်အပြောကို ဇဝင့်ထည်က ခေါင်းညိတ်သည်။

"ဟုတ်တာပေါ့ ဒေါက်တာ၊ ကိုယ့်ခြံနီးချင်း ဒီလို တစ်ယောက်နဲ့တစ်ယောက် သတိရတာ ကောင်းတဲ့အလုပ်ပဲ၊ ဒါပေ မယ့် သင့်ကြိုက်တာက စံပယ်ပန်းဗျ"

"ဗျာ…ဟုတ်ကဲ့"





ဇဝင့်ထည်စကားကြောင့် ကိုကိုတင့်မှာ လက်ထဲက နှင်းဆီ ပန်းကို လွှင့်ပစ်ရမလိုပါပဲ။ ကိုကိုတင့် မျက်နှာပျက်သွားတာမြင် တော့ ရုတ်တရက် သင့် အားနာသွားရ၏။

"ဘုရားပန်း တင်ပြီးပေမယ့် ဒီနှင်းဆီပန်းတွေကို ဧည့်ခန်း ထဲမှာပဲ အလှထိုးလိုက်ပါ့မယ် ကိုကြီး"

သင့်အပြောကြောင့် ကိုကိုတင့်မျက်နှာ ပြန်ကြည်လင် လာစဉ်

"အေးလေ ဒါလည်း အဆင်ပြေတာပါပဲ၊ ကဲ ရောက်မှ တော့ ဒေါက်တာလည်း အိမ်ထဲဝင်ပါဦး၊ သင့်လက်ရာ နန်းကြီးသုပ် စားရအောင်လို့ဗျာ"

"ဟာ နေပါစေ ကိုဇဝင့်ထည်၊ ကျွန်တော် ခုပဲ ဘရိတ် ဖတ် စားပြီးခဲ့တာပါ၊ ကဲ ကိုဇဝင့်ထည်နဲ့ သင့် ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အို နှင်းဆီပန်းတွေအတွက် ကျေးဇူးပါပဲ ဒေါက်တာ"

ကိုကိုတင့် လှည့်အထွက်မှာ သင့်က ပြောလိုက်ခြင်းပါ။

ကိုကိုတင့် ပြုံး၍ ခေါင်းညိတ်ကာ

"ရပါတယ် သင့်၊ ခုလို ကျွန်တော့်ပန်းတွေကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပေးတာပဲ ကျေးဇူးတင်လှပါပြီဗျာ၊ ကဲ သွားပြီနော်''

နောက်မှ သင့်က သက်ပြင်းလေးချ၍ ကျန်ခဲ့သည်။ ဇဝင့်ထည်ကို လှည့်ကြည့်လိုက်တော့ နေရာတွင်မရှိဘဲ အိမ်ထဲဝင်သွားလေပြီ။

✕ ✕ ✕



## ၄

''ကိုဇဝင့်ထည်''

''ဟင် ရှင့်''

မမျှော်လင့်ဘဲ ရှင့်ကို တွေ့လိုက်ရတာကြောင့် ဇဝင့်ထည် ...ည်သွား၏။ သည်နေ့ လမ်းလျှောက်တာကို တမင်ပဲ ရှင့်တို့ခြံ ...က မဖြတ်ဘဲ တစ်ဖက်လမ်းမှ ထွက်ခဲ့ခြင်းပါ။

သည်လိုရှောင်ကာမှ အဖြူရောင် ထရပ်ဆုဝတ်စုံလေးနှင့် ...ကို တွေ့လိုက်ရခြင်း။

''ဘယ်လိုဖြစ်တာလဲ ကိုဇဝင့်ထည်၊ ရှင့်မှာတော့ ဒီနေ့ ...ရိုးဗစ်လေ့ကျင့်တာကို ဖျက်ပြီး စောင့်နေတာ''

''ဟို ကျွန်တော်''

ရုတ်တရက် ဇဝင့်ထည် ဘာပြောရမှန်းမသိ ဖြစ်မိ၏။ ...ဘတော့ ဇဝင့်ထည် တမင် သူမကိုရှောင်မှန်းသိ၍ ခပ်မဲ့မဲ့လေး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်သည်။

"ရှင့် သိပါတယ်ရှင်၊ ကိုဖံဝင့်ထည်က ရှင့်ကို တမင် ရှောင်သွားတယ်ဆိုတာ"

"ဗျာ"

ယခုလိုပြောတော့လည်း ဖံဝင့်ထည်မှာ ရှင့်ကို အားန သွားရ၏။ ရှင့်က ရွှေညိုရောင်ဆံပင်လေးများကို ခပ်မြင့်မြင့်လေး စုစည်းထားတာကြောင့် လှပသော အသည်းပုံမျက်နှာလေးက ရှင်းလင်းစွာ ပေါ်နေ၏။

"နေပါဦးရှင် ရှင့်မသိလို့ မေးပါရစေ၊ ကိုဖံဝင့်ထည်ရဲ့ မင်းမျိုးမင်းနွယ်တွေက ကိုယ့်အချင်းချင်းပဲ ခေါ်ရပြီး တခြားသူစိမ်း တွေနဲ့ မခေါ်ရဘူးတဲ့လားဟင်"

ခပ်ငေါ့ငေါ့လေး ရှင့် မေးတော့ ဖံဝင့်ထည်မျက်နှာ တစ်ချက်ပျက်သွားပြီး...

"ဟာ အဲဒီလိုမဟုတ်ပါဘူးဗျာ"

ဟု ကမန်းကတန်း ငြင်းလိုက်၏။

"ဒါဆို ကိုဖံဝင့်ထည်က ရှင့်ကို မခေါ်ချင်တာ ဘာကြောင့်လဲ"





လှုပုံစံက ခေတ်မီသလို စကားပြောလည်း ပွင့်လင်းတတ် သော ရှင့်ပါလားဟု ဖံဝင့်ထည် တွေးလိုက်၏။

"ကျွန်တော့်အနေနဲ့ ရှင့်ကို မခေါ်ချင်တာမျိုး မရှိပါဘူး ဗျာ"

"ညာတာ ကိုဖံဝင့်ထည်ညာတာ ရှင့်သိတယ်၊ ရှင့်ကို ခေါ်ချင်လို့သာ ဒီနေ့ ကိုဖံဝင့်ထည် တမင်ရှောင်ထွက်သွားတာ ပေါ့"

ကလေးတစ်ယောက်လို ရှင့်ပြောတော့ ဖံဝင့်ထည်မှာ ကိုယ့်လုပ်ရပ် လူမိသွားတာကြောင့် မျက်နှာပူသွား၏။

"တမင်ရှောင်ထွက်တာတော့ မဟုတ်ပါဘူးဗျာ၊ မနေ့က ရှင့် လမ်းလျှောက်လိုက်မယ်ဆိုတာ ကျွန်တော့်အနေနဲ့ မသင့်တော် ဘူး ထင်လို့ပါ"

"ဘာ ဘယ်လိုပြောလိုက်တယ် ကိုဖံဝင့်ထည်၊ ကိုဖံဝင့်ထည်နဲ့အတူ ရှင့် လမ်းလျှောက်လိုက်တာ မသင့်တော်ဘူး ဟုတ်လား"

ရှင့်မှာ သူစိမ်းယောက်ျားတစ်ယောက်ဆီက ဒီလိုမျိုးစကား ကြားရတာ ပထမဆုံးမို့ ဆန်းကြယ်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ဖဝင့်ထည် နေရာမှာ တခြားယောကျ်ား
တစ်ယောက်ဆိုရင် ရင့်နှင့်အတူ လမ်းလျှောက်ရမည့် အခွင့်အရေ
မျိုး ဘယ်အလွတ်ခံပါ့မလဲ။

သို့သော် ဖဝင့်ထည်ကတော့

"ဟုတ်တယ် ရင့်၊ ကျွန်တော်နဲ့ရင့်တို့က ခင်မင်ချင်းတွေ
ပေမယ့် သူစိမ်းတွေဆိုတော့ ကျွန်တော်တို့နှစ်ယောက် အတူလမ်း
လျှောက်တာ ပတ်ဝန်းကျင်က မြင်ရင် ဘယ်လိုဝေဖန်ကြမလဲ"

"ဒါ ရင့်အတွက် စဉ်းစားတာလား၊ ကိုဖဝင့်ထည်အတွ
စဉ်းစားတာလားဟင်၊ ပြောပါဦး"

မခံချင်စိတ်လေးဖြင့် ရင့်က ဖဝင့်ထည်မျက်နှာကို ခပ်
ကြည့်ကာ မေးလိုက်၏။ ဖဝင့်ထည်ကလည်း တည်ငြိမ်ပြတ်သ
စွာဖြင့်

"ကျွန်တော်တို့နှစ်ယောက်လုံးအတွက်ပါ ရင့်"

"မဟုတ်ဘူး၊ ဒီအတွေးဟာ ကိုဖဝင့်ထည်အတွ
စဉ်းစားတာပဲ၊ ဒီမှာ ကိုဖဝင့်ထည် ခုခေတ်ဟာ ဘိုးတော်ဘု
ခေတ်မဟုတ်ဘူးရင့်၊ သိပ်ကို ခေတ်မီနေတဲ့အချိန်မှာ ယောကျ်
လေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် အတူတွဲသွားတဲ့





တိုင်းတိုင်း၊ လက်ဖက်ရည်ဆိုင် အတူထိုင်တိုင်း မရိုးသားဘူးလို့
ပြင်နေမှာမဟုတ်ဘူး"

အင်မတန်မှ ခေတ်မီသော ရင့်က ရှေးဟောင်းအယူအဆ
လက်ကိုင်ထားနေသည့် ဖဝင့်ထည်အား စိတ်ထဲရှိတဲ့အတိုင်း ပြောချ
လိုက်၏။

"ဒါပေမယ့် ကျွန်တော်တို့အားလုံးဟာ မြန်မာတွေလေ၊
မြန်မာတွေဆိုတော့ မြန်မာအယူအဆ နည်းနည်းတော့ ရှိကြမှာပဲ
မဟုတ်လား ရင့်"

"ကျွန်မကတော့ အဲဒီအယူအဆ လက်ကိုင်တွေကို
နည်းနည်းလေးမှ ဂရုမစိုက်ဘူး ကိုဖဝင့်ထည်၊ ကျွန်မနားလည်တာ
က ရင့်ဟာ ကျွန်မနဲ့အတူ လမ်းလျှောက်ရမှာမျိုးကို ရှင့်ဂုဏ်သိက္ခာ
ထိခိုက်မယ်လို့ တွေးနေခဲ့လို့ ဒီစကားမျိုးပြောတာပါ၊ အဟင်း
တကယ်တော့ ကျွန်မအပြစ်ပဲလေ၊ ကဲ ကျွန်မကို ခွင့်ပြုပါဦး"

ဖဝင့်ထည် ဘာမှမပြောနိုင်ခင် ရင့် လှည့်ထွက်သွားလေ
၏ စိတ်မောစွာ ကျန်ရစ်သူက ဖဝင့်ထည်။ အမှန်တော့ ရင့်ပြော
သလို သူ့ဂုဏ်သိက္ခာအတွက်လည်း ထိန်းလိုက်တာဖြစ်သည်။

ရင့်လို ခေတ်မီလှပသော မိန်းကလေးတစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ဟာ ဂရုစိုက်စရာ မဟုတ်ပေမယ့် ဖဲဝင့်ထည်အတွက်ကတော့ ထိုသို့မဟုတ်ပါ။ လူဆိုတာ ပတ်ဝန်းကျင်နှင့်နေတာ မဟုတ်လား။

"တောက် ရှက်ဖို့ကောင်းလိုက်တာ၊ တောသားကိုမှ ငါက အရောသွားဝင်မိတာကိုး"

ထိုအတွေးက ဖဲဝင့်ထည်နားမှ ခံရခက်စွာ လှည့်ထွက်လာသော ရင့်ထံမှ ဖြစ်၏။

"ကြည့်စမ်း ရင့်ဆိုတဲ့ ငါလိုမိန်းမမျိုးကို မျက်နှာလုပ်ချင်တဲ့ ယောကျ်ားတွေ အများကြီး၊ မိဘအသိုင်းအဝိုင်း၊ ဂုဏ်မနေ ပန္နည်းဥစ္စာ အစစအရာရာ ပြည့်စုံတဲ့ ငါ့ကို မတူမတန်သလို ပြောလိုက်တာများ ငါနဲ့တွဲသွားရင်ပဲ သူ့ဂုဏ်သိက္ခာ ထိခိုက်မှာစိုးဟန်နဲ့"

ရင့်မှာ တစ်ယောက်တည်း မခံမရပ်နိုင် ဖြစ်နေ၏။ တကယ်လည်း ကျယ်ဝန်းသော ခြံကြီးထဲမှာ ခေတ်မီလှပသော ပုံစံဖြင့် ခမ်းနားစွာ တည်ဆောက်ထားသော ရင့်တို့၏ အဖြူရောင် တိုက်ကြီးမှာ ဖဲဝင့်ထည်တို့၏ ရှေးကျသော ပုံစံထက်ပို၍ ကောင်းလှသည်မဟုတ်လား။





ဟင်း…ကြည့်နေ ရင့်အကြောင်း သိရစေမယ်။

ဖဲဝင့်ထည်အပေါ် မကျေနပ်သော ရင့်က တစ်ယောက်တည်း ကြိမ်းဝါးလိုက်လေ၏။

"ငါပြောတာ လွန်သွားပြီထင်တယ်၊ ရင့်မာနကို ထိခိုက်သလို ဖြစ်သွားသလား"

ကျန်ရစ်ခဲ့သော ဖဲဝင့်ထည်မှာလည်း အားနာစိတ်ဖြင့် ...းမိ၏။

"အင်း ငါက စေတနာနဲ့ ပြောတာပဲ၊ ငါ့အတွက်ထက် ...ကလေးဖြစ်တဲ့ သူ့အတွက်လည်း ပါတာပဲ၊ ရင့်နေရာမှာ သင့်က ...ကိုတင့်နဲ့ မနက်တိုင်း လမ်းအတူတွဲလျှောက်မယ်ဆိုရင်လည်း ...ခပြုနိုင်ဘူးလေ"

ညီမချင်း စာနာလျက် ရင့်အပေါ် သူပြောတာ မလွန်ပါ ... ဖဲဝင့်ထည် စဉ်းစားပြန်သည်။

သို့သော်…

ဣန္ဒြေရှင်မလေး သင့်နှင့် ခေတ်မီသော ရင့်တို့ စရိုက်ချင်း ...ခြားပုံကို ဖဲဝင့်ထည် မစဉ်းစားမိခြင်းပင်။

"စောစောစီးစီး မျက်နှာက ဘာဖြစ်လာတာလဲ ရင့်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲအဝင်မှာ ကိုကိုတင့်နှင့် ရင့် လာတွေ့နေ၏။

"အတော်ပဲ ကိုကို့ကို ရင့် ပြောစရာရှိတယ်"

"ဘာများလဲ ရင့်ရဲ့"

သည်တစ်ခါ သင့်အတွက် စံပယ်ပန်းများပေးဖို့ စိတ်ကူ နေသော ကိုကိုတင့်က အလိုက်သင့်မေးတော့

"ဒီမှာ ကိုကိုလည်း ဟိုဘက်ခြံကိုသွားဖို့ နည်းနည်း စိတ်မကူးနဲ့နော်"

"ဘာဖြစ်လို့တုန်း ရင့်"

"အို အဲဒီခြံကဟာတွေ သူတို့ကိုယ်သူတို့ မင်းမျိုးမင်းနွ ဆိုပြီး အသားလွှတ် ဘဝင်မြင့်နေတာ ကိုကိုရဲ့၊ သူတို့အသိုင်းအဝိုင် ကလွဲပြီး တခြားလူတွေကို မခေါ်ချင်သလိုလို မပြောချင်သလိုလိုနဲ့"

ရင့်ပြောတာ မှန်တယ်ဟု ကိုကိုတင့် စိတ်ထဲက ထောက် လိုက်ပေမယ့် တကယ်တမ်းမှာ မဟာဆန်၍ လှပသော သင့်အာ တွေ့ချင်စိတ် ဖြစ်ပေါ်လာတာ ကိုယ်တိုင်တားမရပါလား။

"ငါ့ညီမတော့ စောစောစီးစီး ခံဝင့်ထည်နဲ့ ပြဿနာဖြ လာပြီထင်တယ်"

အိမ်မှာအငယ်ဆုံးမို့ ဗိုလ်အကျဆုံးဖြစ်သော ရင့်၏





နည်းနည်းလေးမှ မခံတတ်သော စိတ်ဓာတ်ကို သိစွာ ကိုကိုတင့် ပြောလိုက်သည်။

"ဟုတ်တယ် ဟုတ်တယ်၊ ဒီလူ တော်တော်မှန်းဖို့ ကောင်းတယ်၊ သူ့ကိုယ်သူ ဘုရင်တစ်ပါးများ ထင်နေလားမသိ ဘူး"

"ဘာလဲရင့် ခံဝင့်ထည်က ရင့်ကို ဘာစော်ကားလိုက် သလဲဟင်၊ ပြောစမ်း"

ညီမထိတော့ အစ်ကိုပီသစွာ ကိုကိုတင့် မခံနိုင်သလို မေး၏။ အစစအရာရာ ပြည့်စုံသော ကိုကိုတင့်ကလည်း အမှန် အတိုင်းပြောရလျှင် မည်သူ့ကိုမျှ အရေးစိုက်တတ်သူမဟုတ်။

မျိုးမြတ်သင့်နဲ့ကြမှလေ ကိုကိုတင့်စိတ်က အနည်းငယ် ပြောင်းသွားခြင်းဖြစ်၏။

"အို ကိုကိုတင့်ကလည်း ခံဝင့်ထည်က ရင့်ကို ဘာစော် ကားရဲမှာလဲ၊ ရင့်အကြောင်းလည်း ကိုကိုသိသားနဲ့"

"အေးလေ ဒါဆိုပြီးတာပါပဲ၊ ကိုယ့်အပေါ် အရေးမစိုက် တဲ့လူမျိုး စိတ်အမောခံပြီး အတွေးထဲတောင် မထည့်လေနဲ့ရင့်"

ကိုကိုတင့်က ထိုမျှပြောပြီး ထွက်သွားလေ၏။ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ချင်း ပြဿနာဖြစ်မည်စိုး၍ ရင့်က ထိန်းထိန်းသိမ်းသိမ်းနှင့် ကိုကိုတင့်အား တမင်မပြောလိုက်ခြင်းဖြစ်သည်။

※ ※ ※



''သင့်''

''ဟင် ဒေါက်တာ''

လက်ထဲမှာ ဖြူလွွှမ်းပွဲ့သော စံပယ်ပန်းကုံး အထပ်လိုက်နှင့် ကိုကိုတင့်ကိုတွေ့တော့ သင့်မျက်နှာလေး ပျက်သွား၏။

သည်မနက် ရပ်ကွက်ထဲရှိဈေးသို့ သင့်လာခြင်းဖြစ်၏။ ဒေါ်စန်းမှာ ဒူးနာနေ၍ အိမ်ထဲမှာနေစေသည်။

''ဒီတစ်ခါတော့ သင့်ကြိုက်တဲ့ စံပယ်ပန်းတွေ ကျွန်တော်ယူလာတယ်''

ကိုကိုတင့်က လှပကျက်သရေရှိသော သင့်မျက်နှာလေးအား နူးညံ့စွာကြည့်ရင်း အပြုံးများဖြင့်ပြောသည်။

သင့်က သက်ပြင်းလေးချ၍ ခေါင်းခါယမ်းလိုက်၏။

''စိတ်မကောင်းပါဘူး ဒေါက်တာ၊ ဒီပန်းတွေကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်ပါဘူး''

''ဗျာ''

''ဟုတ်ပါတယ် ဒေါက်တာ၊ နောက်တစ်ခါတွေ့လည်း ကျွန်မကို ပန်းပေးဖို့ ဘယ်တော့မှ မကြိုးစားပါနဲ့၊ ခွင့်ပြုပါဦး''

ဆင်စွယ်ရောင် ရင်ဖုံးအင်္ကျီ လည်ထောင်လက်စကလေးနှင့် အနက်ပေါ်မှာ ဆင်စွယ်ရောင်ပွင့်ခက် စိပ်စိပ်လေးတွေပါသော လုံချည်နှင့် တွဲဝတ်ကာ ဝင်းဝါနုထွေးသည့် မျက်နှာလေးမှာ သနပ်ခါးမှုန်မှုန်၊ တစ်ပတ်လျှိုဆံထုံးလေးဖြင့် မယ်ဇမာအရှုံးပေးရလောက်သော အချိုးအစား ပြေပြစ်သော ခန္ဓာကိုယ်နှင့် မဟာဆန်သူလေး၏ ပြတ်သားစွာ ငြင်းဆန်မှုကြောင့် ကိုကိုတင့်တစ်ယောက် စိတ်ထိခိုက်သွားရသလိုပါပဲ။

ခက်တာကိုမှ တန်ဖိုးထားသော လူ့သဘာဝအတိုင်း ကိုကိုတင့်သည် ဖွဲ့မလျှော့ဘဲ…

''ဒီမှာ ခဏနေပါဦး သင့်''

ပြောရင်း သင့်နှင့်အတူ ဘေးချင်းယှဉ်လိုက်၏။ သင့်ခြေလှမ်းလေး ရပ်သွားကာ…

''ဒါဘာလုပ်တာလဲ ဒေါက်တာ''





ပတ်ဝန်းကျင်က ကြည့်နေမလားဟု ရှက်စိတ်ဖြင့် တွေးရင်း ကိုကိုတင့်ကို သင့် မေးလိုက်သည်။

ကိုကိုတင့်မျက်လုံးတို့က သင့်အား ရွှန်းစိုစွာ ကြည့်လျက်

''ကျွန်တော်ဟာ လူရမ်းကားတစ်ယောက် မဟုတ်ပါဘူး သင့်''

''ဒေါက်တာကို ကျွန်မ အဲဒီလို မစွပ်စွဲမိပါဘူးရှင်''

''ဒါပေမယ့် သင့် ပြောလိုက်ပုံက ကျွန်တော်ဒီထက်ဆိုးတဲ့အဖြစ်ပဲ၊ မှန်တာပြောရရင် ကျွန်တော့်ပတ်ဝန်းကျင်မှာ မိန်းကလေးတွေအများကြီးပါ၊ သေချာတာကတော့ ဘယ်မိန်းကလေးကိုမှ သင့်လို ပန်းမပေးဖူးတာပဲ''

တည်ကြည်သော မျက်နှာဖြင့် ကိုကိုတင့်က သင့်အား ရှင်းပြလိုက်၏။

''လူ့စိတ်ဆိုတာကလည်း ခက်သားပဲသင့်၊ ကျွန်တော်ကသာ ပန်းပေးရင် လိုချင်မယ့်သူများ ရှိပေမယ့် ကျွန်တော်ပေးချင်တဲ့လူက တစ်ယောက်ဖြစ်နေတယ်လေ၊ အဲဒီတစ်ယောက်ဟာ သင့်ပဲ''

''အို''

မနက်စောစောစီးစီး အချိန်မှာ ကိုကိုတင့်က သင့်အား



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကားပြောနေသလားဟု တွေးမိလျှက် နီမြန်းသောမျက်နှာလေး ဖြစ်သွားသည်။

"ဒါပေမယ့် ကျွန်မက ဒေါက်တာပေးတဲ့ ပန်းကိုမှ မလိုချင်ဘဲ၊ ဒါကြောင့် ဒေါက်တာ့ဆီက ပန်းလိုချင်တဲ့သူတွေကိုသာ ပေးလိုက်ပါ"

ကိုကိုတင့်နားမှာ ဝိုင်းဝိုင်းလည်နေသည်ဆိုသော မိန်းကလေးတွေအား တမင်ရည်ညွှန်း၍ ပြောလိုက်၏။

ကိုကိုတင့်က ခေါင်းခါယမ်းသည်။

"မပေးနိုင်ဘူး သင့်၊ သင့် မလိုချင်ပေမယ့် ကျွန်တော်ပေးတဲ့ပန်းဟာ သင့်တစ်ယောက်အတွက်ပဲ ဖြစ်ရမယ်၊ ဒါကြောင့် တစ်နေ့ သင့်က ကျွန်တော့်ဆီက ပေးတဲ့ပန်းကို လိုလိုလားလားယူမယ့်နေ့ပဲ စောင့်နေမယ်၊ ခုတော့ ဒီပန်းတွေကို အခြောက်ခံပြီး ကျွန်တော်သိမ်းထားမယ် သင့်"

ထို့နောက် ကိုကိုတင့်က သင့်နားမှ ထွက်ခဲ့သည်။ စရိုက်ချင်းမတူသူမို့ ရေရှည်ဆက်စပ်၍ မဖြစ်နိုင်ဟုတွေးကာ ငြင်းဆန်သည့်စကားမျိုးကိုမှ သင့် တမင်ပြောလိုက်တာပါ။

"ဒေါက်တာကိုကိုတင့်လို လူမျိုးကို ငါ ဒီလိုပြောလိုက်





တာ လွန်သွားပြီလား"

သေချာတွေးကြည့်တော့ ကိုကိုတင့်သည်လည်း ဂုဏ်သိက္ခာရှိသော လူတစ်ယောက်ပင်။

"အို မဖြစ်နိုင်တဲ့ကိစ္စမို့ စောစောစီးစီး ပြတ်ပြတ်သားသားပြောတာ အကောင်းဆုံးပါပဲ"

နဂိုစိတ်ခံတတ် ပျော့ပျောင်းနူးညံ့သူလေး သင့်မှာ ကိုယ့်ဘာသာ သတိပေးရင်း ကိုကိုတင့်အား ခေါင်းထဲမှ ဖယ်ထုတ်လိုက်၏။

"သေချာတယ်၊ ဒီပုံစံဆို ရင့်လည်း ငါ့လို ခံစားလာရတာပဲ၊ ဒါကြောင့် ရင့်က သူတို့နဲ့ မဆက်ဆံဖို့ ငါ့ကိုတားလိုက်တာပဲ"

မိန်းကလေးတိုင်း အရေးပေးခဲ့သော ကိုကိုတင့်မှာ သင့်၏ ပြတ်သားစွာ အငြင်းကြောင့် ရင်ဝယ် ရှက်ခြင်းနှင့်အတူ ခံရခက်နေသည်။

"ခက်တာက မဟာဆန်ဆန်နဲ့ လှပကျက်သရေရှိတဲ့ သင့်က ငါ့စိတ်ကို ညှို့ငင်ထားပြီး သင့်ကို ငါရှောင်နိုင်ပါ့မလား"

ကိုကိုတင့်အနေဖြင့် တကယ်တမ်း လက်ထပ်ဖို့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လျှင် သင့်လိုမိန်းကလေးမျိုးနှင့်သာ ဆုံချင်၏။

အိမ်ထောင်တစ်ခုမှာ ယောကျ်ားနှင့်မိန်းမ နှစ်ယောက်စလုံး ခေတ်မီလွန်းခြင်းသည် မကောင်းဟု ကိုကိုတင့်ထင်၏။ ဥပမာပြော ရလျှင် လက်ရှိ ကိုကိုတင့်၏ မိဘနှစ်ပါးပင်။

မာမီက နိုက်ကလပ်တက်သလို ဒက်ဒီကလည်း မတား။ သူပျော်သလိုနေသည်။ ပြန်ဆုံလျှင် ရန်ဖြစ်ကြပြီ။

“မင်းက မိန်းမကွ၊ မိန်းမဆိုတာ ယောကျ်ားနဲ့ ခြေချင်း တိုင်းစရာမလိုဘူး မှုယာ”

“အို လုပ်မနေစမ်းပါနဲ့ရှင်၊ ဒီခေတ်မှာ အဲဒါတွေက ဒိတ်အောက်တဲ့ အယူအဆပါ၊ ယောကျ်ားမိန်းမ မခွဲခြားဘဲ အခွင့် အရေးအပြည့်ရှိတယ်”

နှစ်ယောက် ခြေလှမ်းတူတော့ တစ်ယောက်ကိုတစ်ယောက် မထိန်းနိုင်ခဲ့ပေ။ သည်လိုအိမ်ထောင်ရေးမျိုး ကိုကိုတင့် မကြိုက်ပေ။

“မြန်မာဆန်ဆန်နဲ့ သင့်လို အိမ်ထောင်ရှင်မပီသတဲ့ မိန်းက လေးမျိုးနဲ့မှပဲ”

ယောကျ်ားတွေ၏ စိတ်က ခက်သည်။ အပြင်ပန်းကသာ ခေတ်မီတာ လှတာ ချောတာကြိုက်ပြီး ကိုယ်တကယ်လက်ထပ်





ဆိုလျှင်တော့ ဣန္ဒြေရှင်မိန်းကလေးတွေကိုသာ များသောအားဖြင့် ကြ၏။ ကံမကောင်းလို့ ကိုယ့်လက်ထဲရောက်မှ ထိုမိန်းကလေး ဆန်းသွားလျှင်လည်း ဘာမှမတတ်နိုင်တော့။

“ငါ့ကို ဂရုမစိုက်တဲ့ သင့်၊ သူဂရုစိုက်လာအောင် တခြား းကလေးတွေနဲ့ တွဲပြလိုက်မယ်၊ ဒါမှ သင့် မနာလိုဖြစ်မှာ”

အစကတည်းက မိန်းကလေးများကို ထည်လဲတွဲတတ် သော ကိုကိုတင့်က သင့် မနာလိုဖြစ်ရန် ရည်ရွယ်ချက်နှင့် အတွေးမျိုး ဝင်ခဲ့သေးသည်။

“ဟင် ဒီစံပယ်ပန်းတွေက ဘယ်လိုဖြစ်တာလဲ ကိုကို”

အပြင်သွားဖို့ လှပစွာ ပြင်ဆင်လာသော ရင့်နှင့် အပေါ် ဝ်လှေကားထိပ်တွင် ကိုကိုတင့် ဆုံတော့သည်။

လက်ထဲမှပန်းများကိုကြည့်ပြီး ရင့်မေးတော့ ကိုကိုတင့် က်နှာတစ်ချက်ပျက်ပြီး

“ဘုရားလှူမလို့ဟော့၊ ဘုရားလှူမလို့”

အရွဲ့တိုက်ဖြေတော့ ရင့် မဲ့ခနဲပြုံးသည်။

“အမယ်လေး အကြောင်းမသိတွေ ကြနေတာပဲ ကိုကိုရာ၊ လဲ သင့်က ပန်းတွေကို လက်မခံလိုက်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ၊ ရှင့် နင်သွားစရာရှိတာသွား"

အရှိက်ထိသလိုမို့ ညီမဖြစ်သူရှင့်ကို ကိုကိုတင့် ခပ်

လေး ယောက်လိုက်၏။

"အမယ် သွားမှာပါနော်၊ ဒါပေမယ့် ရှင့်ကိုတော့

ပေးပြီး ကိုကိုက ဘာကြောင့် သွားပတ်သက်နေဘာလဲ၊

ရှင့်သတိပေးလိုက်ရဲ့သားနဲ့၊ ခံရတာတောင် နည်းသေးတယ်"

အစ်ကိုလုပ်သူအတွက် ရှင့် ခံပြင်းမိလေသည်။ တ

ခြံက မောင်နှမ ဒီလောက်ဘဝင်မြင့်နေတာ ဟင်း။

"မာမီတို့ကို သွားမပြောနဲ့နော် ရှင့်"

"စိတ်ချ မပြောဘူး၊ ဒီလို ဘဝင်မောင်နှမတွေ

မာမီနဲ့ ဒက်ဒီ စိတ်မရှုပ်စေရဘူး၊ ရှင့်ဘာသာ ပညာပြမယ် ကို

"ဟင်"

ရှင့်ဘယ်လိုတွေ ပညာပြမည်ဆိုတာ မသိသော ကို

မျက်လုံးပြူးသွား၏။

"ရှင့် နင်ထင်ရာတွေ လျှောက်မလုပ်နဲ့နော်"

"အို ကိုကိုလည်း သင့်ကိုပညာပြဖို့ စဉ်းစားပါ

သွားပြီ"





လက်ထဲမှာ ကားသော့လေး ဝှေ့ယမ်းလျက် ရှင့် ထွက်သွားရာသို့ ကြည့်ရင်း ကိုကိုတင့်တစ်ယောက် စိတ်မောစွာ သက်ပြင်းချလိုက်လေ၏။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ဟိုဟာ ရင့်ပါလား"

မျက်နှာချင်းဆိုင် တူရူမှလျှောက်လှမ်းနေသော အဖြူရောင် ဘောင်းဘီတို၊ အဖြူရောင်ကိုယ်ကြပ် စပို့ရှပ်တို့နှင့် ဦးထုပ်ဖြူ ကင်းဗတ်အဖြူနှင့် ရင့်က အနားတွင် အားကစားဝတ်စုံဖြင့် ယောက်ျားတစ်ဦးနှင့် မနေးမမြန်လျှောက်ရင်း ရယ်မောကာ စကား ပြောလာလေ၏။

ထိုမြင်ကွင်းကို ထိပ်တိုက်တွေ့သူက မနက်ခင်းတိုင်း လမ်းလျှောက်တတ်သည့် ဖဲဝင့်ထည်။ ရုတ်တရက် ရင့်ကို သူစိမ်း ယောကျ်ားတစ်ဦးနှင့် တွေ့လိုက်ရတော့ ဖဲဝင့်ထည် မျက်နှာပျက် ချင်သွားသည်။

"ဟာ မဟုတ်သေးပါဘူး၊ ရင့်ဘာသာ ဘယ်လိုလူ လျှောက်ပါစေ ငါနဲ့ဘာဆိုင်လို့လဲ"





အနီးကပ် ရင်ဆိုင်လာသော ရင့်တို့ကို မျက်စိရှောင်လွှဲ ကြိုးစားရင်း ဖဲဝင့်ထည်ဘာသာ ဖြေသိမ့်လိုက်စဉ်…

"ဟော့ ကိုဖဲဝင့်ထည် လမ်းလျှောက်ပြန်လာပြီလား"

"ဗျာ ဟုတ်ကဲ့"

မမျှော်လင့်ဘဲ ရင့်က နှုတ်ဆက်တာကြောင့် ဖဲဝင့်ထည် ရှောင်လွှဲမရတော့ပေ။

"အဟင်း ရင့်တို့လည်း လမ်းလျှောက်တာလေ၊ ဪ မိတ်ဆက်ပေးရဦးမယ်၊ ဒါ စတ္တန်းမိတ် ကိုဝဏ္ဏတဲ့၊ ကိုဝဏ္ဏ ဒါက ရင့်တို့ခြံနီးချင်း ကိုဖဲဝင့်ထည်တဲ့"

ရင့်က အမျိုးသားနှစ်ယောက်ကို မိတ်ဆက်ပေးလိုက် သည်။

"တွေ့ရတာဝမ်းပါတယ်၊ ကိုဖဲဝင့်ထည်"

"ဗျာ ဟုတ်ကဲ့၊ ကျွန်တော်လည်း အတူတူပါပဲ ကိုဝဏ္ဏ"

မမျှော်လင့်ဘဲ ယောကျ်ားသားနှစ်ယောက် လက်ဆွဲနှုတ် ဆက်ဖြစ်၏။ သဘော်အင်ဂျင်နီယာ ဝဏ္ဏမှာ ဆံပင်လိုင်းတွန့် မျက်နှာသွယ်သွယ်နှင့် မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းလျက် ဆိုက မနိမ့်မမြင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇဝင့်ထည်ကဲ့သို့ အရပ်မြင့်မြင့်မားမား၊ ယောကျ်ားပီသစွာ ကျစ်လစ်တောင့်တင်းသော ကိုယ်ခန္ဓာ၊ ဖြောင့်စင်းထူထဲ နက်မှောင်သည့် ဆံပင်ကို ခပ်တိုတိုညှပ်လျက် မဟာနဖူး၊ မျက်လုံး၊ မျက်ခုံး ကောင်းကောင်းနှင့်မဟုတ်ပေ။

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်တာကို ရင့်က ဘေးမှ ခပ်ပြုံးပြုံးကြည့်နေသည်။

"ကဲ ရင့်တို့ ဆက်လျှောက်လိုက်ဦးမယ်၊ ကိုဇဝင့်ထည် အဖော်လေးနဲ့ လမ်းလျှောက်ရတာဆိုတော့ အမောပြေတယ်လေ"

"ဟုတ်တယ်ဗျ၊ အထူးသဖြင့် ရင့်လို အဖော်မျိုးနဲ့ဆို ပိုအမောပြေတယ် ကိုဇဝင့်ထည်ရေ၊ ကဲ သွားပြီဗျို့"

ဝဏ္ဏက သွက်လက်စွာဝင်ပြောရင်း ရင့်နှင့်အတူ ထွက်သွားလေ၏။

ဒါ ငါကို ရင့် အရွဲ့တိုက်တာဖြစ်မယ်။ ငါက သူနဲ့အတူ လမ်းမလျှောက်တော့ ကိုဝဏ္ဏက အဖော်အဖြစ် ပြလိုက်တာပဲ။

ထိုအတွေးကြောင့် ဇဝင့်ထည်ရင်ထဲ ပူလာသလိုလို။ သို့သော်...

"ဘာလို့ ငါ ဒါမျိုးတွေးရတာလဲ၊ ရင့်ဆိုတဲ့ မိန်းကလေး





အစကတည်းက ခေတ်မီသူပဲ"

သည်လိုတွေးပြန်တော့လည်း ဇဝင့်ထည်ရင်ထဲ အေးသွား၏။

"ငါ့အလုပ်က ကုမ္ပဏီဖွင့်ဖြစ်ဖို့ အမြန်ဆုံးကြိုးစားတာပဲ ကောင်းတယ်"

လမ်းလျှောက်ရာမှ ပြန်ရောက်တာနှင့် ဇဝင့်ထည်က ခဏ ရေချိုးလိုက်သည်။ ထို့နောက် အဝတ်အစားလဲပြီး သင့်ပြင်ထားသော မနက်စာကိုစား၏။

"ကိုကြီး ဒီနေ့ မြို့ထဲသွားဦးမှာလား"

"အင်း သွားမှာပေါ့ သင့်၊ ကုမ္ပဏီဖွင့်ဖို့ နေရာစီစဉ်ရမယ်"

"ဒါဆို သင့်လည်းလိုက်ခဲ့မယ် ကိုကြီး၊ အိမ်အတွက်လိုတဲ့ပစ္စည်း နည်းနည်းပါးပါး ဝယ်ရအောင်လို့"

"လိုက်ခဲ့လေ သင့်၊ ကဲ အဝတ်အစားသွားလဲတော့"

"ဟုတ်ကဲ့"

အပြင်သွားရန်အတွက် သင့်က အဝါနုရောင် ရင်ဖုံးအင်္ကျီ ...ဆောင်လက်ပြတ်လေးနှင့် အနက်ပေါ်တွင် အဖြူပွင့်သေးလေး



www.burmeseclassic.com

www.burmeseclassic.com



များပါသော လုံချည်ဝတ်လိုက်၏။

ထိုနောက် ဆံပင်ရှည်ကြီးများကို ဆံပြီးကျစ်ဖွဲ့တစ်ချောင်းတည်းကျစ်ကာ သနပ်ခါးမှုန်မှုန် မျက်နှာပေါ်သို့ ပေါင်ဒါမှုန့်လေး ထပ်ရိုက်လိုက်၏။

သင့်၏ဝင်းအိသော အသားအရေမှာ အဝါနုရောင်ကြောင့် ပိုလင်းလက်သွားကာ အနက်ရောင် ကတ္တီပါဖိနပ်လေးကြောင့် ဖြူဝင်းဝါသော ခြေထောက်မို့မို့လေး ပို၍ပေါ်လွင်သွားသည်။

"အသင့်ဖြစ်ပြီလား သင့်"

"ဟုတ်ကဲ့ ကိုကြီး"

အနက်ရောင် သားရေလက်ကိုင်အိတ်ထဲသို့ ပိုက်ဆံတစ်ထပ်ထည့်ပြီး ရင့် လှေကားမှ ဆင်းခဲ့လိုက်သည်။

"ဒွေးလေးရေ လိုအပ်တဲ့စာရင်း ရေးပြီးပြီလား"

"အသင့်ပဲ သင့်"

ဒေါ်စန်းက ဒူးနာနေတာမို့ မခေါ်တော့ဘဲ သင့်က ဇဝင့်ထည်နှင့် လိုက်ခဲ့ခြင်းဖြစ်၏။

"သင့်ကို ဘယ်ပို့ပေးရမလဲ"

ကားမောင်းနေရာမှ ဇဝင့်ထည်မေးလိုက်သည်။





"ပလာဇာပဲချပေးခဲ့ပါ ကိုကြီး၊ အဲဒီမှာ ပစ္စည်းစုံတယ်"

"သင့် တစ်ယောက်တည်း ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ကိုကြီးရဲ့၊ အပြန် သင့်ဘာသာ ကားငှားသွားပါ့မယ်"

"ဒါဆို ကိုကြီး စိတ်ချမယ်နော်"

"ဟုတ်ကဲ့"

ဇဝင့်ထည်က သင့်ကို ပလာဇာရှေ့ချပြီး ထွက်လာခဲ့သည်။ လူတွေစည်ကားသော ပလာဇာထဲသို့ သင့်ဝင်ခဲ့၏။

မယ်မယ်က သင့်ကို မိန်းကလေးတစ်ယောက်တတ်အပ်သော ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ အိမ်ထောင်မှု ထိန်းသိမ်းခြင်း အတတ်များအား ငယ်စဉ်ကတည်းက သင်ပေးခဲ့သည်။

"ဟင် သင့်"

ဇာလီပူဆော၍ ပလာဇာသို့ လိုက်ပို့ပေးသော ကိုကိုတင့်မှာ လူကြားထဲတွင် ဝင်းနှစ်စွာဖြင့် လှနေသောသင့်အား တွေ့လိုက်ရတော့ အံ့သြသွား၏။

ကြည့်စမ်း သင့်တစ်ယောက်တည်းပါလား။

အနားမှာ ဇဝင့်ထည်ကို မမြင်ရ၍ သင့်အတွက် အရိုလို



www.burmeseclassic.com

www.burmeseclassic.com



နေရင်း ကိုကိုတင့် စိတ်ပူသွားရ၏။

"ကိုတင့် သွားတော့မယ်လေ၊ ဘာလုပ်နေတာလဲ"

လိုချင်တာရပြီဖြစ်သော ဇာလီက တုန့်နှေးနေသည့် ကိုကိုတင့်အား မူနွဲ့နွဲ့လေးပြောလိုက်၏။

"ရှော့ ဇာလီ ကားထဲကသွားစောင့်နေ၊ ကိုယ် ဝယ်စရာလေး မေ့နေလို့"

"ဟင့် ကိုကိုတင့်တို့ကတော့လုပ်ပြီ၊ ဇာလီလည်း ကိုတင့်နဲ့အတူလိုက်မယ်"

ကိုကိုတင့် လက်မောင်းကိုဖက်ကာ ဇာလီပြောတော့....

"ဟာ မဖြစ်ဘူး ကိုယ်ဝယ်မှာက ယောကျ်ားအသုံးအဆောင်ကွ၊ ကဲ ဇာလီက လိမ္မာပါတယ်"

"ဒါဆို မြန်မြန်လာခဲ့နော်"

"အင်းပါ"

ဇာလီကားသော့ယူပြီး ထွက်သွားမှ ကိုကိုတင့် သက်ပြင်းချ၍ သင့်ဆီ သွက်သွက်လေးထွက်ခဲ့၏။

ဟင် သင့် ဘယ်ရောက်သွားပါလိမ့်။ ရှုပ်ထွေးသော လူတွေကြားမှ သင့်ကိုရှာမိသည်။





"ဟော"

သင့်ကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်မိဘဲ ဝယ်စရာ ာတွေဝယ်နေ၏။

"သင့်"

"ဟင် ဒေါက်တာ"

"ဒီလိုနေရာမှာ သင့်ကိုတွေ့လိုက်ရတာ၊ ကျွန်တော် အံ့သြ းတာပဲ"

"ဘာဖြစ်လို့လဲ ဒေါက်တာ၊ ဒါ လှုတိုင်းသွားလာခွင့်ရတဲ့ ရာမဟုတ်လား"

သည်တော့ ကိုကိုတင့် ခေါင်းခါယမ်း၏။

"လူတိုင်းဝင်ထွက်သွားလာတာ ဟုတ်ပေမယ့် ကျွန်တော် တဲ့ သင့်က အိမ်ထဲမှာပဲ နေတာမဟုတ်လား"

"အဟင်း၊ ဒါ ဒေါက်တာအထင်ပါ၊ တကယ်တမ်းမှာ ရှင်မတစ်ယောက်ဆိုတာ အိမ်ထဲမှာချည်း နေလို့မှမပြီးဘဲ၊ ကိုယ့် အတွက် လိုအပ်တာတွေလည်း အပြင်ထွက်ဝယ်ရသေးတယ် "

ပန်းမဆုံးအကြိမ် သင့်၏အပြုံးကို အမှတ်တမဲ့ တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသော ကိုကိုတင့်မှာ ငေးခနဲဖြစ်သွား၏။

ကြည့်စမ်း သင့်က ပြုံးလိုက်ရင် ပိုလှပိုနုငယ်သွားတာပဲ။

"ဒေါက်တာကကော"

"ဗျာ ကျွန်တော်လား"

"အင်းလေ"

သင့်ကို ငေးမိနေတာမို့ ကိုယ့်ဘာသာ သတိမဲ့သလို ဖြစ်သွားရသည်။

"ကျွန်တော်လည်း ဟိုဟိုဒီဒီကြည့်ရင်း"

"ဒေါက်တာ မိတ်ဆွေကော မမြင်ပါလား"

"ဗျာ"

"ဪ စောစောကထဲက ကျွန်မလေ ဒေါက်တာတို့ကို မြင်ပါတယ်"

"ဟာ အဲဒါ အဲဒါ"

ရုတ်တရက် လူမိခံလိုက်ရသလိုမို့ ကိုကိုတင့် မျက်နှာ ပျက်သွားသည်။

"ကျွန်မ သွားလိုက်ဦးမယ်၊ ဒေါက်တာ"

"ဗျာ ဟုတ်ကဲ့"





သင့် ထွက်သွားတော့ ကိုကိုတင့် ခေါင်းခါကျန်ရစ်သည်။

ကျွတ် ဘာကြောင့်များ ဓာလီကို သင့် တွေ့သွားရတာပါလိမ့်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

"ဓာမဏီ ကုမ္ပဏီဖွင့်ပွဲသို့" တက်ရောက်ပါရန် ခန့်ညား
သော ဖိတ်ကြားစာရောက်လာတော့ ရင့်တို့မိသားစု အံ့သြရ

"တောပုံတောကိုက်တွေနဲ့ သူတို့က ကုမ္ပဏီပိုင်ရှင်ဖြ
ကိုး"

ဖဝင့်ထည်နှင့် မျိုးမြတ်သင့်တို့၏ ပုံစံကိုကြည့်ကာ အထ
သေးခဲ့သော ဦးဂျော်နီ၊ ဒေါ်မှုယာနှင့် ကိုကိုတင့်တို့က···

"သူတို့လိုလူမျိုးတွေ ကုမ္ပဏီထောင်တာ ဘယ်လိုပစ္စည်း
တွေကို အဓိကထားမလဲ မသိဘူး ဒက်ဒီ"

"ဘာပဲဖြစ်ဖြစ် သူတို့လည်း ကုမ္ပဏီပိုင်ရှင်ဆိုတော့ ဒက်
တို့နဲ့ လုပ်ငန်းတူပဲ သား၊ ဒီတော့ လေးလေးစားစားတက်ရမယ်"

ဦးဂျော်နီစကားကို ရင့်က ထောက်ခံသည်။

"တက်ရမှာပေါ့ ဒက်ဒီ၊ ရင့်လည်းလိုက်မယ်"





"အမယ်လေး ငါ့သမီးရှေ့ဆုံးက တက်ရမှာပေါ့ကွယ်"

ဒေါ်မှုယာက သမီးအလှကို ပွဲထုတ်လိုစိတ်ဖြင့် အားတက်သရောပြောသည်။

တကယ်ပဲ ကုမ္ပဏီဖွင့်ပွဲသို့ ရင့်က အနက်ရောင်လက်ပြတ်ဂါဝန်၊ ကိုယ်ကပ်အကျီရှည်နှင့် ဖြူနုသော အသားအရေမှာ လိုက်ဖက်ကာ ရွှေညိုရောင်ဆံပင်များကို ဖြန့်ချလျက် စိန်နားဆွဲ စိန်လက်ကောက်ကြိုးပျော့နှင့် ဖန်စီပုံစံ စိန်လက်စွပ်တို့ဖြင့် လည်ပင်းအလှကို ဘာမှမဝတ်ဘဲ ဖော်ထားလေ၏။

လေဒီရှူးဒေါက်မြင့်အနက် လက်ကိုင်အိတ်အနက်နှင့် သွယ်မြင့်သော ရင့်ပုံစံလေးမှာ ရုတ်တရက်ကြည့်လျှင် နိုင်ငံခြားသူမလေးလိုလို။

"မာမီ့သမီးလေးကတော့ ဘယ်အချိန်ကြည့်ကြည့် အရမ်းလှတာပဲကွယ်"

ခေတ်မီစွာ ပြင်ဆင်ထားသော ဒေါ်မှုယာက ရင့်ကို ချစ်မြတ်နိုးစွာ ချီးကျူးလေ၏။

"အဟင်း မာမီကလည်း လှတာပါပဲနော်"

"မာမီ လှတယ်ဆိုတော့ ဒက်ဒီကော သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်နီက အနက်ရောင် အနောက်တိုင်းဝတ်စုံဖြင့် ထွက်လာရင်းမေး၏။

"အို ရင့်ဒက်ဒီက အခန့်ညားဆုံးပဲပေါ့"

"ဒါဆို ကိုကိုကောရင့်"

အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် ကိုကိုတင့်က လှေကားပေါ်မှဆင်းလာရင်း မေးပြန်တော့…

"ပြောစရာလိုသေးလား ကိုကိုရယ်၊ ရင့်ကိုကို ဒီလောက်ချောလို့ မိန်းကလေးတွေ ဝိုင်းနေတာပေါ့"

"ဟား ဟား ငါ့ညီမပြောတဲ့စကားတွေမှာ ဒီစကားအကြိုက်ဆုံးပဲဟေ့"

ရင့်မြင်သလို သင့်သာ ကိုကိုတင့်အား ဒီလိုမြင်လျှင် ဘယ်လောက်ကောင်းမလဲဟု တစ်ဆက်တည်း တွေးမိသူက ကိုကိုတင့်။

"ကဲ ကဲ အားလုံးပြီးရင် သွားကြစို့"

ဦးကျော်နီ လှမ်းခေါ်လိုက်မှ ရင့်တို့အားလုံး လင်ခရုစ်ကားပေါ် တက်ကြသည်။ ကားကို ကိုကိုတင့်ကမောင်း၍ ဦးကျော်နီ ဘေးမှလိုက်၏။ ဒေါ်မူယာနှင့် ရင့်က နောက်ခန်းမှာ ကားမှာ





[illegible]ကွန်းဖွင့်လျက် အေးမြနေသည်။

မကြာခင် ဇာမဏီကုမ္ပဏီသို့ ရောက်လာ၏။

"အို လူတွေအများကြီးပဲ"

"ဟင် ဒီတစ်ခါလည်း သူတို့ ဆွေတော်မျိုးတော်တွေပဲ [illegible]ား"

ကုမ္ပဏီ၏ထိပ်စီးမှာ အဖြူရောင်လည်ကတုံးအင်္ကျီပေါ် [illegible]င် သက္ကလပ်ပါး အဖြူရောင် တိုက်ပုံအင်္ကျီ ရွှေဖလားရောင် [illegible]ိုးတို့ဖြင့် မြင့်မြင့်မားမားဟန်နှင့် လာသမျှပရိသတ်ကို အပြုံး [illegible]ိုက်လှဲစွာနဲ့ ကြိုဆိုနေသူက ခန့်ခန့်ညားညားနှင့် ဖဝင့်ထည်။

ဖဝင့်ထည်ဘေးမှာတော့ ပိုးသားပျော့ ရွှေရောင်ရင်ဖုံး အင်္ကျီ [illegible]ရှည်နှင့် ကြိုးကြိုးချိတ်ရွှေရောင် တစ်ပတ်လျှိုဆံထုံးမှာ တန်ဖိုး [illegible]သစ်ခွပန်းတစ်ပွင့်နှင့် မဟာဆန်စွာ ကျက်သရေရှိရှိ လှပနေသော [illegible]မြတ်သင့်။

ရင့်တို့ကိုမြင်တော့…

"ယော် ဦးဦးနဲ့ဒေါ်ဒေါ်တို့ မိသားစုပါလား ကြွပါခင်ဗျာ၊ [illegible]ပါ"

ဖဝင့်ထည်က လှိုက်လှဲစွာကြိုဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖဝင့်ထည်တို့ ဇာမဏီကုမ္ပဏီဖွင့်ပွဲအတွက် ကျွန်တော်တို့ရဲ့ အမှတ်တရလက်ဆောင်ပါ"

"ကျေးဇူးပါပဲ ဒေါက်တာ"

ကိုကိုတင့်ပေးသော ပန်းခြင်းကို ဖဝင့်ထည်က လက်ခံယူလိုက်၏။

"သင့်ရေ ဒီမှာ ဒေါက်တာနဲ့ ရင့်တို့"

"ဩော် ကြွကြွပါရှင်၊ ကြွပါ"

ဖဝင့်ထည်လှမ်းပြောလိုက်တော့ သင့်က ရှေ့ထွက်၍ အပြုံးလေးဖြင့် ဆီးကြိုလိုက်၏။

"ရင့်တို့က သင့်တို့ကို ဒီလောက်ကုမ္ပဏီ မြန်မြန်ဖွင့်ဖြစ်လိမ့်မယ်လို့ မထင်ဘူး"

ရင့်ပြောတော့ သင့်ပြုံးကာ…

"ဒီကို ရောက်ကတည်းက သင့်တို့ရဲ့ ဇာမဏီကုမ္ပဏီဖွင့်ဖို့ စီစဉ်ပြီးသားပါ ရှင့်"

"ဩော် ဩော် ကိုကိုရေ၊ ဒီနေ့ သင့်မလှဘူးလား"

ရင့်က နောက်မှလိုက်ပါလာသော ကိုကိုတင့်အား လှည့်၍ မေးလိုက်၏။





"အို ရင့်ကလဲ"

ရှက်သွားသော သင့်ပုံစံကြောင့် ကိုကိုတင့်ပြုံး၏။

"ကိုကို့မျက်စိထဲမှာတော့ သင့် အမြဲလှနေတာပါပဲဗျာ"

မဟာဆန်သူလေးသင့်ကို ရွှန်းရွှန်းစားစားကြည့်၍ ကိုကိုတင့် လှိုက်လှဲစွာပြုံးလိုက်၏။

သင့်မှာ သူတို့မောင်နှမကြား မနေတတ်တာကြောင့်…

"အေးအေးဆေးဆေးနေကြပါနော်၊ သင့် တခြားဧည့်သည်တွေကို ဧည့်ခံလိုက်ဦးမယ်"

ဟုပြောပြီး အနားမှထွက်ခဲ့လေ၏။

"ရင့်ကလည်းကွာ၊ သင့် ရှက်သွားပြီကွ"

"အို ကိုကိုတင့်ကလည်း ထွက်သွားရင်လိုက်သွားလေ"

"ဒီလိုပဲလုပ်ရမှာပေါ့ ရှင့်"

ဦးကျော်နီနှင့် ဒေါ်မူယာတို့မှာလည်း မိတ်ဆွေများတွေ့ကာ စကားလက်ဆုံကျနေသည်။

ဇာမဏီကုမ္ပဏီဖွင့်ပွဲသို့ တက်ရောက်သူများမှာ အများအား ဖဝင့်ထည်တို့လို မြန်မာဆန်ဆန်များသာဖြစ်ကြပြီး ခေတ်မီစွာ ဝတ်ဆင်လာသူ အနည်းအကျဉ်းသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇံဝင့်ထည်"

"သြော် ရင့်"

ခေတ်မီမှုများနှင့် လှပနေသော ရင့်ကို တွေ့လိုက်ရတော့ ဇံဝင့်ထည် ဣန္ဒြေမပျက် နှုတ်ဆက်၏။

"ရင့် ဘာကူညီရဦးမလဲ၊ ကိုဇံဝင့်ထည်"

"ကျေးဇူးတင်ပါတယ်ရင့်၊ လောလောဆယ်ဆယ်တော့ ဘာအကူအညီမှ မလိုပါဘူး"

ထိုစဉ်...

"ကိုဇံ"

"နွယ်ပါလား နောက်ကျတယ်ဗျာ"

အရင်တစ်ခါ ဇံဝင့်ထည်တို့အိမ်တက်ပွဲတုန်းက ဇံဝင့်ထည်နှင့်ပြုံးရယ်ကာ စကားပြောနေသော သင့်တို့လို မြန်မာဆန်ဆန်နှင့် အမျိုးသမီးပါလား။

ရင့်မှာ ဇံဝင့်ထည်က သူမကိုတော့ မပြုံးမရယ်ဆက်ဆံပြီး နွယ်ဆိုတဲ့ အမျိုးသမီးလည်းတွေ့ရော တင်းတင်းစေ့ထားသော နှုတ်ခမ်းက အလိုလို ပြုံးသွားလိုက်တာ။

"ရင့်တို့က အိမ်နီးချင်းတွေဆိုတော့ အကူအညီလိုရင်





အချိန်မရွေးပြောပါ ကိုဇံဝင့်ထည်"

"ဗျာ ဟုတ်ကဲ့ရင့်"

နွယ်ဆိုတဲ့ အမျိုးသမီးရှေ့မှာ ရင့်က တမင်ထိုစကားကို ပြောလိုက်ခြင်းဖြစ်သည်။

"နွယ်နဲ့မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော်တို့နဲ့ ခြံနီးချင်း ရင့်တဲ့"

"သြော် ဟုတ်ကဲ့၊ ကျွန်မက ခင်မျိုးနွယ်ပါ ရင့်၊ ကိုဇံနဲ့ ကျောင်းနေဘက်တွေပါ"

"ဟင် ဟုတ်လား၊ မခင်မျိုးနွယ်က ရန်ကုန်ကမဟုတ်ဘူးလား"

ဇံဝင့်ထည်နှင့် ကျောင်းနေဘက်တွေဆို၍ ခင်မျိုးနွယ်အပေါ် ရင့် မနာလိုဖြစ်သွား၏။

ရင့်မေးတော့ ဇံဝင့်ထည်ကပြုံးကာ ဝင်ရှင်းပြသည်။

"အဟွန်း နွယ်က မန္တလေးသူ ရင့်ရဲ့၊ အလုပ်နဲ့ ရန်ကုန်ကို ပြောင်းလာတာလေ၊ နွယ်က တက္ကသိုလ်က နည်းပြလေ"

ခင်မျိုးနွယ်အကြောင်းကို ဂုဏ်ယူစွာပြောလိုက်သော ဇံဝင့်ထည်ကို ရင့် မျက်စောင်းကြိတ်ထိုးချင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာပေါ့နော်၊ ရင့်လည်း မဟာနဲ့ပြီးပေမယ့် ဆရာ အလုပ်ဝါသနာမပါလို့ပေါ့၊ စကော့ဈေးထဲက ရတနာဆိုင်မှာထိုင် တယ်၊ ဒက်ဒီကတော့ သူ့ကုမ္ပဏီမှာ ဝင်ဦးစီးဖို့ပြောပါတယ်၊ ဟင်း ဟင်း"

နည်းနည်းလေးမှ မခံတတ်သော ရင့်က ရှိသမျှဂုဏ်များ ကို အနည်းအကျဉ်း ထုတ်ဖော်ကြွားလိုက်သည်။

"ဟုတ်တယ် နှယ်၊ ရင့် ဖေဖေကလည်း ကုမ္ပဏီပိုင်ရှင် လေ"

"ဒါဆို ကိုဖနဲ့ လုပ်ငန်းတူတွေပေါ့၊ ခြိမ်းချင်း လုပ်ငန်း တူ မိတ်ဆွေတွေဆိုတော့ ပိုအဆင်ပြေတာပဲနော်"

ကြည်လင်သောမျက်နှာလေးဖြင့် ခင်မျိုးနှယ်ပြောတော့ ရင့်က ဂုဏ်ယူဟန်ဖြင့် ဖဲဝင့်ထည်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက် လေ၏။

⁂ ⁂ ⁂



ကြာလေပိုစွဲလေ ဆိုသောစကားက ကိုကိုတင့်အတွက် မှန်နေပြီ။ သင့်ကို တစ်ခါတွေ့ရလေ ရင်ထဲ ပို၍စွဲလန်းမိရ၏။

ခက်တာက သင့်သည် ကိုကိုတင့်အား တစ်ချက်လေးမျှ ဂရုမစိုက်ခြင်းပင်။

မင်း ဂရုစိုက်အောင် ကိုယ်ဘယ်လိုများ လုပ်ရမလဲ သင့် ရယ်။

"ကိုကို"

"ဟင် ရင့်"

တစ်ယောက်တည်းရှိနေသော ကိုကိုတင့်နားသို့ ရင့် ရောက်လာ၏။

"ဘာတွေငိုင်နေတာလဲကိုကို၊ အပြင်မသွားဘူးလား"

အရင်တုန်းကဆိုလျှင် မနက်မိုးလင်းတာနှင့် အိမ်ကထွက်



www.burmeseclassic.com

www.burmeseclassic.com



တတ်သော ကိုကိုတင့် ဒီရက်ပိုင်းမှာ အိမ်ကပ်နေတာမို့ အံ့သြစရာ

"မသွားချင်ပါဘူး ရင့်ရယ်၊ တစ်ခါတစ်ခါ အိမ်မှာနေတာ ကောင်းတယ်"

"ဟင်း ဟုတ်လို့လား၊ ကိုကို အိမ်မှာနေချင်တာ ဟိုဘက်ခြံက သင့်ကြောင့်မဟုတ်လား"

ရင့်က တစ်ဖက်ခြံကို မေးဆော်ပြရင်းပြောသည်။ လူမိခံရတာမို့ မလူးဟန်ဖြင့် ကိုကိုတင့် ရောချလိုက်၏။

"အေး ဟုတ်တယ်၊ သင့်က သိပ်လူချွန်ကြီးတာပဲ ရင့်"

"ဘာလဲ ကိုကိုရဲ့ အမျိုးသမီးတွေလို ကိုကို့အပေါ် ဂရုမစိုက်လို့ မဟုတ်လားဟင်"

ကိုကိုတင့်လို သူစိမ်းယောက်ျားမပြောနှင့် မိန်းကလေးချင်းတောင် သင့်က ရင့်ကို မခေါ်ချင်သလိုလို။

"အေး ဟုတ်တယ်ကွာ၊ ကိုကိုတွေ့ဖူးသမျှ အမျိုးသမီးတွေထဲမှာ သင့်လောက် လူချွန်ကြီးတာ ဘယ်သူမှမရှိဘူး ရင့်"

"ဒါပေမယ့် သူလူချွန်ကြီးတာက လွန်လွန်းပါတယ် ကိုကိုရာ၊ ရင့်ကိုတောင် မခေါ်မပြောချင်သလိုနဲ့"

သင့်အပေါ် မကြိုက်နှစ်သက်ဟန်လေးဖြင့် ရင့် ပြောလိုက်





၏။

"ဒါကတော့ ညည်းနဲ့ သင့်ပုံစံက မတူပဲကိုး ရင့်ရဲ့၊ ဟိုက အင်မတန် မြန်မာဆန်ပြီး မိန်းကလေးပီသတာ၊ ရင့်မှာက လူကောစိတ်ကော အနောက်တိုင်းဆန်နေတာ မဟုတ်လား"

သည်လိုကြတော့လည်း ကိုကိုတင့်က အမှန်ကိုမြင်ဘတ်၏။ သင့်ကို အထင်ကြီးစွာပြောတော့ ရင့်၏လှပသော မျက်နှာလေး မဲ့သွားသည်။

"သွားစမ်းပါ သင့်လို ဘိုးတော်ဘုရားခေတ်က ပုံတုံးမိုးကို ဘယ်သူမှ မသောမကျဘူး၊ ကိုကိုသာ ကိုယ်နဲ့ စရိုက်မတူတဲ့ တောပုံမျိုး စိတ်ဝင်စားနေတာ"

"အမယ် မရွှေရင့်၊ ညည်းက ငါ့ကိုဘာပြောတယ်၊ ခဲဝင့်ထည်နဲ့တွေ့ရင် ညည်းမျက်လုံးတွေ အရောင်တောက်သွားတာ ငါမသိဘူးမှား မှတ်နေလားဟင်"

ကိုကိုတင့်က အပိုင်မေးလိုက်တော့ ရင့် မျက်နှာလေး ခနဲဖြစ်သွားသည်။

"အို ဒါက"

"ငါသိတယ်နော် ရင့်၊ ညည်း ခဲဝင့်ထည်ကို သဘောကျ



www.burmeseclassic.com

နေတာ မဟုတ်လား''

''ဟာ ကိုကိုကလဲ ဘာတွေမေးနေတာလဲ''

အင်မတန်ပွင့်လင်းသော ရှင့်က ဖဲ၀င့်ထည်နှင့်ပတ်သက်

ခံစားမှုကို ဝန်ခံရမှာရှက်နေ၏။ အမှန်တော့ ဒါကိုက ရှင့်ရဲ့ သဘော

ထားကို ဖေါ်ပြနေသလိုပါပဲ။

''ဘယ်လိုလဲ ရှင့်၊ ဖဲ၀င့်ထည်ကကော ရှင့်ကို ဂရုစိုက်

ရဲ့လား''

ထိုအမေးကြောင့် ရှင့် မျက်နှာလေး ခံရခက်ဟန်ဖြင့်

''ဟွန်း အဲဒီလူက အလကားနေ ဘဝင်မြင့်နေတာ ကို

ရဲ့''

''ဘာလဲ ဖဲ၀င့်ထည်က ရှင့်နားကပ်နေတဲ့ကောင်လေး

ပုံစံမတူဘူး မဟုတ်လား''

သက်တူရွယ်တူချင်း ဖြစ်သော ဖဲ၀င့်ထည်သည်

ယောကျ်ားချင်းဖြစ်တဲ့ ကိုကိုတင့်အပေါ်မှာတောင် ဂရုမစိုက်ချင်

ရှင့်လို အနောက်တိုင်းဆန်သော မိန်းကလေးမျိုးဆို ပိုဆိုးလိမ့်မည်

''ဟုတ်တယ် လုံးဝကိုမတူဘူး ကိုကို၊ သူနဲ့ကြမှ ရှင့်

အလှမရှိတဲ့ မိန်းမလိုလို၊ ဂုဏ်နေမရှိတဲ့ မိန်းမလိုလိုနဲ့၊ အထင်သေး





ခံနေရတာ''

''အေးလေ ဒါဆို၊ ရှင့်က ဘာကြောင့် အဲဒီလိုလူမျိုးကို

ဂရုစိုက်နေမှာလဲ''

ရှင့်စိတ်ကိုစမ်းချင်၍ ကိုကိုတင့် တမင်ပြောလိုက်သည်။

သည်လိုကြတော့လည်း ရှင့် ငြိမ်ကျသွား၏။

မှန်တာပြောရလျှင် ရှင့်တစ်သက်တာမှာ ဖဲ၀င့်ထည်လို

ဂရုမစိုက်သော ယောကျ်ားမျိုးကြုံရတာ ပထမဆုံးအကြိမ်ပါ။

ဖဲ၀င့်ထည် ဂရုမစိုက်လေ ရှင့်စိတ်ထဲ ပိုခံရခက်စွာဖြင့်

ခွဲလမ်းနေပြီ။

''သူ ဘာကြောင့် ရှင့်အပေါ် ဒီလောက်တင်းမာမှန်း

မသိဘူး ကိုကို''

အားလျော့သော လေသံလေးဖြင့် ရှင့်ပြောတော့ ကိုကို

တင့် ကရုဏာသက်သွားရ၏။ သေချာတာကတော့ ကိုကိုတင့်တို့

မောင်နှမနှစ်ယောက်စိတ်ထဲ ဖဲ၀င့်ထည်နှင့် သင့်တို့မောင်နှမ စွဲမြဲ

နေပြီ။

''ပုံစံချင်းမတူလို့ပါ ရှင့်၊ ဖဲ၀င့်ထည်နဲ့ သင့်တို့က မြန်

မာဆန်ဆန်ကို နှစ်သက်တယ်၊ ဒီတော့ ကိုကိုနဲ့ ရှင့်တို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆန်ဆန် နေဖြစ်ကြရင်"

"ဟင် ကိုကိုက သူတို့လိုပုံစံနေမလို့လားဟင်"

ရင့်က မျက်လုံးလေးဝိုင်း၍မေးတော့ ကိုကိုတင့်ပြုံးသည်

"ကိုကိုတို့က မြန်မာတွေပဲ ရင့်ရယ်၊ ဘာကြောင့် မြန်မာ ဆန်ဆန် မနေရမှာလဲ"

"ဒါဆို ကိုကိုက ဖဝင့်ထည်လို လည်ကတုံးအင်္ကျီ တိုက်ပုံအင်္ကျီ ပုဆိုးဝတ်မယ်ပေါ့"

အရွဲ့တိုက်ကာ ရင့်မေးတော့ ကိုကိုတင့် ခေါင်းညိတ်၏

"ဟုတ်တယ် ရင့်၊ သင့်နဲ့နီးစပ်ဖို့ဆိုရင် သင့်အကြိုက်နေ မှာပဲ"

"ဟင်း ရင့်ကတော့ မနေနိုင်ပေါင်၊ ကိုကို အဲဒီလိုလုပ်ရင် ကော သင့်က ကိုကို့ကို ကြိုက်မှာတဲ့လားဟင်"

တကယ်တော့ အချစ်ဆိုတာ အပေါ်ယံဝတ္ထုနှင့်မဆိုင် ရင့်ထင်သည်။ နှလုံးသားမှ ခံစားပေါက်ဖွားလာသော အချစ်သည် ဘာနဲ့မျှ တားယူလို့မရပါ။

ရင့်မေးလာတော့ ကိုကိုတင့်က တည်ငြိမ်စွာဖြေ၏။

"ဒီလို ပုံစံပြောင်းတာဟာ သင့်ကိုချစ်လို့ပဲ၊ နောက်





အချစ်ကို မရရင်တောင်မှ ကိုကိုဟာ မြန်မာတစ်ယောက်အနေနဲ့ ဆန်ဆန် ဝတ်စားတာဟာ အရှုံးမရှိပါဘူး ရင့်"

"ကိုကို တကယ်ဆုံးဖြတ်လိုက်ပြီလား"

"အင်း"

"အေးလေ ကိုကိုသာ တကယ်ပုံစံပြောင်းရင် မာမီနဲ့ဒက်ဒီ တော့ အံ့သြမှာ၊ ရင့်ကတော့ ကိုကိုပုံစံပြောင်းတဲ့အပေါ် ဘယ်လို ရောက်မှုတွေရှိမလဲဆိုတာ စောင့်ကြည့်မယ်"

ရင့်အပြောကြောင့် ကိုကိုတင့်ပြုံးသည်။

"ရင့်ကော ဖဝင့်ထည်ကို စိမ်းနိုင်လို့လား"

"အို မစိမ်းနိုင်လို့ကော ရင့်က ဘာလုပ်ရမှာလဲ ကိုကို"

"ရင့် လုပ်နိုင်ပါတယ်"

"ဘာလဲ ကိုကို့လို ပုံစံပြောင်းဖို့လား"

"ဒါ အကောင်းဆုံးမဟုတ်လား ရင့်"

သည်တော့ ရင့်က ပန်းတွန့်၏။ ဖဝင့်ထည် ကြိုက်နှစ် အောင် ပုံစံပြောင်းရမှာကို ရင့် ရှက်နေသလိုပါပဲ။

"အချစ်ဆိုတာ အပေါ်ယံ ရုပ်ဝတ္ထုပြောင်းလဲတာနဲ့ မဆိုင် ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ အဲဒါဆိုင်လား မဆိုင်လားဆိုတာ အချိန်က ဆုံးဖြတ်ပေးလိမ့်မယ်၊ ကဲ ခုတော့ ကိုကိုနဲ့လိုက်ခဲ့ဦး"

"ဘယ်ကိုလဲ ကိုကို"

"ဗိုလ်ချုပ်ဈေးကိုပေါ့ ရှင့်၊ ကိုကို့မှာ ပုဆိုးနဲ့တိုက်ပုံအင်္ကျီ မရှိဘူးလေ"

"ဩော် ဩော် တကယ်ပဲ ပြောင်းလဲတော့မယ်ကိုး၊ အင်းလေ ဒါဆိုလည်း ရင့်က ပါရမီဖြည့်ပေးရမှာပေါ့ ကိုကို"

ထိုနောက် နှစ်ယောက်သား ကားဖြင့်ထွက်ခဲ့သည်။ ဒက်ဒီနှင့် မာမီတို့က အလုပ်ကိစ္စဖြင့် စင်ကာပူ ခဏသွားကြတာမို့ ရင့် ဆိုင်မဖွင့်ပေ။

ဈေးရောက်တော့ ကိုကိုတင့်အတွက် လည်ကတုံးအင်္ကျီဖြူများ၊ ပိုးတွဲပုဆိုးများနှင့် တိုက်ပုံအင်္ကျီတို့ဝယ်သည်။

"ကိုကို ဟိုမှာ သင့်"

"ဟင်"

မမျှော်လင့်ဘဲ သင့်နှင့်တွေ့ရတော့ ကိုကိုတင့်မျက်နှာ ဝင်းလက်သွား၏။

"သင့်"





"ဩော် ဒေါက်တာနဲ့ ရှင့်"

သင့်မှာလည်း ဒီလိုဆိုင်မျိုးမှာ ကိုကိုတင့်တို့ မောင်နှမကို ...၍ ထူးဆန်းသွား၏။

"သင့် တစ်ယောက်တည်းလား"

ဖဝင့်ထည်ကို မမြင်၍ ရင့်ကမေးလိုက်သည်။

"ဟုတ်တယ် ရှင့်၊ ကိုကြီးအတွက် ပုဆိုးလာဝယ်တာ ..."

"ဟာ ဒါဆိုအတော်ပဲ ရှင့်၊ ဟောဒီမှာ ကိုကို့အတွက် ...း ရွေးပေးလိုက်ပါဦး၊ ကိုကိုက လည်ကတုံးအင်္ကျီနဲ့ ပုဆိုး ...ယ်မလို့တဲ့၊ ရင့်က မရွေးတတ်လို့လေ၊ ကဲ ကိုကို သင့် ...ပေးလိမ့်မယ်နော်၊ ရင့်က ကိစ္စရှိလို့ သွားလိုက်ဦးမယ်"

သွက်လက်စွာပြောပြီး ရင့်ကထွက်ခဲ့သည်။ ကိုကိုတင့်နှင့် ...ာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ကျန်ခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

''ရှင့်ကတော့ လုပ်ချသွားပြီ''

ဟု သင့်နှင့် ကျန်နေသော ကိုကိုတင့် တွေးလိုက်၏။ ထိုစဉ်···

''ဒေါက်တာက ပုဆိုးနဲ့ လည်ကတုံးအင်္ကျီတွေ ဝယ်မှာ ဆိုတော့ ဘယ်သူ့အတွက်လဲဟင်''

ချောကလက်ရောင် အကောင်းဆုံးစပို့ရှပ်ကို အညိုရောင် သက္ကလပ်ဘောင်းဘီရှည်နှင့် တွဲဝတ်ထားသော ကိုကိုတင့်အား သင့် မေးလိုက်ခြင်း။

''ဗျာ အဲဒါတွေက''

''အင်းလေ ဝတ်မယ့်သူက ဘယ်လိုအရောင်အသွေးမျိုး ကြိုက်မှန်းမသိ၊ ပြီးတော့ အင်္ကျီဆိုက်လည်း ရှိသေးတယ်မဟုတ် လား ဒေါက်တာ''





အေးငြိမ်သော အသံလေးဖြင့် သင့်က ကိုကိုတင့်အား ရှင်းပြလိုက်၏။

ကိုကိုတင့်မှာ အနီးကပ်တွေ့မြင်နေရသော သင့်၏ လှပ ကျက်သရေရှိသော မျက်နှာလေးအားကြည့်၍···

''ဟို ဝတ်မယ့်သူက ကျွန်တော်''

''ရှင်''

ကိုကိုတင့်စကားဆုံးအောင် မပြောနိုင်ဘဲဖြစ်စဉ် သင့်က အံ့သြဟန်ဖြင့်ကြည့်သည်။ ကိုကိုတင့်က အတတ်နိုင်ဆုံး တည်ငြိမ် အောင် ကြိုးစားပြီး···

''ဒီလိုပါ သင့်၊ ဝတ်မယ့်လူက ကျွန်တော့်မိတ်ဆွေပါ၊ သူက ကျွန်တော်နဲ့ ရွယ်တူဆိုက်တူလေ''

''သြော် မိတ်ဆွေအတွက်ပေါ့နော်၊ ဒေါက်တာ''

''ဗျာ ဟုတ်ကဲ့''

သင့်၏ ထင်ကြေးအပေါ် ကိုကိုတင့် အလိုက်သင့် ခေါင်း ညိတ်လိုက်သည်။

ကိုကိုတင့်သာ သူ့အတွက်ဝယ်လျှင် မည်မျှကောင်းမလဲဟု တွေးမိတာက သင့်။



www.burmeseclassic.com

www.burmeseclassic.com



''သူသာ မြန်မာဆန်ဆန်ဝတ်ရင် ကြည့်ကောင်းမှာဖဲ''

သင့်စိတ်ထဲ ထိုသို့တွေးမိတော့ ရှက်သလိုလို။

အို သူဘာဝတ်ဝတ် ငါနဲ့ဘာဆိုင်လို့လဲ။ ပြီးတော့ သူတို့

လူမျိုးက ဒီလိုအဝတ်အစားမျိုး ဘယ်ကြိုက်ပါ့မလဲ။

အနောက်တိုင်းဆန်သော ကိုကိုတင့်အကြောင်း သိနေ

မို့ သင့်က အတွေးထဲမှ ချက်ချင်းမောင်းထုတ်ပစ်လိုက်၏။

''ကြည့်ရတာ သင့်က ဒါမျိုးအဝတ်အစားတွေ ဝယ်

ကြထင်တယ်''

''ရှင် ဟုတ်ကဲ့၊ များသောအားဖြင့် ကိုကြီးအတွက် ကျွန်

ပဲ ဝယ်ပေးရတာလေ၊ ဒေါက်တာ''

''သြော် ကိုဇံဝင့်ထည်ကတော့ သင့် ဝယ်လာတာ

ကြိုက်တာပဲလား''

နီးကပ်စွာရပ်နေတာကြောင့် သင့်ထံမှ ရှင်မတော

သနပ်ခါးနံ့ သင်းသင်းလေးကို မွှေးပျံ့စွာ ရှူရှိုက်မိရ၏။

''ထူးဆန်းလိုက်တာ ဒီသနပ်ခါးရနံ့လေးက ငါ့ရင်ထဲ

အေးမြလန်းဆန်းစေတာပဲ၊ ခါတိုင်း တခြားမိန်းကလေးတွေဆီက

ရတဲ့ ရေမွှေးရနံ့မျိုးစုံဟာ ငါ့ရင်ကို လှုပ်ရှားပူလောင်စေတယ်''





ကိုကိုတင့်က သင့်ထံမှ သနပ်ခါးရနံ့ကို ရှူရှိုက်ရင်း

စိတ်ခံစားမှုအား ဆန်းစစ်နေမိသည်။

''ဒေါက်တာရဲ့မိတ်ဆွေက ကျွန်မရွေးပေးတာတွေကို

ကြိုက်ပါ့မလားဟင်''

''ဗျာ ဟုတ်ကဲ့၊ သူက ကြေး'ဂျီး'မများတတ်ပါဘူး

သင့်၊ သင့်ကောင်းမယ်ထင်တဲ့ အရောင်တွေသာ ရွေးပေးလိုက်ပါ''

အမှန်လည်း ကိုကိုတင့်မှာ ဒီလိုအဝတ်အစားမျိုးမဝယ်

ဖူးတာကြောင့် မရွေးတတ်ပေ။ အထူးသဖြင့် သင့်လက်နဲ့ရွေးပေး

တာ ဝတ်ရမှာမို့ စိတ်က ကြည်နူးကျေနပ်နေသည်။

''ဒါဆို ဘယ်နှစ်စုံလောက် ရွေးမလဲ ဒေါက်တာ''

တိုက်ဆိုင်စွာ ကြည်နူးအကူအညီတောင်းလာတာကြောင့်

သင့်အတွက်လည်း မပင်ပန်းသဖြင့် အိမ်နီးချင်း ဝတ္တရားအရ ကူညီ

ခြင်းပါ။

''ဆယ်စုံလောက်ပါ သင့်''

''အို မများဘူးလား၊ ဒေါက်တာ''

ထိုအမေးကြောင့် ကိုကိုတင့်ပြုံးသည်။

''ကျွန်တော်က ဒီထက်ပိုပေးချင်တာပါ သင့်''

www.burmeseclassic.com

www.burmeseclassic.com



"အနည်းဆုံးလေ"

"ဩော် ဩော် ဒေါက်တာ့မိတ်ဆွေကို တော်တော်ခင်တာပဲကိုး"

သည်ခေတ်မှာ အဝတ်အစား ဆယ်စုံလောက် လက်ဆောင်ပေးမည်ဆိုတာ ကိုကိုတင့်အတွက် သာမန်မိတ်ဆွေ မဟုတ်ဟု သင့်ထင်၏။

ထို့ကြောင့် သင့်က အင်္ကျီနှင့်ပုဆိုးလိုက်ဖက်မည့် အရောင်များတွဲကာ ဆယ်စုံရွေးပေးလိုက်၏။

"ကောင်းတာထဲက ရွေးလိုက်တော့ နည်းနည်းဈေးကြီးမယ်နော်၊ ဒေါက်တာ"

"ဟာ ရပါတယ် သင့်၊ ကျွန်တော်လည်း ဒီလိုကောင်းတာထဲကပဲ လိုချင်တာပါ"

ကိုယ်တိုင်က အကောင်းကြိုက်သော ကိုကိုတင့်က သွက်လက်စွာပြောလိုက်၏။

"အင်း ဒီခေတ်ကြီးမှာ ဒေါက်တာလို မိတ်ဆွေရှိတာ လက်ဆောင်ရမယ့်တစ်ယောက် ကံကောင်းတာပဲ"

ကိုကိုတင့်ကိုယ်တိုင် ဝတ်မည်မသိတော့ သင့်က ချီးကျူး





သတော့ ကိုကိုတင့်ပြုံး၍...

"ကျွန်တော်လည်း သင့်နဲ့တွေ့တာ ကံကောင်းတာပါပဲ"

"ရှင်"

"ဩော် ကျွန်တော်က ဒီလို အဝတ်အစားတွေ မရွေးတတ်ဘူးလေ၊ သင့်နဲ့သာ မတွေ့ရင် ဒီလိုအဆင်ပြေမှာ မဟုတ်ဘူး"

မှန်သောစကားကို ကိုကိုတင့်ပြောလိုက်သည်။

"ဩော် ဒါကတော့ ကျွန်မလည်း တိုက်ဆိုင်လို့ ကူညီရတာပါ ဒေါက်တာ"

"ဘာပဲဖြစ်ဖြစ် သင့်ကို ကျေးဇူးတင်တဲ့အနေနဲ့ ကျွန်တော် လက်ဆောင်တစ်ခုခု ဝယ်ပေးပါရစေ"

"အို ဟင့်အင်း၊ ကျွန်မ လက်မခံနိုင်ဘူး ဒေါက်တာ"

သူစိမ်းယောကျ်ားတစ်ယောက်ဆီက လက်ဆောင်မို့ သင့်က အားမနာဘဲ ငြင်းလိုက်သည်။

ပြတ်သားသော သင့်ကြောင့် ကိုကိုတင့် သက်ပြင်းချ၏။

"ဒါဆိုလည်း ကျွန်တော်တစ်ခုခုတော့ ကျွေးပါရစေဗျာ၊ ကျွေးလောက်တော့ သင့် မငြင်းပါနဲ့"

တောင်းပန်စွာပြောလာသော ကိုကိုတင့်ကြောင့် သင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်ရ၏။

"ကောင်းပြီလေ၊ အအေးလောက်ပဲ ကျွန်မသောက်ပါ့မယ်"

"ရပါတယ်ဗျာ၊ သင့်ကြိုက်တာ သုံးဆောင်ပါ"

သင့်က ခွင့်ပြုလိုက်တာမို့ ဝယ်ထားသည်များအတွက် ကိုကိုတင့် ငွေထုတ်ချေလိုက်၏။

"ကျွန်တော့်မှာ ကားပါကယ် သင့်"

"သိပ်ဝေးဝေးမသွားပါနဲ့ ဒေါက်တာ"

"ဆိုင်ကောင်းကောင်းမှာ ဧည့်ခံချင်လို့ပါ သင့်၊ ဒီနားလေးတင်ပါဗျာ"

ရန်ကုန်မြို့ကို မကျွမ်းကျင်သော သင့်က ကိုကိုတင့်ခေါ်ရာ လိုက်ခဲ့သည်။ ကားမောင်းရင်း အနားက သင့်ကို မကြာခဏ လှည့်ကြည့်မိရတာက ကိုကိုတင့်။

ကိုကိုတင့်၏အကြည့်များကို သင့်က အတတ်နိုင်ဆုံး မသိဟန်ပြုပေမယ့်

"ဒီနေ့တော့ ကျွန်တော်အတွက် ထီပေါက်သလိုပဲ သင့်"

"ဟင် ဘာကြောင့်လဲ ဒေါက်တာ"





"အဟား ကျွန်တော်နားမှာ သင့်ပါလာလို့လေ"

"အို"

ဝင်းနေသော သင့်ပါးလေး ဖြန်းခနဲ နီသွားသလိုပါပဲ။

"တကယ်ပါ သင့်၊ သင့်နဲ့ ခင်မင်ခွင့်ရဖို့အရေး ကျွန်တော် မျှော်လင့်ထားတာလေ"

"ကျွန်မက ဒီလောက်အရေးပါတဲ့သူ မဟုတ်ပါဘူး ဒေါက်တာ"

ပုံမှန်မျက်နှာလေးဖြင့် သင့်က ပြောသည်။ ကိုကိုတင့်က ခေါင်းခါယမ်းကာ...

"ဘယ်လိုပြောလိုက်တာလဲ သင့်၊ ကျွန်တော်အတွက်တော့ သင့်ဟာ အရေးပါဆုံး မိန်းကလေးပဲ"

"ဒေါက်တာ ကျွန်မကို ခေါ်လာတာ ဒီစကားတွေ ပြောဖို့ ားဟင်"

"ဆောရီး"

အပျော်လွန်သွားသော ကိုကိုတင့်က ချက်ချင်း သတိဖြင့် န်းလိုက်၏။

တည်ငြိမ်သွားသော ကိုကိုတင့်မျက်နှာအား ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သင့် သက်ပြင်းလေး ကြိတ်ချလိုက်သည်။

တကယ်တော့ သင့်လည်း ထိုလိုစကားမျိုး မပြောချင်ပါ။

* * *



ဖဲဝင့်ထည်ရှိရာ ဓာမဏီကုမ္ပဏီသို့ ရောက်ရှိလာသော ရင့်ကြောင့် အံ့သြသွားသည်။

"အလုပ်တွေများနေသလား ကိုဖဲဝင့်ထည်"

"အဟွန်း ဒီလိုပါပဲ၊ ဒါနဲ့ ရင့်က ဒီကို"

"လမ်းကြုံလို့ဝင်လာတာလေ၊ ရင့် လာလည်လို့ရတယ် မဟုတ်လား ကိုဖဲဝင့်ထည်"

ဖြူနုသော အသားအရေမှာ ရင်ခံအဖြူရောင်ပေါ်တွင် အဝါရောင်စပို့ရှပ် လည်ဟိုက်ထားဝတ်လျက် အဖြူရောင် ကွာတား ဘောင်းဘီချက်ပြတ်မှာ ခေါင်းပုံဆန်း ခါးပတ်အဖြူနှင့် တွဲဝတ်လျက် ရွှေညိုရောင် ဆံနွယ်များကို ဖြန့်ချထား အဖြူရောင် ခွာမြင့် ဖိနပ်၊ အဝါရောင် ဆလင်းဘက်ခ် အိတ်ကြီးကြီးလွယ်လျက် ဖက်ရှင်ကျကျ ဝတ်စားထားသော ရင့်မှာ နုငယ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ၊ ကျွန်တော်က အလုပ်များလို့ ရင့်အပေါ် ညည့်ဝတ်မကျေမှာ စိုးတာပါ"

"ဒါပေမယ့် ဒီအချိန်ကတော့ နေ့လယ်စာစားချိန်နော် ကိုဖဝင့်ထည်၊ ဘယ်လောက်အလုပ်များပါစေ ထမင်းစားဖို့တော့ အချိန်ပေးရမယ်မဟုတ်လား"

ရင့်စကားကြောင့် ဖဝင့်ထည် နာရီကြည့်လိုက်တော့ နေ့လယ် ဆယ်နှစ်နာရီ။

"အင်း ရင့်ပြောမှ အချိန်ကို ကျွန်တော်သတိထားမိတယ် ဗျာ၊ ရင့်ကော စားခဲ့ပြီလား"

"ဟင့်အင်း"

ရတ်တရက် ရင့် ခေါင်းခါတော့ ဖဝင့်ထည် အခက်တွေ့သွား၏။

"ကိုဖဝင့်ထည်ကော မစားရသေးဘူး မဟုတ်လား၊ ရင့် အဖော်မရှိတာနဲ့ အဆင်ပြေတာပဲ၊ ရင့်တို့ နေ့လယ်စာအတူ စားကြ တာပေါ့ ကိုဖဝင့်ထည်"

နေရာတကာ ပွင့်လင်းတတ်သော ရင့်ကတော့ စိတ်ထဲရှိ တာ ပြောလိုက်၏။





"ဟို ကျွန်တော် သင့်ကိုစောင့်"

"အဟင်း စောင့်မနေနဲ့တော့ ကိုဖဝင့်ထည်၊ ခုချိန်ဆို သင့်လည်း ကိုကိုတင့်နဲ့အတူ နေ့လယ်စာ စားကြရောပေါ့"

"ဗျာ…သင့်က ဒေါက်တာနဲ့ ဟုတ်လား ရင့်"

ဖဝင့်ထည် အံ့အားသင့်စွာ မေးတော့ ရင့်က ပြုံးပြုံးလေး ခေါင်းညိတ်၏။

"ဟုတ်တယ် ကိုဖဝင့်ထည်၊ ဒီနေ့ ရင့်နဲ့ စကော့ဈေးမှာ တွေ့ကြတာလေ"

"ဩော် ဟုတ်လား၊ သင့်က ကျွန်တော့်အတွက် အဝတ် အစားသွားဝယ်တာ ရင့်"

အမှန်မှာ ဖဝင့်ထည်တွင် ဝတ်စရာတွေ များစွာရှိပေမယ့် အစ်ကိုလုပ်သူအပေါ် ဂရုစိုက်တတ်သော သင့်က တမင်သွားဝယ် ခြင်းဖြစ်သည်။

"အင်း ကိုဖဝင့်ထည်မှာ သင့်လိုညီမမျိုးရှိတာ တကယ် ကံကောင်းတာပဲ၊ ကိုကိုတင့်အတွက်လည်း သင့်ကိုပဲ အဝတ်အစား ရွေးခိုင်းလိုက်ရတယ်လေ"

"ဒေါက်တာအတွက်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟုတ်တယ် ကိုဖဝင့်ထည်၊ ဒီနေ့မှ ကိုကိုတင့်က ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ မြန်မာဆန်ဆန် ဝတ်ချင်လှချည်ဆိုပြီး လည်ကတုံးရှပ်အင်္ကျီနဲ့ ပုဆိုးတွေဝယ်ဖို့ ရင့်နဲ့အတူ သွားခဲ့တာလေ၊ ဟိုရောက်တော့ သင့်ကို တွေ့တာနဲ့ အကူအညီတောင်းလိုက်ရတယ်"

ရင့်က ပြုံးပြုံးလေးပြောနေသမျှ ဖဝင့်ထည်မှာ ညီမဖြစ်သူသင့်နှင့် ကိုကိုတင့်တို့ကို မြင်ယောင်လျက် မသိမသာ သက်ပြင်းချမိရ၏။

"ရင့်ကတော့ ကိစ္စလေးရှိတာနဲ့ ထွက်လာခဲ့တာ၊ ဒီနားရောက်တော့ ကိုဖဝင့်ထည်ဆီ ဝင်လည်ချင်တာနဲ့လေ၊ ကဲ နေ့လယ်စာကို ရင့် ကျွေးမှာပါ၊ သွားကြစို့ ကိုဖဝင့်ထည်"

နေရာမှထရင်း ရင့်က ပိုင်နိုင်စွာပြောသည်။ ယခုကြမ့်ရှောင်နေလျှင်လည်း ရင့်က သူ့အပေါ် အထင်လွဲစရာမို့ ဖဝင့်ထည်နေရာမှထရင်း

"ကျွန်တော်က အိမ်ရှင်ပါရင့်၊ ဒီတော့ ကျွန်တော်ကပဲ ကျွေးပါရစေ"

"ဟင်း…ဟင်း ဒီလိုဆိုရင် ဒီညွှန့်သည်က ခဏခဏ





လာစားမှာနော် ကိုဖဝင့်ထည်"

ရင့်က သဘောကျစွာ ရယ်ရင်းပြောတော့ ဖဝင့်ထည်အလိုက်သင့်ပြုံးကာ

"ရပါတယ်ဗျာ၊ ကျွန်တော်နဲ့ ရင့်တို့က အိမ်နီးချင်းတွေပဲ"

"စိတ်ထဲက တကယ်ပါမှပြောပါ ကိုဖဝင့်ထည်ရယ်၊ တော်ကြာ ခဏခဏလာလို့ ရင့်က အလိုက်မသိရာ ကြနေပါ့မယ်ရှင့်"

တကယ်တမ်း ဆက်ဆံကြည့်တော့လည်း ရင့်၏သဘောထားလေးက မဆိုးတာမို့ ဖဝင့်ထည်စိတ်ထဲ အနည်းငယ် ခင်မင်စိတ် ဖြစ်သွားရသည်။

"ဒီလို ဘာကြောင့်ပြောတာလဲရင့်၊ ကျွန်တော် ဒီလိုလူစားမဟုတ်ရပါဘူးဗျာ"

"တကယ်၊ အဟင်း မသိဘူးလေ ခါတိုင်းဆို ကိုဖဝင့်ထည်က ရင့်ကို ခပ်စိမ်းစိမ်း ဆက်ဆံတတ်တယ်ဆိုတော့"

သည်တော့လည်း သူ့အပြုအမူအတွက် ရင့်ကို ဖဝင့်ထည်အားနာသွားရသလိုပါပဲ။

"အဲဒီလိုဖြစ်ခဲ့ရင် တောင်းပန်ပါတယ် ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



''တောင်းပန်စရာ မလိုပါဘူးရှင်၊ တကယ်တော့ ရင့်က အလိုက်မသိခဲ့တာပါ၊ ရင့်ကသာ ကိုဖဝင့်ထည်ကို တောင်းပန်ရမှာပါနော်''

အနီးကပ်ကြည့်မှ အသည်းပုံမျက်နှာလေးနှင့် ခေတ်မီလှပချစ်စရာကောင်းသော မိန်းကလေးအဖြစ် ရင့်ကို သတိပြုမိ၏။

အင်း ရင့်သာ မြန်မာဆန်ဆန်လေး ဝတ်လိုက်ရင် ဒီထက်ပိုလှမယ်ထင်တယ်။

ဖဝင့်ထည်ရင်ထဲ ရုတ်တရက် ထိုသို့တွေးမိတာ ဘာကြောင့်မှန်းမသိ။

စားသောက်ဆိုင်ရောက်တော့ ရင့်က အချိုအစိမ့်တွေသာမှာ၏။ ချဉ်ငန်စပ်မှ စားတတ်သော ဖဝင့်ထည်အဖို့ ရင့်မှာသောဟင်းတွေနှင့် စားမဝင်ပေ။

''စားမကောင်းဘူးလား ကိုဖဝင့်ထည်''

''ကျွန်တော် ဒီလိုဟင်းပေါ့ပေါ့တွေ မစားတတ်ဘူးဗျ ရှင့်''

''အို ဒါဆို ရှင်ကြိုက်တာမှာလေ ကိုဖဝင့်ထည်၊ ကျွန်မကတော့ အချိုအစိမ့်တွေပဲ ကြိုက်တယ်''





ထိုစကားကြောင့် ဖဝင့်ထည် သက်ပြင်းချ၏။ တကယ်တမ်းမှာ သူနှင့်ရင့်တို့သည် ဘယ်နေရာမှ စရိုက်မတူပါ။

''အေးဗျာ ကျွန်တော်ကတော့ မြန်မာပါးစပ်လို့ ပြောရမယ်၊ ထမင်းဝိုင်းမှာ ချဉ်ငန်စပ်ပါမှ စားလို့မြိန်တယ်''

ရင့်ကို အားမနာနိုင်ဘဲ ဖဝင့်ထည်က သူ့အကြိုက်ဟင်းများ ထပ်မှာလိုက်၏။

ငါးခူဆီပြန်ချက်၊ မျှစ်ချဉ်နှင့် ငါးကို ချဉ်စပ်ဟင်းရည်၊ ငါးပိဆီကြော်၊ ကြက်သားချဉ်စပ်နှင့် တို့စရာတွေဖြစ်သည်။

ရင့်က ထိုဟင်းတွေကို ကြည့်ကာ...

''ဒီဟင်းတွေက စားကောင်းမယ့်ပုံပဲနော်''

ဟု ပြောလာသည်။

''စားကြည့်ပါလား ရင့်၊ ကျွန်တော်တော့ ဒါမျိုးပဲကြိုက်တယ်''

''အင်း နည်းနည်းလောက် မြည်းကြည့်မယ်''

ကိုကိုတင့်လို ပုံစံပြောင်းဖို့ မဟုတ်တောင် ဖဝင့်ထည်အကြိုက် ဟင်းဟာ ဘယ်လိုအရသာလဲဟု ရင့်က စမ်းသပ်ချင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ငါးနှင့်မျှစ်ချဉ်ဟင်းရည်ကို တစ်ဇွန်းခပ်သောက်ကြည့်တော့

"အား စပ် စပ်တယ်"

ဖြူနုသော မျက်နှာလေး နီရဲသွားလျက် ရင့် အော်တော့သည်။

ကြည့်စမ်း ဒီမိန်းကလေး တကယ့်ကို အစပ်မစားနိုင်တာပါလား။

"ရော့ ရင့် ဒီချိုချဉ်လေး စားလိုက်"

ဖဝင့်ထည်က အင်္ကျီအိတ်ထဲမှ အသင့်ရှိနေသော ချိုချဉ်ကို ထုတ်ပေးလိုက်၏။

ရင့်မှာ မျက်နှာလေး နီရဲလာရင်း ချိုချဉ်ကို အမြန်ငုံလိုက်သည်။

"သက်သာသွားလား ရင့်"

"အင်း"

ခေါင်းလေးညိတ်ပြီးမှ ရင့်က ဖဝင့်ထည်ကို အားနာလျက်။

"ရင့်ကြောင့် အလုပ်ရှုပ်သွားပြီနော်"

"ရပါတယ် ရင့်၊ ကဲ ရင့်လည်း ထမင်းဆက်စားလိုက်





ဦး"

"ဟုတ်ကဲ့"

ဖဝင့်ထည်ကတော့ မှာထားသည့် ဟင်းများဖြင့် နှစ်ခြိုက်စွာ စားလေ၏။

ရင့်က ပခုံးလေးတွန့်ကာ

"ကျွန်မငယ်ငယ်ကတည်းက ဒီလိုအစပ်ဟင်းတွေ တစ်ခါမှ မစားခဲ့ဖူးဘူး ကိုဖဝင့်ထည်"

"ဒါကတော့ ရင့်တို့က မိုယ်ဆန်လို့ပါ၊ စားနေကြဆိုရင် ဟင်းတွေက အရသာရှိပါတယ်ဗျာ"

တည်ကြည်ခန့်ညားချောမောသော ဖဝင့်ထည်မျက်နှာကို ရင့် ခပ်ငေးငေးကြည့်မိရင်း

"တစ်နေ့တော့ ကျွန်မလည်း စားလာနိုင်မယ်ထင်ပါတယ် ကိုဖဝင့်ထည်"

ရင့် ဘယ်လိုအဓိပ္ပာယ်နှင့် ပြောလိုက်တာ မသိပေမယ့် ဖဝင့်ထည်က ကျေနပ်စွာ ခေါင်းညိတ်၏။

"ဒါပေါ့ဗျာ မြန်မာတစ်ယောက်ဟာ မြန်မာအစားအစာ စားတာ မခက်ခဲပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အတွက် ကျွန်မကြိုးစားရမှာပါ ကိုဖဝင့်ထည်"ဟု ရှင့်စိတ်ထဲက ပြောနေသမျှ ကြားရလိမ့်မည်မထင်ပေ။

× × ×



ဦးကျော်နီနှင့် ဒေါ်မူယာတို့၏ နှစ်ဆယ့်ငါးနှစ်မြောက် လာနှစ်ပတ်လည် ညစ်ခံပွဲသို့ ဖဝင့်ထည်နှင့် သင့်တို့မောင်နှမ တက်ရောက်ခဲ့ကြသည်။

ညစ်ခံပွဲကို သူတို့၏ခြံထဲမှာပဲ ကျင်းပပြီး ဖဝင့်ထည်တို့ ောက်ချိန်တွင် ပရိသတ်များဖြင့် စည်ကားနေပြီ။

"သြော် မောင်ဖဝင့်ထည်တို့ မောင်နှမပါလား၊ လာကြ ကြပါကွယ်"

ဦးကျော်နီက အနက်ရောင် အနောက်တိုင်း ကုတ်ဝတ်စုံနှင့် သလို ဒေါ်မူယာကလည်း အနက်ရောင် လည်ပတ်ဝတ်စုံနှင့် တ်မိသော စုံတွဲအဖြစ် လိုက်ဖက်နေကြသည်။

"ဦးဦးနဲ့ ဒေါ်ဒေါ်တို့ရဲ့ ငွေရတုနှစ်ပတ်လည်နေ့မှစပြီး င်နှစ်ပေါင်းတစ်ရာမက ပျော်ရွှင်စွာ ပေါင်းရပါစေလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့မောင်နှမက ဆုတောင်းပေးပါတယ် ခင်ဗျာ”

လက်ဆွဲနှုတ်ဆက်လာသော ဦးကျော်နီတို့ လင်မယားအား ဖဝင့်ထည်က ပြုံးရွှင်စွာ ပြောလိုက်တော့

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေကွယ်၊ ငါ့တူကြီးနဲ့ တူမကြီး တို့လည်း ဘယ်အချိန်ကြည့်ကြည့် အမြဲကျက်သရေရှိ ခန့်ညားလှ နေကြတာပဲနော်”

ဒေါ်မူယာက ကြွေရောင်တောက်နေသော လည်ကတုံး ရှပ်အင်္ကျီပေါ်မှာ အနက်ရောင် သက္ကလပ်ပါး တိုက်ပုံအင်္ကျီ ကြည်ပြာရောင်ကွက် ပိုးပုဆိုးတို့ဖြင့် ခန့်ညားနေသော ဖဝင့်ထည်နှင့် မြစိမ်းရောင် ပိုးသားပျော့ ရင်ဖုံးအင်္ကျီလက်ရှည်ကို အနက်ပေါ်တွင် မြစိမ်းရောင်ချိတ်ပါသော လုံချည်ဖြင့် တွဲဝတ်လျက် တစ်ပတ်လျှို ဆံထုံးလေးနှင့် ဝင်းအိစိုရွှန်းနေသည့် မျိုးမြတ်သင့်တို့ကိုကြည့်၍ ပြုံးရွှင်စွာ ချီးကျူးလိုက်၏။

“ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်”

ဖဝင့်ထည်တို့က နှုတ်ဆက်ပြီး စားပွဲလွတ်တစ်ခုမှာထိုင် စဉ်

“ဟော ကိုဖဝင့်ထည်တို့ နောက်ကျတယ်နော်”





သွက်လက်သော အသံနှင့်အတူ လက်တစ်လုံးကိုင်း ရွှေရောင်ဂါဝန်လက်ပြတ်နှင့် ရင့် ရောက်လာသည်။ သင့်က ဒေါက်တာကိုကိုတင့်ကို မသိမသာရှာမိ၏။

“အေးဗျာ ကျွန်တော်တို့လည်း ကိစ္စလေးတွေရှိတာနဲ့”

“အဟင်း ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းတွေဆိုတော့ စောစော ရောက်သင့်တာပေါ့ရှင်၊ ဩော် ဒါနဲ့ သင့်ကို ထူးဆန်းတာတစ်ခု ပြဦးမယ်”

“ဘာများလဲရှင့်”

သင့်က နားမလည်သလိုမေးတော့ ရင့်ပြုံး၍

“ဟိုမှာကြည့်လိုက်လေ သင့်”

“ဟင် အဲဒါ”

ရင့်ပြရာသို့ ကြည့်လိုက်တော့ သင့်ကိုယ်တိုင် ရွေးချယ် ပေးခဲ့သော အဖြူရောင်လည်ကတုံး ရှပ်အင်္ကျီပေါ်တွင် အဝါနုရောင် သက္ကလပ်ပါး တိုက်ပုံအင်္ကျီနှင့် အညိုပေါ် အဝါဖောက်ထားသော တွဲပုဆိုးတို့ဖြင့် အသွင်ပြောင်းနေသည့် ကိုကိုတင့်အား တွေ့လိုက် ခြင်းပင်။

“ဒေါက်တာပါလား ရှင့်”



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟုတ်တယ် ကိုဇဝင့်ထည်၊ ကိုကိုက ကိုဇဝင့်ထည်တို့ကို အားကျသွားတာလေ၊ ပြောရင်း လာနေပြီ"

သင့်မှာတော့ အပြုံးဆောင်၍ လာနေသော ကိုကိုတင့်အား အံ့ဩသလိုကြည့်နေသည်။

ကြည့်စမ်း ဒီဝတ်စုံဟာ သင့်ကိုယ်တိုင် ရွေးပေးထားခဲ့တာ။

အစကတော့ သူ့မိတ်ဆွေပေးဖို့တဲ့၊ ဒေါက်တာညာသည်ပဲ။

"ကိုဇဝင့်ထည်"

"ဗျာ"

"ရင့်နဲ့ ခဏလိုက်ခဲ့ပါလား၊ ပြောစရာရှိလို့"

ကိုကိုတင့်အား ရောက်မလာခင် ရင့်က ဇဝင့်ထည်ကို ခေါ်ထုတ်ခဲ့သည်။ ရင့်တို့ထွက်သွားပြီးချိန်မှာ သင့်နားသို့ ကိုကိုတင့် ရောက်လာ၏။

"သင့်"

ကိုကိုတင့်က အပြုံးဖြင့် ခေါ်လိုက်ပေမယ့် သင့်က မျက်နှာလေး ဆတ်ခနဲလွှဲသည်။





"ကျွန်တော့်ကို စိတ်ဆိုးနေတာလား သင့်ရယ်"

"အို စိတ်ဆိုးရအောင် ဒေါက်တာနဲ့သင့်က ဘာဆိုင်လို့လဲ"

ကိုကိုတင့်ကို မျက်နှာချင်းဆိုင်လျက် သင့် ပြောလိုက်သည်။

ကိုကိုတင့်မျက်နှာ ပျက်ကာ

"ဟုတ်ပါတယ် သင့်၊ ကိုယ်နဲ့သင့်က ဘာမှမဆိုင်ပါဘူး၊ ဒါပေမယ့် ဒီကောင်ကတော့ သင့်နဲ့ဆိုင်ရအောင် ကြိုးစားနေတာပါဗျာ"

"ကျွန်မနဲ့ဟုတ်လား ဒေါက်တာ"

သင့်က ပြုံးမဲ့မဲ့လေးမေးတော့ ကိုကိုတင့်ရင်မှာ ခံပြင်းသွား၏။

"ကိုယ် ဒီလိုပုံစံပြောင်းလိုက်တာ သင့်ကြောင့်ပဲ၊ သင့်ကို ခင်ပွန်းမိမှတော့ သင့်ကြိုက်တဲ့ပုံစံမျိုး ကိုယ်နေနိုင်ရမယ် မဟုတ်လား"

"ဒါနဲ့ပဲ ဒေါက်တာက မိတ်ဆွေတစ်ယောက်အတွက်ပါဆိုပြီး ဒီဝတ်စုံတွေကို ညာရွေးခိုင်းတယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တောင်းပန်ပါတယ် သင့်ရယ်၊ ဒီလိုမှမပြောရင် ကိုယ့်အတွက်ဆို သင့်က ရွေးချယ်ပေးမှာမဟုတ်ဘူးလေ"

သေချာစဉ်းစားကြည့်တော့ ကိုကိုတင့်ပြောတာ မှန်၏ သင့်လို အရုက်အကြောက်ကြီးသော မိန်းကလေးမျိုးက ကိုကိုတင့် အတွက် သီးခြားရွေးပေးနေမည် မဟုတ်ပေ။

"သင့်ကို အရူးလုပ်တယ်"

"မဟုတ်ရပါဘူး သင့်ရယ်၊ တကယ်တော့ သင့်ကြောင့် ကိုယ်ကသာ ရှုံးနေတာလို့ ရင့်ကပြောပါတယ်"

"ဟင်"

"အချစ်ဆိုတာ အပေါ်ယံ ပြောင်းလဲမှုနဲ့ မသက်ဆိုင်ဘူး တဲ့ သင့်၊ တကယ်တော့ ရင့်ပြောတာ ဟုတ်ပေမယ့် အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူ စိတ်ချမ်းသာဖို့လည်း လိုတယ်မဟုတ်လား၊ ပြောပါ ဦးသင့်၊ ကိုယ် ဒီလိုပုံစံဝတ်တာ လိုက်ရဲ့လား"

မိန်းမသားတစ်ယောက်ဖြစ်တဲ့ သင့်မှာ ကိုယ့်ကြောင့် ပုံစံ ပြောင်းလဲလိုက်သည့် ကိုကိုတင့်အား ရင်ထဲ က်ရှုအာသက်ချင် သွား၏။

ကိုကိုတင့်မေးတော့ နူးညံ့သည့်မျက်ဝန်းများဖြင့် ကြည့်





ကာ

"သင့်အမြင်မှာတော့ မြန်မာယောကျ်ားတစ်ယောက်ဟာ မြန်မာလိုဝတ်တာ ခန့်ညားကျက်သရေရှိတာပါပဲ"

"အဟင်း ဒါဆို ကိုယ်ပုံစံပြောင်းလဲရကျိုး နပ်တာပေါ့ နော် သင့်၊ ကိုယ့်မိတ်ဆွေတွေကတော့ ကိုယ့်ရဲ့ပုံစံပြောင်းလဲမှုကို အံ့သြနေတယ်"

ထိုစဉ် ခေတ်မီလှပသော မိန်းကလေးတစ်သိုက် ရောက်ရှိ လာပြီး

"အမယ်လေး ကိုကိုတင့်ရယ် လူတောင်မှားလို့ပါလား ဟင်"

"အေးလေ ဒီတောပုံကြီးဝတ်ဖို့ ဘယ်က စိတ်ကူးရလာ တယ်မသိဘူး"

"ကိုကိုတင့်ကြည့်ရတာ ဒီညအတွက် သတို့သားနဲ့ တူနေ သလိုပဲ"

"ကုတ်အင်္ကျီနဲ့ ဘောင်းဘီကမှ ကိုကိုတင့်အတွက် အလိုက်ဆုံးပဲ"

တစ်ယောက်တစ်မျိုး သောသောညံအောင် ဝေဖန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတင့်က ခပ်တည်တည်ဖြင့်···

"ဒီမှာ ယူတို့အကြိုက်ပုံစံ ကိုယ့်မှာမရှိတော့ဘူး၊ ကိုယ် ဒီလိုပုံစံပြောင်းတာ ကိုယ်ချစ်ရတဲ့သူအတွက်ပဲကွ"

"ဟင် ကိုကိုတင့် ချစ်ရတဲ့သူ"

"အေးလေ ဘယ်သူလဲ"

ခေတ်မီရဲတင်းသော မိန်းကလေးအုပ်စုက မေးရင်း မျက်လုံးများက တိတ်ဆိတ်နေသော သင့်ထံ ရောက်လာသည်။

"ကိုယ်ချစ်တဲ့သူက ဟောဒီ သင့်ပဲ"

"အို"

ရုတ်တရက် ကိုကိုတင့်က သင့်လက်လေးတစ်ဖက်ကို ဆွဲကိုင်လျက် အားလုံးရှေ့မှ ရဲဝံ့စွာ ကြေငြာလိုက်၏။

သင့်မှာ ကိုကိုတင့်၏ အပြုအမူကြောင့် မျက်နှာလေး နီမြန်းကာ ရှက်သွားရသည်။

"ကြည့်စမ်း ကိုကိုတင့်က အန်းဒိတ်ကိုကြိုက်တာပဲ"

"အေးလေ ရှေးပုံစံကြီးနဲ့"

"နန်းတွင်းသူပါဟာ"

လှပကျက်သရေရှိသော သင့်အား မနာလိုစွာဖြင့် ကဲ့ရဲ့





လျက် သူတို့ထွက်သွား၏။

"ဒါ ဒါ ဘယ်လိုလုပ်လိုက်တာလဲ ဒေါက်တာ"

"ခွင့်လွှတ်ပါ သင့်၊ ဒီလိုမှမကြေငြာရင် သူတို့လက်က ကျွန်တော်လွတ်မှာမဟုတ်ဘူး"

"အို ဒါပေမယ့် ကျွန်မက"

"သူတို့ သင့်ကို မနာလိုလို့ ပြောသွားတာပါ၊ တကယ် တော့ သင့်က သူတို့အားလုံးထက် လှတယ်လေ"

မှန်တာဆိုရလျှင် စောစောက ထွက်ခွာသွားသော မိန်းက လေးအားလုံးသည် သူ့အလှနှင့်သူ ရှိကြပါ၏။

ကိုကိုတင့်က ထိုမိန်းကလေးတွေကို သင့်ရှေ့မှာပင် မောင်းထုတ်လိုက်တာကြောင့် ကိုကိုတင့်၏ အချစ်ဟာ တကယ် သားဟု စဉ်းစားရ၏။

"သင့် ကိုယ့်ကိုစဉ်းစားပေးမယ် မဟုတ်လားဟင်"

မြစိမ်းရောင်ဝတ်စုံလေးဖြင့် ဝင်းအိရွှန်းစိုနေသော သင့်ကို ကြည့်ပြီး ကိုကိုတင့်မေးတော့

"ဟင့်အင်း သင့် မစဉ်းစားတတ်ဘူး ဒေါက်တာ"

"ဩော် ဒါဆို ဟိုအုပ်စုနောက် ကိုယ်လိုက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



မယ် သင့်”

ကိုကိုတင့်က နေရာမှထရင်းပြောတော့ သင့် မျက်နှာလေး ပျက်သွား၏။

“သွားပါ ဒေါက်တာ၊ နောက်လည်း ဒေါက်တာဟာ သင့်ကို ဒီလိုပဲထားခဲ့မှာ မဟုတ်လား”

“ဟင် သင့်”

စကားနာထိုးလိုက်သော သင့်ကြောင့် ကိုကိုတင့် နေရာမှာ ဝုန်းခနဲ ပြန်ထိုင်လျက် နူးညံ့သော သင့်လက်လေးအား တင်းတင်း ဆုပ်ကိုင်မိတော့၏။

⁂ ⁂ ⁂



“ကျွန်တော့်ကို ဘာပြောစရာရှိလို့လဲ ရင့်”

သင့်နားမှ သူ့ကိုဆွဲထုတ်လာသော ရင့်အား ဖဝင့်ထည် မေးလိုက်၏။ နေရာက ခြံနောက်ပန်းခြံမှာဖြစ်သည်။

“တကယ်တော့ ကိုဖဝင့်ထည်ကို ကျွန်မ ဘာမှပြောစရာ မရှိပါဘူး၊ ကိုကိုတင့်နဲ့ သင့် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြောနိုင်အောင်လို့ ခေါ်လာတာပါ”

“ဟင်”

အေးဆေးစွာ ပြောလိုက်သော ရင့်ပုံစံကြောင့် ဖဝင့်ထည် ချက်မှောင်တွန့်မိ၏။

“ဘယ်လိုလုပ်လိုက်တာလဲ ရင့်၊ ကိုကိုတင့်နဲ့ သင့်ဟာ ဘယ်လိုမှ မလိုက်ဖက်တဲ့ ဆန့်ကျင်ဘက် လူသားနှစ်ဦးပဲ”

“အဲဒါက ကိုဖဝင့်ထည်ရဲ့ အပေါ်ယံအမြင်လေ၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဇဝင့်ထည် အချစ်ဆိုတာ အပေါ်ယံ ကွဲပြားခြားနားမှုနဲ့ မဆိုင်ဘူးရှင့်၊ ဘယ်လောက်ပဲ ခလေ့စရိုက်တွေ ခြားနားပါစေ ရင်ထဲက အချစ်ဖြစ်ပေါ်လာရင် အလိုလိုနေရင်း အဲဒီအမြင်တွေ ပျောက်သွားတာပဲ"

မြင့်မြင့်မားမားနှင့် ခန့်ညားချောမောသော ဇဝင့်ထည်အား ခပ်စူးစူးလေး ကြည့်၍ ရင်ထဲကစကားများ ရင့် ပြောလိုက်သည်။

"အချစ် ဟုတ်လား ရင့်၊ ဒီမှာရင့် ကျွန်တော်တို့အရွယ်က အချစ်ဆိုတာကို စိတ်ကူးယဉ်ရမယ့် အချိန်မဟုတ်ဘူး၊ ဘဝတစ်ခုကို လေးနက်စွာ တည်ဆောက်ဖို့ဆိုရင် အချစ်တစ်ခုတည်းနဲ့ မပြည့်စုံဘူး၊ ဓလေ့စရိုက်ကလည်း တူညီမှသာ ပျော်ရွှင်စရာဖြစ်မယ်"

"ဒါကို နှလုံးသားထဲက ဘယ်လောက်ပဲချစ်ပါစေ အပေါ်ယံ စရိုက်မတူတာနဲ့ အဲဒီလူနှစ်ဦး ချစ်ရတော့ဘူးတဲ့လား"

"ကိုဇဝင့်ထည်"

ထိုအမေးမှာ ဇဝင့်ထည်နှင့်ရင့်တို့ မျက်လုံးချင်း ဆုံ၏။ အနီးကပ်မျက်နှာချင်းဆိုင် အနေအထားမို့ ရင့်၏မျက်လုံးထဲက အဓိပ္ပာယ်တစ်ခုခုကို မြင်နေရသလိုလို။





နေရာက တိတ်တိတ်ဆိတ်ဆိတ် ပတ်ဝန်းကျင်မှာ အမှောင်အနည်းငယ် လွှမ်းလျက် ညလေပြည်မှာ ရင့်ထံက မွှေးရနံ့စူးရှရှက ဇဝင့်ထည်၏စိတ်ကို လာရောက်လှုပ်ရှားစေသယောင်။

"ရှင့်မေးတာကို ဖြေပါဦး ကိုဇဝင့်ထည်"

ဇဝင့်ထည်က နှုတ်ခမ်းလွှာကို တင်းတင်းစေ့ပြီး ခေါင်းခါလိုက်သည်။

"မချစ်ရဘူး၊ မချစ်သင့်ဘူး ရင့်"

"ဟင်"

ကြည့်စမ်း ဒါဟာ ရက်စက်တဲ့အဖြေပဲ။ ဒီပုံအတိုင်းဆိုရင် ဇဝင့်ထည်သည်လည်း ရင်ထဲက ဘယ်လောက်ပဲချစ်နေပါစေ အသွင်မတူတာတစ်ခုနှင့် ရှောင်လွှဲသွားမှာ သေချာ၏။

ရင့်မျက်လုံးတွေကို သေသေချာချာကြည့်ပါ ကိုဇဝင့်ထည်။

ရှင့် ရင့်ကိုချစ်နေတယ်ဆိုတာ မမြင်ဘူးလား။

ဇဝင့်ထည် မျက်လုံးများကိုကြည့်ရင်း ရင့်စိတ်ထဲက မေးနေမိသည်။

ထိုစဉ် လူသံတချို့ ကြားရတာကြောင့် ရုတ်တရက် ရင့်က



www.burmeseclassic.com

www.burmeseclassic.com



ဖ၀င့်ထည်ရင်ခွင်ထဲ တိုးဝင်လိုက်၏။

"ဟင် မင်း"

"အို မောင်ကလည်းကွယ်"

"ရင့် မင်း"

ဖ၀င့်ထည် အံ့ဩနေစဉ်မှာပင် အနားသို့ လူတချို့ ရောက်ရှိလာပြီး

"ဟင် သမီးက ဒီရောက်၊ အို သမီးနဲ့ မောင်ဖ၀င့်ထည်တို့က"

"ကြည့်စမ်း ရင့်ပျောက်သွားလို့ လိုက်ရှာတာ၊ သူက ဒီမှာ မောင်ဖ၀င့်ထည်နဲ့ ချိန်းတွေ့နေတာကိုး"

ထိုစကားသံများကြောင့် ဖ၀င့်ထည် လှည့်ကြည့်လိုက်တော့

"ဟာ ဦးနဲ့ဒေါ်ဒေါ်"

ဦးဂျော်နီနှင့် ဒေါ်မူယာတို့ကို မြင်လိုက်ရတာကြောင့် ဖ၀င့်ထည်က လန့်ဖျန့်ကာ ရင့်ကို ရင်ခွင်ထဲမှ တွန်းထုတ်လိုက်၏။

ရင့်က ဦးဂျော်နီနှင့် ဒေါ်မူယာရှေ့သွားကာ ဒူးထောက်လိုက်ပြီး





"ဒက်ဒီနဲ့မာမီ မောင်နဲ့ရင့်ကို သဘောတူပေးပါနော်"

"ဟင် ရင့်"

မမျှော်လင့်သော ရင့်၏လုပ်ရပ်ကြောင့် ဖ၀င့်ထည် မျက်လုံးပြူးသွားသည်။ ရင့်က သူ့ကိုလှမ်းကြည့်ကာ

"ခုမှတော့ မာမီတို့ကို ဝန်ခံလိုက်ပါမောင်ရယ်"

"ရင့် မင်းဘာတွေပြော"

ဦးဂျော်နီက ဖ၀င့်ထည်ကို စူးစိုက်ကြည့်လျက်

"ဒီကိစ္စအတွက် မင်းက ငြင်းချင်သေးလား မောင်ဖ၀င့်ထည်"

"ဗျာ"

"မိဘတွေကိုယ်တိုင် မိနေတာတောင်မှ မင်းက ခေါင်းခါချင်သေးတဲ့သဘောလား မောင်ဖ၀င့်ထည်၊ ငါတို့သမီးက အပျိုစင်နုနုထွတ်ထွတ်လေးကွယ်၊ ဒီလိုအခြေအနေရောက်လို့သာ ခွင့်ပြုရမယ်၊ ငါတို့က နမျှောတယ်ကွ"

ဒေါ်မူယာက ခါးထောက်လျက် ဖ၀င့်ထည်အား တစ်လုံးချင်း ပြောလိုက်၏။

ဖ၀င့်ထည် ခေါင်းငိုက်စိုက်ကျသွားသည်။ ရင့်က



www.burmeseclassic.com

www.burmeseclassic.com



ဖဝင့်ထည်နား ရောက်လာကာ

"ဒက်ဒီနဲ့မာမီ မောင့်ကို မဆူကြပါနဲ့နော်၊ အားလုံး သင်း အပြစ်တွေပါ၊ အဟင့် ဟင့်"

ဟန်ဆောင်ကောင်းစွာ ရင့်က ငိုလိုက်တော့ ဖဝင့်ထည် ဆတ်ခနဲကြည့်မိ၏။

"ဒက်ဒီနဲ့မာမီကို တောင်းပန်လိုက်ပါ မောင်"

ယခုအခြေအနေက လုံးဝငြင်းလို့မရသည့် အနေအထား ဖဝင့်ထည် ချွေးပျံလာ၏။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဦးနဲ့ဒေါ်ဒေါ်"

"ဒါကတော့ ရှင်းပါတယ်၊ မင်းဟာ ယောကျ်ားကောင်း တစ်ယောက်ဆိုရင်တော့ ကိုယ့်တာဝန် ကိုယ်ယူပေါ့"

ထိုစဉ်

"ကိုကြီး"

"ဟင် သင့်"

ကိုကိုတင့်နှင့် သင့်တို့ ရောက်လာ၏။ ကိုကိုတင့်က ဖဝင့်ထည်ကို နားမလည်သလို ကြည့်သည်။

ကိုကိုတင့် အကြည့်ကြောင့် ဖဝင့်ထည်မျက်နှာ နီမြန်





သွား၏။

"ကိုဖဝင့်ထည်နဲ့ ရင့် ဒီလိုဖြစ်နေမှန်း ကျွန်တော်မသိ လိုက်ဘူး"

"ဗျာ ဒေါက်တာ ကျွန်တော်"

တစ်စုံတစ်ရာကို ငြင်းပယ်ဖို့ ကြိုးစားစဉ် ကိုကိုတင့်က အနားရောက်လာပြီး ဖဝင့်ထည်ကို လှိုက်လှဲစွာပြုံးပြ၏။

"မပူပါနဲ့ ကိုဖဝင့်ထည်၊ မာမီတို့က သွေးပူနေချိန်မို့ ပြောသွားတာပါဗျာ၊ ကျွန်တော်ကတော့ ရင့်ကို ကိုဖဝင့်ထည်နဲ့ သဘောတူပြီးသားပါ၊ ဒါကြောင့် ကိုဖဝင့်ထည်ဘက်က ကျွန်တော် အားမားမတ်မတ် ရပ်တည်ပေးပါ့မယ်"

"ဗျာ"

ကိုကိုတင့်၏ အားပေးမှုက ဖဝင့်ထည်အတွက် ပိုဆိုးလေ ပြီ။ ရင့်က လူတွေအလစ်မှာ ဖဝင့်ထည်ကို လှမ်းကြည့်သည်။

"ရင့်ကို ခွင့်လွှတ်ပါ"

ဟု ပြောနေသယောင်။

"ကဲ ကဲ ခုမှတော့ စိတ်အေးအေးထားပြီး အိမ်ထဲမှာ သွားနွေးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတင့် ဦးဆောင်၍ အိမ်မကြီးဆီ လာခဲ့လိုက်
ရင့်က ဖဲဝင့်ထည်နားကပ်စဉ်

"မင်းဘယ်လိုလုပ်လိုက်တာလဲ ရင့်"

"ရှူး တိုးတိုးမေးပါ ကိုဖဲဝင့်ထည်၊ ရင့်ပြောခဲ့ပြီမဟုတ်
လား နှလုံးသားထဲက ချစ်လာရင် ဘယ်အရာကိုမှ မမြင်ရတော့
ပါဘူးဆိုတာ"

"အဲဒါနဲ့ ဘာဆိုင်လဲ ရင့်"

နီမြန်းသောမျက်နှာဖြင့် စိတ်ဆိုးစွာ ဖဲဝင့်ထည်မေးတော
ရင့်ပြုံးကာ

"မောင့်ကို ရင့်ကချစ်တယ်လေ"

"ဟင်"ဟုဆိုပြီး အနားမှ လှစ်ခနဲထွက်သွားတော့
စိတ်လှုပ်ရှားစွာ ကျန်ရစ်သူက ဖဲဝင့်ထည်။

* * *



"ကိုကြီးနဲ့ ရင့်တို့ ဘယ်တုန်းက ခုလိုဖြစ်သွားကြတာလဲ
ဟင်"

သင့်က အိမ်ရောက်တာနှင့် ဖဲဝင့်ထည်ကို အံ့သြစွာ
မေးမြန်းသည်။ ဖဲဝင့်ထည် ခေါင်းခါယမ်းကာ

"ရင့်နဲ့ကိုကြီး ဘာမှမဆိုင်ဘူး သင့်"

"ဟင် ဒါဆို ကိုကြီးရင်ခွင်ထဲ ရင့်ရောက်နေတာက"

အံ့သြနားမလည်သလို သင့်မေးတော့ ဖဲဝင့်ထည်
ဆက်ပြင်းချ၏။

"အဲဒါ ရင့်အကွက်ဆင်တာပဲ သင့်၊ ကိုကြီးနဲ့သူ့ကို
လူကြီးတွေ အထင်လွဲအောင် တမင်လုပ်လိုက်တာပဲ"

"အို ဒါဆို လူကြီးတွေရှေ့မှာ ရင့်ကို တာဝန်ယူပါမယ်
လို့ ကိုကြီး ဘာကြောင့် ကတိပေးလိုက်ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



အနေတည်ကြည်သော ကိုကြီး၏အကြောင်းကို သင်လည်း သိပါသည်။ ကိုကြီးနှင့် ရင့်တို့၏ အဖြစ်ကို ရုတ်တရက်မြင်ရတော့ သင့်မှာ မယုံနိုင်ခြင်းဖြင့် မျက်လုံးတစ်ခုလုံး ပြာဝေသွားရ၏။

"အားလုံးရှေ့မှာ ရင့်က ကိုကြီးနဲ့ ချစ်နေပါတယ်လို့ ပြောနေမှတော့ ကိုကြီးက ဖွတ်ငြင်းရင် ဦးကျော်နီနဲ့ ဒေါ်မူယာတို့က သူတို့သမီးကို တာဝန်မယူချင်လို့ ငြင်းတယ်ထင်မှာပေါ့ သင့်"

"တကယ်လည်း သူတို့တွေလိုက်ရတဲ့မြင်ကွင်းက ကိုကြီးနဲ့ ရင့်ကို အထင်လွဲစရာမဟုတ်လား"

ကိုကြီးဇဝင့်ထည်ကို တွေ့တိုင်း ရင့်၏ မျက်လုံးတွေ တဖျပ်ဖျပ်လက်သွားတာကိုတော့ သင့် သတိပြုမိတာကြာပြီ။

"ကိုကြီးကို သင့်ယုံပါတယ်၊ သင့် စဉ်းစားတာက ရှင်ဘာကြောင့် ဒီလိုလုပ်ရတာလဲဆိုတာပဲ"

"ဘာပဲဖြစ်ဖြစ် သူလုပ်ရပ်ဟာ ကိုကြီးအတွက် ငြင်းလို့မရအောင် ဖြစ်နေပြီ သင့်"

"ဒါဆို ဦးကျော်နီတို့ကို ကတိပေးခဲ့တဲ့အတိုင်း ကိုကြီးက ရင့်ကို လက်ထပ်မယ်ပေါ့"





ကိုကြီးမျက်နှာက တွေဝေနေဟန်ဖြင့် ငြိမ်နေ၏။ နောက်မှ ဆက်ပြင်းချကာ

"ဒီ့အပြင် ဘာရှိတော့မလဲသင့်၊ ရင့်ကို လက်မထပ်ဘူးဆိုရင် ဦးကျော်နီနဲ့ ဒေါ်မူယာက ကိုကြီးကို ယောကျ်ားပီသစွာ တာဝန်မယူဘူးလို့ ထင်တော့မှာပေါ့ သင့်"

ယောကျ်ားကောင်းတစ်ယောက်ဖြစ်သော ဇဝင့်ထည် အတွက် ယခုကိစ္စကို ရှောင်လွှဲဖို့ မစဉ်းစားတော့ပေ။ တကယ်လို့ ရှောင်လွှဲခဲ့လျှင်လည်း ဦးကျော်နီတို့ဘက်က ခံလိမ့်မည်မဟုတ်ပေ။

"အဲဒီဆုံးဖြတ်ချက်ဟာ ကိုကြီးက ယောကျ်ားကောင်းပီသတဲ့စိတ်ဓာတ်နဲ့ မဟုတ်လား၊ ဒါပေမယ့် သင့် သိချင်တာက ကိုကြီးက ရင့် ရင့်ကို ချစ်လို့လားဟင်"

ထိုအမေးကြောင့် ဇဝင့်ထည် တိတ်ဆိတ်သွား၏။ ရင့်ကို ချစ်လားဆိုတာ ဇဝင့်ထည် တစ်ခါမှ မစဉ်းစားခဲ့ဘူးပါ။ အခြေအနေအရ လက်ထပ်ဖို့သာ ဆုံးဖြတ်၏။

"ဒီအချိန်မှာ အချစ်ဆိုတဲ့အကြောင်းအရာကို ကိုကြီး စဉ်းစားနိုင်ဘူး သင့်"

"ဟင်း သင့်ကတော့ အိမ်ထောင်တစ်ခုကို အချစ်နဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်စေချင်တယ်''

''သင့်စေတနာကို ကိုကြီးနားလည်ပါတယ်၊ ဒါပေမယ့် အားလုံးဟာ နောက်ကျသွားပြီသင့်''

ဇံဝင့်ထည်က ထိုမျှပြောပြီး လှည့်ထွက်ခဲ့၏။ သည်အချိန် ဇံဝင့်ထည် ဘယ်လိုခံစားရမယ်ဆိုတာ သင့် မခန့်မှန်းတတ်ပေ။

ထိုညက အိပ်မပျော်သော ဇံဝင့်ထည်က လေသာဆောင် ဘက် ထွက်ခဲ့သည်။

''လူကြီးတွေ အထင်လွဲအောင် ဘာကြောင့် ဒီလိုလုပ် ရတာလဲ ရင့်''

''ဒါက ရှင်းပါတယ်၊ ရင့်က မောင့်ကိုချစ်လို့လေ''

တောက်ပရွှန်းစိုသော မျက်လုံးတို့ဖြင့် သူ့ကိုကြည့်၍ ပြော ပြီး ဘာပဲဖြစ်ဖြစ် မနက်ဖြန် သူနှင့်ရင့်တို့ ရုံးတက်လက်မှတ်ထိုး မည်။

''မင်္ဂလာဆောင်ခံပွဲကိုတော့ မယ်မယ်ဆီသွားပြီးမှ စီစဉ်ပါ မယ်''

''မင်း ကောင်းသလိုသာ စီစဉ်ပါ မောင်ဇံဝင့်ထည် မင်းပြန်ရင် ရင့်ကိုပါ ခေါ်သွားပေါ့''





''ဟုတ်ကဲ့''

ရင့်နှင့် လက်ထပ်မည့်ကိစ္စကို မယ်မယ်အား မပြောတော့။ အခြေအနေအရ လက်ထပ်လိုက်ရတာမို့ တကယ်လို့ မယ်မယ်တား လာလျှင်လည်း နောက်ဆုတ်လို့ရမည်မဟုတ်ပေ။

မယ်မယ်ကတော့ ပြောဖူးသည်။

''သားနဲ့သမီးတို့ရဲ့ အိမ်ထောင်ဘက်ကို ကိုယ့်စိတ်ကြိုက် ရွေးနိုင်တယ်၊ တစ်ခုပဲ မင်းတို့ရွေးလိုက်တဲ့သူတွေဟာ မင်းတို့ဘဝ အတွက် တကယ်ပဲ အကောင်းဆုံးဖြစ်နိုင်မလားဆိုတာ သေချာ စဉ်းစားပါ''

အိမ်ထောင်ရေးနှင့် ပတ်သက်လျှင် သူတို့အပေါ် မယ်မယ် ချုပ်ချယ်ကန့်သတ်မှု မရှိခဲ့ပါ။ သို့သော် စရိုက်မတူသော ရင့်ကို တွေ့လျှင် မယ်မယ် ဘာပြောမည်နည်း။

''ကိုကြီး''

''ဟင် သင့်''

''မအိပ်သေးဘူးလား ကိုကြီး''

ညဉ့်နက်ပြီးမို့ သင့်က လေသာဆောင်ဘက်ထွက်၍ ဇံဝင့်ထည်ကို မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီညတော့ ကိုကြီး တော်တော်နဲ့ အိပ်ပျော်နိုင်မယ်မထင်ဘူး သင့်"

"ဟုတ်ပါတယ်လေ၊ မနက်ဖြန်ဟာ ကိုကြီးအတွက် စိတ်လှုပ်ရှားစရာပါ"

သင့်ကပြောရင်း ဖဲဝင့်ထည်ဆောင်းမှာ ဝင်ထိုင်၏။ တစ်ဖက်မှ ရင့်တို့၏ ခြံကြီးကမီးများ မှိတ်ကာ တိတ်ဆိတ်နေပြီ။

ရင့်

မင်းကတော့ ကိုယ်လုပ်ချင်ရာလုပ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီပေါ့။

ဖဲဝင့်ထည်က တစ်ဖက်မှ ခြံကြီးကိုကြည့်၍ တွေးလိုက်၏။

"သင့်"

"ရှင် ကိုကြီး"

"ရင့်က ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ သင့် စဉ်းစားမိလား"

အဖြေရှာမရသောဟာနဲ့ဖြင့် ကိုကြီးက မေးလာတော့ သင့် တွေးဆကာဖြေ၏။





"သင့် စဉ်းစားမိတာတော့ ရှိပါတယ် ကိုကြီး"

"ဘာများလဲ သင့်"

"ဒီလိုပါကိုကြီး ရင့်ဟာ သာမန်ဆိုလျှင်တော့ ဒီလိုလုပ်မှာမဟုတ်ပါဘူး"

"ဒါဆို ဘာအတွက်လဲ သင့်"

သင့်က ကိုကြီးအား လေးနက်စွာကြည့်ပြီး တိုးလျစွာဖြေသည်။

"ရင့်က ကိုကြီးကိုချစ်လို့ပါ"

"ဘာ ရင့်က ကိုကြီးကိုချစ်လို့ ဟုတ်လား"

မျက်မှောင်ကြီးတွန့်၍ ဖဲဝင့်ထည် နားမလည်သလို ထပ်မေး၏။

"ဟုတ်တယ် ကိုကြီး၊ ရင့်ဟာ သာမန်ဆိုရင် ကိုကြီးအပေါ် ဒီလိုလုပ်မှာမဟုတ်ဘူး၊ ရင့်စိတ်ထဲက ချစ်နေလို့ပါ"

သည်တော့ ဖဲဝင့်ထည်က ခေါင်းခါယမ်း၏။

"ကိုကြီးကတော့ ဒီလိုမထင်ဘူး၊ ကိုကြီးကို သူ တမင်အရွဲ့တိုက်ပြီး ဒီလိုလုပ်တာပဲ ထင်တယ်"

"ဟင် အရွဲ့တိုက်တယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သင့်ပြန်မေးတော့ သူ ခေါင်းညိတ်သည်။

"ကိုကြီးနဲ့သူက စရိုက်မတူဘူးလေ၊ ဒီတော့ ကိုကြီးက သူ့အပေါ် ခပ်တန်းတန်းနေမိတယ်၊ ဒါကို သူမကျေမနပ်ဖြစ်ပြီး လူကြီးတွေရှေ့မှာ တမင် ဒီလိုအကွက်ဆင်လိုက်တာပဲသင့်"

"အင်းလေ ကိုကြီးဘက်က တွေးရင်တော့ ဒီလိုထင်မှာပေါ့၊ ဒါပေမယ့် ကိုကြီးရယ် မိန်းကလေးတစ်ယောက်၊ သူစိမ်းယောကျ်ားတစ်ယောက်အပေါ်မှာ အရှုံတိုက်ချင်ရုံစိတ်နဲ့ ဒီလိုမြှူတယ်ဆိုရင် မှားမှာပေါ့"

"ဒါက သင့်အတွေးကို ရင့်က ဒီလိုတွေးမှကိုး"

ခေတ်မီပွင့်လင်းသော ရင့်နှင့် ဣန္ဒြေကြီးမားသော သင့်တို့၏ ကွာခြားချက်က ရှိလေ၏။

"ဘာပဲဖြစ်ဖြစ် ရင့်ဟာ ကိုကြီးကို ချစ်နေတာ သေချာပါတယ်၊ ဒါကြောင့် လက်ထပ်ပြီးရင်လည်း ကိုကြီးက ရင့်အပေါ် ကြင်နာပါနော်"

သြော် ကိုယ်ချင်းစာတရားရှိသော သင့်ကတော့ မိန်းကလေးချင်း စာနာကာ ဖဝင့်ထည့်အား တောင်းပန်နေ၏။

"ကိုကြီးဟာ ယောကျ်ားကောင်းတစ်ယောက်ပါ သင့်၊ ဘာအကြောင်းနဲ့ပဲ လက်ထပ်ဖြစ်ပါစေ ကိုယ်လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်အပေါ်မှာတော့ သစ္စာရှိမှာပါ"

"ကိုကြီးကို သင့် ယုံကြည်ပါတယ်၊ ဒီစကားကြားရလို့လည်း သင့် ဝမ်းသာပါတယ်ကိုကြီးရယ်၊ ကဲ ကိုကြီးနဲ့ သိပ်ပြီး ညဉ့်နက်မခံတော့နဲ့နော်၊ အိပ်ပါတော့"

"အေးပါ ညီမလေးရယ်"

မောင်နှမနှစ်ယောက် လေသာဆောင်မှထကာ ကိုယ်စီ အိပ်ခန်းထဲသို့ ဝင်သွားကြလေ၏။ အိပ်ရာဝင်သော်လည်း သင့်က ချက်ချင်းအိပ်မပျော်။

"ကိုယ်နဲ့သင့်တော့ အလိုလိုနေရင်း ဆွေမျိုးတွေဖြစ်သွားပြီနော်"

ကိုကိုတင့်က အပြုံးဖြင့် သင့်ကို ပြောခဲ့၏။

"ကောင်းတာပေါ့၊ အမျိုးဆိုတော့ မောင်နှမတွေပဲ"

"ဟင့်အင်း ကိုယ်က သင့်နဲ့ မောင်နှမမတော်ချင်ဘူး"

"ဟင်"

"ဟုတ်တယ်၊ ကိုယ်က သင့်နဲ့ ချစ်သူပဲဖြစ်ချင်တာ"

"အို"







www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတင့် မျက်လုံးများက သင့်ထံမှမခွာတော့

သင့်မျက်နှာလေးကို ဖျတ်ခနဲ ဆုပ်ကိုင်ကာ

"ကိုဖဝင့်ထည်နဲ့ ရင့်တို့ကို အားမကျဘူးလား သင့်"

"အို မသိဘူး"

ကိုကိုတင့်လက်ထဲမှ သင့်လက်ဖျားကို ဆွဲထုတ်လျက် အနားက လှစ်ခနဲ ပြေးထွက်ခဲ့တော့၏။ နွေးထွေးသော ကိုကိုတင့် လက်များကြောင့် သင့်စိတ်ထဲ အနည်းငယ်လှုပ်ရှားမိတာ အမှန်။

※ ※ ※



မန္တလေးမြို့ရှိ မယ်မယ် ဒေါ်မြလေးခင်၏ ခန့်ညားထည်ဝါသော တိုက်ကြီးရှေ့သို့ အငှားကားတစ်စီး ဆိုက်ရောက်လာသည်။

ထို့နောက် ကားပေါ်မှ အဖြူရောင် လည်ကတုံးရှပ်အင်္ကျီပေါ်တွင် မီးခိုးနုရောင် သက္ကလပ်ပါးတိုက်ပုံအင်္ကျီ၊ အောက်မှ မီးခိုးရင့်ရောင် ကွက်စိပ်လုံချည်နှင့် မြင့်မား၍ ခန့်ညားချောမောသော အမျိုးသားတစ်ဦးနှင့် ရွှေညိုရောင်ဆံပင်များကို ခပ်မြင့်မြင့်စုစည်းလျက် ခရမ်းနုရောင် ပိုးပျော့ရင်ဖုံးအင်္ကျီ၊ ပုလဲလုံးကြယ်သီးတပ်နှင့် ခရမ်းရင့်ရောင်ချိတ်ဆင် လုံချည်ကို တွဲဝတ်ထားသည့် အမျိုးသမီးလေးတစ်ဦး။

"ကျွန်တော် ဒီနေ့ပဲ မယ်မယ်ဆီသွားဖို့ စီစဉ်ထားပါတယ်"

"ဒါဆို ရင့်ကို ထည့်လိုက်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သည်နေ့မနက်တွင် ဖုဝင့်ထည်နှင့် ရင့်တို့က ဦးကျော်နီ၊ ဒေါ်မူယာတို့ရှေ့တွင် တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်ပြီးစီး၏။ ကိုကိုတင့်နှင့် သင့်က သက်သေများအဖြစ် လက်မှတ်ထိုးကြသည်။

အိမ်ပြန်ရောက်တာနှင့် သတို့သား၊ သတို့သမီးဖြစ်သော ဖုဝင့်ထည်နှင့် ရင့်တို့က မိဘနှစ်ပါးဖြစ်သည့် ဦးကျော်နီ၊ ဒေါ်မူယာတို့ကို ကန်တော့ကြ၏။

လူကြီးမိဘများက ဆုပေးပြီးအဆုံး ဖုဝင့်ထည်က အစီအစဉ်ကို ပြောပြလိုက်ခြင်းပါ။

"ဟင် ရင့်လည်း လိုက်ရမယ်၊ ဟုတ်လား မောင်"

ခန့်ညားသော ဖုဝင့်ထည်မျက်နှာကို ကြည့်၍ ရင့်ကမေး၏။

"မောင်တဲ့"

ရင့်က ဘာသာခေါ်ခြင်းဖြစ်ပေမယ့် ဖုဝင့်ထည်အဖို့ စိတ်လှုပ်ရှားချင်စရာပါ။

"လိုက်ရပါမယ် ရင့်၊ မယ်မယ်ကို ကျွန်တော်တို့





နှစ်ယောက် သွားကန်တော့ရမယ်"

ရင့်ဘက်က ဘယ်လောက်ပဲ ရင်းနှီးစွာ ဆက်ဆံပါစေ ဖုဝင့်ထည်မှာ သူစိမ်းပမာ။

"ကောင်းပြီလေ မောင်က လိုက်ခဲ့ဆို ရင့် လိုက်ရမှာပေါ့"

သက်ပြင်းလေးကြိတ်ချရင်း ရင့် ပြောသည်။

"သမီးက မိကောင်းဖခင်သားသမီးတစ်ဦးမို့ မောင်ဖုဝင့်ထည် မိဘတွေကို ရိုရိုသေသေဆက်ဆံပါ"

"ဟုတ်ကဲ့ ဒက်ဒီ"

မာမီကတော့ ရင့် လိုက်သွားမှာကို သိပ်မကြိုက်ချင်ပေမယ့် ဘာမှတော့မပြောပါ။

"မယ်မယ်ဆီ သွားမှာဆိုတော့ ရင့်ရဲ့ ဝတ်စားဆင်ယင်မှုကို ပြောင်းရပါမယ်"

"ဟင် ဘယ်လိုပြောင်းရမှာလဲ"

လက်မှတ်ထိုးပြီးနောက် ဖုဝင့်ထည်အိမ်သို့ ရင့် လိုက်ခဲ့သည်။ သင့်က ရင့်အား နွေးထွေးစွာ ပြုံးပြရင်း

"ဒီလိုပါ ရင့်၊ မယ်မယ်က သင့်တို့မောင်နှမကို ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက မြန်မာဆန်ဆန် ကြီးပြင်းစေခဲ့တာပါ၊ ဒါဟာ မယ်မယ်ကိုယ်တိုင်လည်း မြန်မာဆန်လို့ပါ"

"အဲဒီတော့ ရင့်က ဘာလုပ်ရမှာလဲ သင့်"

နားမလည်ဟန်ဖြင့် ရင့်ကမေးသည်။

"ဟုတ်ကဲ့၊ ဒီတော့ မယ်မယ်ကို တွေ့ဖို့ဆိုရင် ရင့်အ မြန်မာဆန်ဆန်ဝတ်စားဖို့ လိုပါတယ်"

"အို ရင့်မှာ အဲဒီလိုအဝတ်အစားမျိုးမှ မရှိဘဲ"

တစ်သက်လုံး ခေတ်ဆန်စွာ နေလာသော ရင့်က စိတ်ပူ ဟန်ဖြင့် ပြောလိုက်၏။

"ဒီအတွက် မပူပါနဲ့ရင့်၊ သင့်မှာ အဝတ်သစ်တွေရှိပါ တယ်၊ သင့်နဲ့ရင့်က ဆိုက်ခြင်းသိပ်မကွာတော့ ဝတ်လို့ရမှာပါ သင့်နဲ့လိုက်ခဲ့ပါ ရင့်"

ဖဲဝင့်ထည်ကို လက်ထပ်ပြီးမှ ရင့် စိတ်လေးလျှော့၍ သင့်နောက်လိုက်ခဲ့၏။

သန့်ရှင်းပြောင်လက်နေသော သင့်၏အခန်းကျယ်ကြီးထဲ မတ်ရပ်ဗီရိုကြီးအား ဖွင့်လိုက်၏။

ထို့နောက် ရောင်စုံအဝတ်အစားများကို ထုတ်ကာ





"ဒါတွေအားလုံး အသစ်တွေချည်းပါပဲ ရင့်၊ ဝတ်ကြည့် ပါဦး"

ရင့် ကြည့်လိုက်တော့ ပိုးသားပျော့ အင်္ကျီအမျိုးမျိုး၊ ချည်ထည်၊ ပိတ်ဖောက်ဇာ စသည်အင်္ကျီတို့ကို ချိတ်အဆင်အမျိုး မျိုးပါသော လုံချည်တို့ဖြင့် တွဲထား၏။

"ရင့်က ဒါတွေဝတ်ရမယ် ဟုတ်လား သင့်"

"မယ်မယ်ဆီသွားမယ်ဆိုရင် ဒီလိုဝတ်မှဖြစ်မှာပါ ရင့်"

"ဟင်း ကောင်းပြီလေ၊ ဝတ်ကြည့်တာပေါ့"

ပထမဆုံးအကြိမ် ဆင်စွယ်ရောင် ပိုးပျော့အင်္ကျီရင်ဖုံးကို ဝတ်လိုက်၏။ အောက်မှာ အနက်ရောင်ပေါ်တွင် ဆင်စွယ်ရောင် ချိတ်အဆင်လုံချည်။

"အို ဆိုက်ကတော့ ကွက်တိပဲ၊ ဒါပေမယ့် ဝတ်ရတာ တစ်မျိုးကြီးပဲ သင့်"

"အဟင်း ဒါအစမို့ပါ၊ ရင့် ခုလိုဝတ်လိုက်တော့လည်း ရင့်က မြန်မာဆန်ဆန်လှတာပဲ"

မှန်ထဲမှာပေါ်နေသော ရင့်ပုံစံက ဆံပင်ရွှေညိုရောင်ဖြန့် လျက် ရင်ဖုံးအင်္ကျီ ဝတ်ထားပေမယ့် ဝတ်ထားသော လုံချည်က



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့စောင်းနေ၏။

"ဒီလိုချည်မျိုးဝတ်ရတာ အဆင်မပြေဘူး သင့်"

"ဒါကလွယ်ပါတယ်၊ ဟော့ဒီခါးပတ်လေး ပတ်ဝတ်ပေါ့ ရင့်"

သင့်က ငွေရောင် ခါးပတ်လေး ထုတ်ပေးလိုက်၏။ ထို့နောက် ရင့်ကို လုံချည်ညီညာစွာ ဝတ်ဆင်လျက် သင့်က ခါးပတ်ပတ်ပေးလိုက်သည်။

"ကဲ ခုလိုတော့ အဆင်ပြေသွားပြီမဟုတ်လား ရင့်"

"ဟင်း ဒါပေမယ့် စိတ်ထဲ ကျုဉ်းကျဉ်းကြပ်ကြပ်နဲ့"

"ကိုကြီးရဲ့ ဇနီးတစ်ယောက်အနေနဲ့ ဒီလောက်တော့ သည်းခံရမှာပေါ့ ရင့်"

စိတ်ပျက်ဟန်ပေါ်နေသော ရင့်ကို သင့်က နှစ်သိမ့်လိုက်လေ၏။

"အေးလေ ရင့်က မောင့်ကိုချစ်မိပြီပဲ"

မှန်ထဲတွင်ပေါ်နေသော တစ်သက်တွင် တစ်ခါမှ မဝတ်ဖူးသည့် အဝတ်အစားများနှင့် ဘာသာကြည့်ပြီး ရင့်က ပြောလိုက်ခြင်း။ သင့်က အံ့သြသလိုကြည့်သည်။





"ဘာပြောလိုက်တယ် ရင့်၊ ရင့်က ကိုကြီးကို ချစ်တယ်ဟုတ်လား"

"ဟုတ်တယ် သင့်၊ ရင့်သာ မချစ်မိခဲ့ရင် မောင်နဲ့ သက်ထပ်ဖြစ်ဖို့အထိ ဘယ်အရောက်ခံပါ့မလဲ"

ကြည့်စမ်း ရင့်က ပွင့်လင်းစွာပဲ ဝန်ခံနေပါလား။ ယောက်ျားတစ်ယောက်ကို ချစ်မိတယ်ဆိုတာ အပြစ်မှမဟုတ်ဘဲဟု ရင့်ပုံစံက ခံယူထားဟန်။

သင့်မှာတော့ ကိုကိုတင့် အဖြေတောင်းနေတာကို မသိသလို လုပ်နေမိတာမဟုတ်လား။

"သင့်နဲ့ကိုကိုတင့်ကကော ဘယ်လိုလဲ"

"အို ဘာကဘယ်လိုရမှာလဲ ရင့်ရယ်"

"ကိုကိုတင့် သနားပါတယ် သင့်၊ သူ တကယ်ပဲ သင့်ကို ချစ်ရှာတာပါ"

အစ်ကိုလုပ်သူဘက်မှ ရင့်က လိုက်ပြောပေးသည်။

"ဒါဆို အရင်က သူတွဲခဲ့တဲ့ မိန်းကလေးတွေကကော ရင့်"

"သြော် သင့်က ဒါကို မနာလိုဖြစ်နေတာလား၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



ကားပါကွယ် ကိုကိုတင့် အရင်က တွဲတယ်ဆိုတာ အပျော်သဘော

ပါ၊ သင့်ကိုချစ်သလို တစ်ခါမှ အသည်းအသန် မဖြစ်ဖူးဘူးလေ

သင့်ကြတော့ သူက လက်ထပ်ဖို့အထိ ရည်စူးထားတာ''

ကိုကိုတင့် ကိုယ်တိုင်ကလည်း သင့်သာ ခေါင်းညိတ်

လျှင် ယခုပဲ လူကြီးစုံရာ ဖွင့်ပြောမည့်ပုံ။

''တော်ပါရင့်ရယ် သင့်လက်ထဲရောက်မှ သူအကျ

မပျောက်ရင် သင့်ပဲ စိတ်ညစ်ရမယ်''

''အမယ်လေး သင့်ရယ်၊ အဲဒီလိုသာဖြစ်ခဲ့ရင် ရင့်ကိုယ်

တိုင် သင့်ဘက်က လိုက်မယ် ဟုတ်လား''

အနီးကပ် ဆက်ဆံမှ သင့်၏ မိန်းမပီသသော ချစ်စ

ကောင်းသည့် ရုပ်သွင်နှင့် နူးညံ့သိမ်မွေ့သော အပြုအမူတို့ကြော

ရင့်စိတ်ထဲ တကယ်ပဲ ယောက်မတော်ချင်လာ၏။

''ကဲ သင့်တို့ကိစ္စ ခဏထားပါ၊ အခု ကိုကြီးကို ရင့်ပုံ

လေး ပြလိုက်ပါဦး''

''အို မဖြစ်ချင်ပါဘူး၊ ရှက်စရာကြီး''

ကိုယ့်အလှည့်ကြတော့ ရင့်က ရင်ဖုံးအင်္ကျီနှင့် ချိတ်လုံချည

ဝတ်ရတာ ရှက်ဟန်ဖြင့် ပြောသည်။





သင့်ပြုံးကာ...

''ဒီပုံစံမျိုးမြင်ရင် ကိုကြီးက ရင့်ကို သဘောကျမှာ၊

ကဲ လာ''

ကိုကြီးရှိရာ အခန်းအပြင်ဘက်သို့ ထွက်ခဲ့ကြသည်။

''ကိုကြီး ဒီမှာကြည့်ပါဦး''

''ဟင်''

ဖဝင့်ထည်မှာ ရင့်၏မြန်မာဝတ်စုံလေးနှင့် ဆန်းကြယ်သော

အသွင်ကို မြင်ရတော့ အနည်းငယ် အံ့သြသွား၏။

''ရင့်နဲ့လိုက်ရဲ့လား ကိုကြီး''

''အင်း လိုက်ပါတယ်''

ရင့်ကတော့ ရှက်ဟန်ဖြင့် မျက်လွှာချထား၏။

''ရင့်က ဒီလိုဝတ်တာ ကိုကြီးကို ချစ်လို့တဲ့''

''အို သင့်ကလဲ''

ကိုယ်တိုင်ဝန်ခံခဲ့ပြီးပေမယ့် သင့်ပြောပေးတော့ ဖဝင့်ထည်

အား ရင့် ရှက်စိတ်ဖြင့် လှမ်းကြည့်မိသည်။ ဖဝင့်ထည် မျက်လုံး

များနှင့်ဆုံတော့ ရင်ခုန်မိသွားရ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

သည်လိုချစ်မိသောကြောင့် ဖဝင့်ထည်ခေါ်ရာ မန္တလေး သို့ ရင့် လိုက်ပါခဲ့လျက် ယခုတော့ မယ်မယ်၏ ရှေ့မှောက်တွင် ဒူးထောက်ကာ ရောက်ရှိနေပြီ။

အသက်ငါးဆယ်ကျော်ပြီဖြစ်သော မယ်မယ်သည် အေး သောမျက်နှာဖြင့် မဟာနဖူး၊ မျက်ခုံးထူထူ၊ တည်ငြိမ်ပေမယ့် တောက်ပသိမ်မွေ့သော မျက်လုံးများဖြင့် ဖဝင့်ထည်နှင့်ရင့်ကို ပန်းကနုတ်ခုံကြီးပေါ်မှ ထိုင်လျက်ကြည့်နေ၏။

အထူးသဖြင့် ယခုထက်တိုင် ဆေးမဆိုးဘဲ နက်မှောင် ရှည်လျားသည့် ဆံပင်များကို အပြောင်သိမ်းကာ ခေါင်းထိပ်မှာ ဘီအေဆံထုံးပုံစံ ထုံးထားခြင်းက ပို၍မဟာဆန်နေသယောင်ပင်။

"ကျွန်တော်လက်ထပ်ခဲ့ပါပြီ မယ်မယ်၊ ဒါက ကျွန်တော် နဲ့ လက်ထပ်လိုက်တဲ့ ရင့်ပါ"





ဖဝင့်ထည် ကိုယ်တိုင်က ထိုင်စရာခုံများရှိပါလျက် မယ်မယ်၏ ခြေရင်း ကော်ဇော်ပေါ်မှာ ထိုင်လေတော့ ရင့်လည်း ခတတ်သာတော့ပေ။

"ရင့်တဲ့လား၊ နာမည်လေးက လှသားပဲ"

"ကျေးဇူးတင်ပါတယ် မယ်မယ်"

အင်မတန် ရဲတင်းပွင့်လင်းပါတယ်ဆိုသော ရင့်မှာ မယ်မယ်၏ မျက်လုံးများနှင့်ဆုံတော့ အနည်းငယ် သေးသိမ်သွား သလိုပါပဲ။

"မိဘတွေက ဘာလုပ်ကြသလဲ"

မယ်မယ်က ရင့်ကိုကြည့်ကာ မေးသည်။

"ကုမ္ပဏီပိုင်ရှင်ပါ မယ်မယ်"

"အင်း ကြည့်ရတာ ခေတ်မီအသိုင်းအဝိုင်းပုံကပဲ"

"ရှင်"

"သမီးဆံပင်က ဆေးဆိုးထားတာမဟုတ်လား"

ရွှေသို့ရောင်ရင့် ဆံပင်များကို ကြည့်လျက် မနှစ်သက်ဟန် ဖြင့် မယ်မယ်မေး၏။

"ကျွန်တော့်အပြစ်ပါပဲ မယ်မယ်၊ ရင့်ကို နဂိုဆံပင်



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင် ပြန်ပြောင်းခိုင်းရမှာ”

“အေး အေး မြန်မာမိန်းကလေးဆိုတော့ ဆံပင်နက်နက်လေးနဲ့မှ ကျက်သရေရှိတယ်ကွယ့်၊ ဒါနဲ့ ဒီအဝတ်အစားတွေ ဝတ်ရတာကော သမီး အဆင်ပြေရဲ့လား”

“အို ဒါက”

မယ်မယ်ဟာ အကဲခတ်ကောင်းသော အမျိုးသမီးဆိုတာ သေချာပြီ။ ရင့်အတွက် ဒီလိုမြန်မာဆန်ဆန် ဝတ်စုံမဝတ်ဖူးဘူးဆိုတာ ဘယ်လိုသိနေတာပါလိမ့်။

“အဆင်မပြေရင်လည်း နောက်တော့ နေသားကျသွားပါလိမ့်မယ်၊ လင်နဲ့မယားဆိုတာ ရှေ့သွားနောက်လိုက်ညီမှ ကောင်းတာမျိုးကွယ့်”

“ရှင် ဟုတ်ကဲ့”

ရင့် ယောင်ရမ်းခေါင်းညိတ်မိ၏။ သေချာတာကတော့ မကြာခင် ရင့်၏ဆံပင်များဟာ နဂိုမူလ အနက်ရောင်ပြန်ရောက်ကာ အဝတ်အစားများလည်း ဒီပုံစံအတိုင်း ဝတ်ရတော့မည်ဟု သိလိုက်ပြီ။

“ကျွန်တော်တို့ လက်ထပ်ပြီးတဲ့ နောက်ပိုင်း ရင့်က





အားလုံးကို ပြုပြင်ပြောင်းလဲဖို့ ဆုံးဖြတ်ထားပါတယ် မယ်မယ်”

ဖဝင့်ထည် ဝင်ပြောလိုက်တော့ ရင့် အံ့သြသွား၏။ ကြည့်စမ်း ဒီလိုစကားမျိုး ရင့်လည်း သူ့ကိုမပြောဘူးပါလား။

မယ်မယ်က ခေါင်းတစ်ညိတ်ညိတ်ဖြင့်…

“ဒါပေါ့ကွယ် အိမ်ရှင်မဆိုတာ ကိုယ့်ရဲ့ အိမ်ထောင်ဦးစီး စိတ်ချမ်းသာဖို့ အဓိကထားရမယ်၊ ကဲ ကဲ သားတော်တို့လည်း ပင်ပန်းလာပြီ၊ အနားယူကြ”

“ဟုတ်ကဲ့ မယ်မယ်၊ ကဲ ရင့် မယ်မယ်ကို ကန်တော့ကြရအောင်”

“ရှင် ဟုတ်ကဲ့”

ကော်ဇောပေါ်မှာ ကြုံ့ကြုံ့လေးထိုင်၍ ဖဝင့်ထည်နှင့်အတူ ရင့် ကန်တော့လိုက်၏။

မယ်မယ်က ဆုတွေပေးသည်။ ထို့နောက် ဖဝင့်ထည် ခေါ်ဆောင်ရာသို့ ရင့် လိုက်ခဲ့၏။

“ဟင် ဒီအခန်းက”

ရင့် တွေ့လိုက်ရသော အခန်းက ကျယ်ဝန်းပေမယ့် မတ်ရပ်ဗီရိုတစ်လုံး၊ စာကြည့်စားပွဲတစ်ခု၊ ကိုယ်လုံးပေါ်မှန်တစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရိုးရှင်းသော ခုတင်တစ်လုံးတို့ဖြစ်၏။

"ဟုတ်တယ်၊ ဒါ ကျုပ် လူပျိုတုန်းက နေခဲ့တဲ့အခန်းပဲ ရှင့်"

"အို…ဒီမှာ ဘာမှလည်း မရှိပါလားဟင်"

တကယ်တမ်း ရှင့် မျှော်လင့်ထားတာက ပန်းနုရောင်တို့ဖြင့် ပြင်ဆင်ထားမည့် မင်္ဂလာအခန်းတစ်ခုကိုပါ။

"ဘာလဲ ခေါင်းအုံးတို့ စောင်တို့ မွေ့ရာတို့ကို ပြောတာလား၊ အဲဒါတွေအားလုံး ဟို ဗီရိုကြီးထဲမှာရှိတယ်၊ မင်းဘာသာ ယူခင်းပေတော့ ရှင့်"

"ရှင် ကျွန်မဘာသာလုပ်ရမယ် ဟုတ်လား မောင်"

ဖြူနုသောလက်လေးများမှာ လှပသော လက်သည်းလေးများကို ရှင့်က ဘာသာပြန်ကြည့်ရင်း မေးလိုက်၏။ သူကတော့ ရှင့်၏အမေးကို ခပ်အေးအေး ခေါင်းညိတ်သည်။

"ဟုတ်တယ် ရှင့်၊ ဒီမှာ အိမ်ဖော်မရှိဘူး၊ အားလုံးကိုယ့်အလုပ်ကိုယ် လုပ်ကြရတာ၊ ကျုပ်ဆို ငယ်ငယ်ကတည်းက ကိုယ့်အဝတ် ကိုယ်လျှော်ဝတ်လာရတာ"

"အို"





တစ်သက်လုံး ခြေမွေးမီးမလောင် လက်မီးမလောင် နေလာသော ရှင့်အဖို့ ဖဝင့်ထည်၏ စကားများက ငိုချင်စရာ။

"ဒီလိုမှန်းသိရင် အိမ်ကကောင်မလေးကို ခေါ်လာပါတယ်"

စိတ်ပျက်ဟန်ဖြင့် ရှင့် ရေရွတ်တော့ သူ ဖျတ်ခနဲကြည့်၏။

"မယ်မယ်က ဒီအိမ်မှာ ဘယ်သူ့ကိုမှ အိမ်ဖော်ခေါ်ခွင့်မပြုဘူး ရှင့်"

"ဟင်"

"ဒါကြောင့် ဒီမှာ မင်းကိစ္စ မင်းဘာသာလုပ်ပါ ရှင့်"

တည်ငြိမ်စွာဖြင့် ရှင့်ကို သူပြော၏။ ရှင့် ငိုင်ခနဲ ဖြစ်သွားသည်။ အချစ်ဆိုတာ ရှင့်အတွက် ဒီလောက်တောင် ခက်ခဲစေသတဲ့လား။

"ကောင်းပြီလေ၊ ရှင်က ရှင့်ကိုလက်ထပ်ခဲ့မိမှကိုး"

"အဲဒီအတွက် မင်း နောင်တရနေသလား ရှင့်"

မျက်ဝန်းချင်းဆုံကာ သူမေးသည်။ ရှင့် ခပ်မဲ့မဲ့လေးပြုံးရင်း ခေါင်းခါယမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ရှင့်နှလုံးသားက ဘာကိုတောင်းဆိုတယ်ဆိုတာ ရှင့်ဘာသာသိတယ်၊ ဒီတော့ ထိုက်သင့်တဲ့အပြစ်ဒဏ်လည်း ခံရမှာပေါ့ မောင်၊ ကဲ ရှင့် အိပ်ရာခင်းမယ်"

ဘဝမှာ ပထမဆုံးအကြိမ် နုနယ်သောလက်များနှင့် ရှင့်အလုပ်လုပ်ခြင်းပါ။ ခုတင်ခြေရင်းမှ နံရံကပ်ဗီရိုကို ဖွင့်လိုက် သည်။ ပရုတ်နံ့သင်းနေသော မွေ့ရာ၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်များက အားလုံးအသစ်အတိုင်း။

"ရေချိုးခန်းက ဟိုဘက်မှာ၊ ကျုပ် မယ်မယ်နဲ့ စကားသွားပြောလိုက်ဦးမယ်"

ထိုနောက် အခန်းထဲမှ သူ ထွက်သွားလေ၏။ ကြည့်စမ်း ဘယ်လောက်များ အသည်းမာတဲ့လူလဲ။ ရှင့်ကို ကူညီဖို့ နည်းနည်းလေးမှ မစဉ်းစားပါလား။

မောင်

ရှင့်နှလုံးသား ဘယ်လောက်မာနိုင်မှာလဲ။

ရှင့်က 'အချစ်'အတွက် ဘယ်လောက်သည်းခံနိုင်တယ်ဆိုတာ သက်သေပြရမှာပေါ့လေ။

ရှင့်တစ်ယောက်တည်း ကြိုးစား၍ အိပ်ရာများခင်းလိုက်၏။ တစ်ခါမှမလုပ်ဖူးတာမို့ ဒီလောက်လေးလုပ်ရတာပင် ရှင့်အတွက် ပင်ပန်းခက်ခဲရပါသည်။





"ဒက်ဒီနဲ့မာမီသာ ငါ့အဖြစ်ကိုသိရင် ဘယ်လောက် ရင်နာလိုက်မလဲ"

နှုတ်ခမ်းလေး ဖိကိုက်ရင်း ရှင့် တွေးမိသည်။

အိုလေ ဒါတွေဟာ ငါဖန်တီးတာတွေပဲ။ တကယ်တော့ ယောကျ်ားတစ်ယောက်ကို အရွဲ့တိုက်ချင်စိတ်နဲ့ လက်ထပ်ဖို့ မကောင်းဘူး။

ရှင့်က တစ်ချက် ခေါင်းခါယမ်းပြီး အလုပ်ကို လက်စသတ်၏။ ထို့နောက် ပင်ပန်းနွမ်းနယ်မှု ပြေပျောက်ရန် ရေချိုးခန်းထဲဝင်ခဲ့သည်။

"ဟင် ကြွေဇလုံလည်း မရှိဘူး"

ရေချိုးခန်းက အိပ်ခန်းနှင့် တစ်ဆက်တည်းဖြစ်ပေမယ့် ရှင့်တို့အိမ်မှာလို ခေတ်မီ ကြွေရေချိုးကန် မရှိလေပါ။

ထို့ကြောင့် ရေပန်းကိုသာဖွင့်၍ ခေါင်းကအစ လျှော်ပစ်လိုက်၏။

ဟင်း ခုမှပဲ လူတစ်ကိုယ်လုံး လန်းဆန်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးတာနှင့် ရင့်သည် သေတ္တာကိုဖွင့်၍ အပြာရောင်စပို့ရှပ်ကို အနက်ရောင်စကတ်ဖြင့်တွဲဝတ်ကာ ဆံပင်များကို ဖြန့်ချထားလိုက်သည်။

"ဩော် မင်းတောင် ရေချိုးပြီးပြီကိုး"

အသံနှင့်အတူ ဝင်ရောက်လာသူက ကံဝင့်ထည်။

သူလည်း အဝတ်အစားသစ်နှင့်မို့ ကြည်သန့်ကာ ရေချိုးခဲ့ဟန်တူ၏။

"ရှင် ဘယ်မှာရေချိုးခဲ့တာလဲ မောင်"

"တခြားအခန်းမှာပါ၊ ဒါနဲ့ ထမင်းစားသွားစို့"

"အတော်ပဲ၊ ရင့်လည်း ဗိုက်ဆာနေတာနဲ့"

တစ်မနက်လုံး စိတ်လက်လှုပ်ရှားခဲ့သော ရင့်က ယခုမှ ထမင်းဆာရမှန်းသိ၏။

"မင်းအဝတ်အစားတွေနဲ့ မယ်မယ်ရှေ့ သွားလို့မဖြစ်ဘူး ရင့်"

"အို ဒါကို"

"မယ်မယ်ဆီမှာနေရင် မယ်မယ်ကြိုက်တဲ့ပုံစံမျိုးပဲ ဖြစ်စေချင်တယ် ရင့်"





နောက်ဆုံးတော့ ရင့် သက်ပြင်းလေးချကာ အဝတ်အစားလဲလိုက်ရလေ၏။

✕ ✕ ✕



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့တော့ ထမင်းဟင်းအားလုံးက ချက်ပြီးသွားပြ
နောက်နေ့ကစပြီး မီးဖိုချောင်ကို သမီး ဝင်ရမယ်"

"ရှင်"

ထမင်းဝိုင်း ထိုင်မိချိန်မှမယ် စားပွဲထိပ်ဆုံးတွင်ရှိသော
မယ်မယ်က ရင့်ကိုကြည့်၍ အမိန့်ထုတ်လေ၏။

မီးဖိုချောင်ဝင်ရမည်ဆို၍ ရင့် မျက်လုံးပြူးသွားသည်။
ရင့်တစ်သက် မီးဖိုချောင်ကိစ္စ ဘာမှလုပ်ခဲ့ဖူးတာမဟုတ်။

"မင်းကတော့ မနက်ဖြန် တောင်မြို့က ယက္ကန်းစင်ဆီ
သွားရမယ်"

"ဟုတ်ကဲ့ မယ်မယ်"

ဓဝင့်ထည်ကတော့ မယ်မယ်ပြောသမျှ ခေါင်းညိတ်
သာ။ ရင့်က သူ့ကို လှမ်းကြည့်၏။ သူက ရင့်ရဲ့အကြည့်





သေချင်ယောင်ဆောင်၍ မယ်မယ်ပန်းကန်ထဲ ဟင်းခပ်ထည့်ပေး
နေသည်။

ဟင်းတွေအားလုံးက မြန်မာဆန်ဆန် ငါးခူငါးပိချက်၊
ငါးဘတ်မွေ၊ ဆိတ်သားနှပ်၊ ချဉ်ပေါင်နှင့် မှျစ်ကြော်တို့တွင်
ရက်သီးအစိမ်းတောင့်လေးများထည့်၍ ကုလားပဲဟင်းကို ကြာဆန်
ခပ်ထားသည်။

အရွက်သုပ်အဖြစ် မြင်းခွာရွက်ကို မြေပဲဆန်ထောင်းနှင့်
သုပ်ကာ ပဲကြီးနှပ်၊ ငါးပိထောင်း၊ တို့စရာအစုံအလင်ဖြစ်၏။

"ဒီဟင်းတွေအားလုံး မယ်မယ်နဲ့ ကြီးကြီးတို့ ချက်တာ
ပဲ ရှင့်"

ဓဝင့်ထည်က ရင့်ဘက်လှည့်၍ ပြော၏။ ကြီးကြီး
ဆိုတာကလည်း ခပ်ရီးရီးအေးအေးပုံစံနှင့် မယ်မယ်တို့လို ဝတ်စား
ထားသည်။

"သမီးလေး သင့်က ဒီဟင်းမျိုးတွေ သိပ်ကြိုက်တာ၊
ရင့်ရော ကြိုက်ရဲ့လား"

"ရှင် ဟုတ် ဟုတ်ကဲ့ မယ်မယ်"

ထမင်းဝိုင်းမှာ မယ်မယ်က သင့်ကိုသတိရရင်း ရင့်ကို



www.burmeseclassic.com

www.burmeseclassic.com



မေးတော့ ယောင်ယမ်းခေါင်းညိတ်လိုက်သည်။

"ဒါဆို များများစား၊ သမီးက နည်းနည်းပိန်နေတယ်"

"ရှင် ဟုတ်ကဲ့"

သည်ဝိတ်ကမတက်ရန် တမင်ထိန်းထားရသော ရှင့်
မယ်မယ်စကားကြောင့် သက်ပြင်းကြိတ်ချ၏။

ဖဝင့်ထည်ကြည့်တော့ မယ်မယ့်လက်ရာကို နှစ်ခြိုက်
စားနေပြီး ရှင့်လည်း နီးစပ်ရာဟင်း ခပ်ထည့်လိုက်၏။

"အား"

"ဟင် ဘာဖြစ်တာလဲ ရှင့်"

"ရှင် ဟို ဟို"

ငါးခူငါးပိချက်ထဲက ငရုတ်သီးအစိမ်းတောင့်ကို ဝါး
မိသော ရှင့် ချက်ချင်းမျက်ရည်ဝဲလာ၏။

"ငရုတ်သီးတောင့် ဝါးမိသွားတာထင်တယ်၊ ရေခဲ
အေးအေးလေး သောက်လိုက် သမီး"

"ဟုတ်ကဲ့ မယ်မယ်"

ဖဝင့်ထည်က ရေခဲရေတစ်ခွက် ရှင့်ကိုလှမ်းပေးသည်
ရှင့်ကျေးဇူးတင်ကာ ယူလိုက်ရင်း အမြန်သောက်ချလိုက်၏။





"ရှင့်က အစပ်မစားနိုင်ဘူး မယ်မယ်"

"အင်း မယ်မယ်တို့ကတော့ အချဉ်အစပ်လေးပါမှ
..းဝင်တယ်၊ ဆိပ်သားနှပ်မှာ အစပ်မပါဘူး သား"

ပထမဆုံးအကြိမ် ဖဝင့်ထည်က ရှင့် ပန်းကန်ထဲ ဆိတ်
..သားနှပ် ခပ်ထည့်ပေး၏။

ရှင့်က ဆိတ်သားနှပ်၊ ပဲဟင်းတို့ဖြင့်သာ စားလိုက်သည်။

အင်း ဒီလိုဆိုတော့လည်း မယ်မယ်လက်ရာ ဟင်းတွေ
.. ကောင်းနေပါလား။

"နောက်နေ့တွေမှာ သမီးကြိုက်တဲ့ဟင်း ကိုယ်တိုင်
..က်ပေါ့၊ မယ်မယ်တို့အတွက်ကတော့ မြန်မာဆန်ဆန် ဟင်းတွေ
.. ချက်"

"ဟုတ်ကဲ့ပါ မယ်မယ်"

ရှင့် ခေါင်းညိတ်လိုက်ရပေမယ့် မယ်မယ်ပြောသော
..င်းတွေကို ဘယ်ကစ၍ ချက်ရမှန်းမသိပါ။

ထမင်းစားပြီးတော့ မယ်မယ်က လက်ဖက်ပွဲစားသည်။
..င့်က အသီးအနှံစားချင်တာကြောင့် ရေခဲသေတ္တာဖွင့်၏။

ပန်းသီး၊ စပျစ်သီးတို့ကိုတွေ့၍ သူမ ပန်းကန်ဖြင့် ယူလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သမီးက ထိုးမုန့်ကို ဆနွင်းမကင်းတို့ မကြိုက်ဘူးလား"

"ဟင့်အင်း မယ်မယ်၊ ရင့်က အသီးအနှံပဲကြိုက်တယ်"

"အင်း သားနဲ့အကြိုက်ချင်းတူတာပဲ၊ ဒါကြောင့် အကြိုက်ချင်းတူလို့ ဖူးစာဆုံကြတာပဲ"

ထိုစကားကြောင့် မယ်မယ် ဘေးနားမှာထိုင်နေသော ရင့်က ဇဝင့်ထည်ကို ဖျတ်ခနဲ လှမ်းကြည့်၏။ သူက ရင့်အကြည့်ကို ဖျတ်ခနဲ ရှောင်လွှဲကာ

"အခုလောလောဆယ်တော့ မစားရတာကြာပြီဖြစ်တဲ့ ထိုးမုန့်ကိုပဲ ကျွန်တော် စားချင်တယ် မယ်မယ်"

ကြည့်စမ်း ဒါ သူက ရင့်ကို တမင်အရွဲ့တိုက်လိုက်တာပဲ။ မယ်မယ်ကတော့ သူပြောတာကို တကယ်မှတ်သွားပုံပင်။

"အင်း မယ်မယ်ကလည်း ဒီရက်ပိုင်းမှ အချိုရှောင်ချင်တာနဲ့ ထိုးမုန့်ဝယ်မထားမိဘူး သားရဲ့"

"ရပါတယ် မယ်မယ်၊ ကိုဇံကို ရင့် ပန်းသီးကျွေးလိုက်ပါ့မယ်"

ရင့်က ပြောပြောဆိုဆို သူ့ကို ပန်းသီး လှမ်းပေး၏။





သည်တော့လည်း မယ်မယ်ရှေ့မှာဖြစ်၍ ရင့်ပေးသော ပန်းသီးကို လှမ်းယူ၏။

"ကဲ ကဲ မယ်မယ်လည်း ထမင်းစားပြီး နားဦးမယ်၊ သားတို့လည်း အနားယူကြ"

"ဟုတ်ကဲ့"

မယ်မယ် အမိန့်ရမှပင် သူတို့ အခန်းထဲဝင်ခဲ့ကြ၏။ အခန်းထဲရောက်တာနှင့် ရင့်မှာ လွတ်မြောက်သူတစ်ဦးလို စိတ်ပေါ့ပါးသွားလျက်

"ဒီမှာ မောင်"

ဗီရိုဖွင့်နေသော ဇဝင့်ထည်ကို ခေါ်လိုက်သည်။ သူ ဖျတ်ခနဲလှည့်ကြည့်ကာ

"မင်း ကျုပ်ကိုခေါ်တာလား ရင့်"

"အဟင်း ခက်ပါလားနော်၊ ဒီအခန်းထဲမှာ ရင့်နဲ့ရှင်ပဲ ရှိတာ၊ ရင့်ကိုမခေါ်လို့ ဘယ်သူ့ကိုခေါ်ရမှာလဲ"

သူက သူမကို စိုက်ခနဲကြည့်၏။

"မင်း ဘာပြောချင်လို့လဲ ရင့်"

"ပြောချင်တယ်၊ မနက်ဖြန် ရင့် မောင်နဲ့လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ မဖြစ်ဘူး၊ မင်းကို မယ်မယ်က အိမ်မှာချက်ပြုတ်ဖို့ ပြောထားတာပဲ ရင့်"

ခါးသီးစွာငြင်းသော သူ့ကြောင့် ရင့် မျက်နှာပျက်သွား၏။

"အဲဒါ ဘယ်လိုဖြစ်နိုင်မှာလဲ မောင်၊ ရင့် တစ်သက် မီးဖိုချောင်ဝင်ဖူးတာမဟုတ်ဘူး"

"အေး အဲဒါ အရင်တုန်းကလေ၊ အခု မင်းက ကျုပ်ရဲ့ ဇနီးပဲ၊ အိမ်ရှင်မဝတ္တရား ကျေပွန်ရမှာပေါ့ ရင့်"

သူ၏ ခပ်တည်တည်အပြောကြောင့် ရင့် နှုတ်ခမ်းလေး ဖိကိုက်လိုက်သည်။

အမှန်တော့ သူ ဒီလိုစကားပြောတာ ရင့်ကို မချစ်၍ သာ။

"ကောင်းပြီလေ၊ ရှင့်ကို ရင့်က လက်ထပ်ခဲ့မိမှကိုး"

ပြောပြီး ရင့်က ဝမ်းနည်းစွာဖြင့် ခုတင်ပေါ် တစ်ဖက် လှည့် အိပ်နေလိုက်၏။

ယခုချိန်ထိ ရင့်အပေါ် စိမ်းကားစွာဆက်ဆံနေသော သူ့ကို နားကြည်းမိသလိုပါပဲ။





မယ်မယ်နှင့်တွေ့ကာ ပင်ပန်းသောစိတ်၊ ခရီးပန်းလာရှိန်ဖြင့် ရင့် မှေးခနဲ အိပ်ပျော်သွား၏။

ရင့်

မျက်တောင်ကော့များ မှေးယှက်လျက် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည့် သူမကို ခပ်ငေးငေးကြည့်မိသူက ကံဝင့်ထည်။

ယခုလိုဆိုတော့လည်း ရင့်က ကလေးတစ်ယောက်လို အပြစ်ကင်းပုံစံလေးနှင့်ပါလား။

တကယ်တမ်း ရင့်ကို သူ မုန်းနေသလားဆိုတာ သေချာ စဉ်းစားမရပါ။ ဘာပဲဖြစ်ဖြစ် ခုတော့ သူနှင့်ရင့်က ဇနီးမောင်နှံ။

ဟင်း

ချောမောလှပခေတ်မီသော ရင့်သည် သူ့ကိုချစ်၍ ပုံစံ ပြောင်းဖို့ ကြိုးစားခြင်းတဲ့။

ထိုစကားက ရင်ခုန်စရာကောင်းပေမယ့် လောလောဆယ် တော့ ရင့်ကိုကျော်ခိုင်းကာ သူ အိပ်လိုက်၏။

ရင့်ထံမှ မွှေးပျံ့ပျံ့ရနံ့ကြောင့် သူ စိတ်တွေလှုပ်ရှားလာ ရသည်။

မဖြစ်ဘူး၊ အိပ်ဆေးသောက်မှ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လက်ထပ်ထားသော ဇနီးဆိုပေမယ့် ရင့်အပေါ် ချစ်လာမှသာ ပိုင်ဆိုင်ချင်၏။

ယခုတော့ သူ့စိတ်တွေက ရင့်နှင့်ပတ်သက်၍ မကျေနပ်သလိုလို။

အိပ်ဆေးသောက်ပြီးနောက် မကြာခင် သူ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။

⁂ ⁂ ⁂



''ဟင်''

တစ်ရေးနိုးလာသော ရင့်က ပတ်ဝန်းကျင်ကြည့်လိုက်တော့ မိုးစင်စင်လင်းနေပြီ။

ဖက်လုံးကို အလယ်မှာခြားလျက် ရင့်ကိုကျောခိုင်းအိပ်နေသော ဇဝင့်ထည်ကိုတွေ့ရတော့ မျက်လုံးလေး တွန့်သွားမိ၏။

ကြည့်စမ်း သူကများ စည်းခြားထားရတယ်လို့။

ဒါဟာ မိန်းမတစ်ယောက်အတွက် ဘယ်လောက်ခံပြင်းရာကောင်းလဲ။

အထူးသဖြင့် ရင့်လိုလှပတဲ့ မိန်းကလေးတစ်ယောက်အတွက်လေ။

ထိုစဉ်

''ဟင် မိုးတောင်လင်းပြီပဲ''



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ ဆတ်ခနဲနိုးလာသော သူက နာရီကိုကြည့်သည်။

"စောပါသေးတယ် မောင်"

"ဟာ မစောဘူး၊ ခုဆို မယ်မယ် ဘုရားဝတ်ပြုပြီးလောက်ပြီ ရင့်၊ ဒုက္ခပဲ ဒီအိမ်မှာ မနက်ငါးနာရီဆိုရင် အားလုံး အိပ်ရာကထပြီး ဘုရားကန်တော့ကြရတယ်"

"ဟင် နေ့တိုင်းလား မောင်"

မျက်လုံးဝိုင်း၍ ရင့်မေးတော့ သူ ခေါင်းညိတ်သည်။

"ကဲ မျက်နှာမြန်မြန်သစ်တော့၊ ဘုရားကန်တော့ဖို့ သွားမှ"

သူက ရင့်ကိုတိုက်တွန်းပြီး ကိုယ်တိုင်လည်း ရေချိုးခန်းထဲ ဝင်သွား၏။

ရင့်မှာ ဒီအိမ်ရဲ့စည်းကမ်းတွေကြောင့် စောစောစီးစီး သက်ပြင်းချမိသည်။

ကိုယ်လက်သန့်စင်ပြီး ရင့်တို့ အဝတ်အစားလဲ၍ အခန်းထဲမှထွက်လာခဲ့၏။

"မိန်းကလေးဖြစ်ပြီး တယ်အိပ်ရာထ နောက်ကျတာကိုး"





"ရှင်"

ဧည့်ခန်းထဲမှာ မယ်မယ်နှင့်ဆုံတော့၏။ မျက်နှာတွင် သနပ်ခါးမှုန်မှုန်နှင့် မယ်မယ်သည် ဘယ်အချိန်က အိပ်ရာထနေပါလိမ့်။

"ဒီအိမ်မှာရှိတဲ့ မိန်းမတွေအားလုံး မနက်လေးနာရီထပြီး ဆွမ်းချက်ကြရတယ် ရင့်၊ မင်းကတော့ ပထမဆုံးနေ့မို့ ခွင့်လွှတ်လိုက်မယ်၊ နောက်နေ့ကစပြီး အိပ်ရာက လေးနာရီ ထပါ"

"ရှင် ဟုတ် ဟုတ်ကဲ့"

ရင့် ခေါင်းညိတ်လိုက်ရပေမယ့် မနက်လေးနာရီထဖို့ ဆိုတာ ဘယ်လိုမှ အဆင်မပြေနိုင်ပါ။ သူ့ကိုကြည့်တော့ ရင့်ဘက်မှ လိုက်ပြောပေးဖို့ မဆိုထားနှင့် အပြစ်ရှိသူတစ်ယောက်လို မယ်မယ်ကိုကြည့်ကာ

"ရင့်ကို ဒီအိမ်ကစည်းကမ်းအကြောင်း ကြိုမပြောမိတဲ့ ကျွန်တော့်အပြစ်ပါ မယ်မယ်"

"အေးလေ သားလည်း အိမ်ထောင်ကျမှ အတော်ပေါ့လျော့တာကိုး၊ ကဲ ကဲ ဘုရားခန်းထဲဝင်ကြတော့"

"ဟုတ်ကဲ့ မယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဦးဆောင်၍ အပေါ်ထပ်ရှိ ကျယ်ဝန်းသားနားသော ဘုရားခန်းထဲ ဝင်ခဲ့၏။

ပန်းတွေလန်းဆန်းဝေဖြာလျက် ဆွမ်း၊ ရေ၊ မီး၊ အမွှေးတိုင်၊ သစ်သီးဆွမ်းတို့ဖြင့် ဘုရားခန်းက ကြည်ညိုစရာကောင်းလှပါသည်။

သို့သော်

ယနေ့ချိန်ထိ ဘုရားစာကောင်းကောင်းမရသော ရင့်အတွက် ဦးသုံးကြိမ်ချလိုက်ရုံသာ။

သူကတော့ ရှည်လျားစွာ ရှိခိုးကန်တော့နေ၏။

ရင့်က အသာထွက်ခဲ့သည်။

"ဒါ ဘုရားကန်တော့ပြီးတာလား ရင့်"

"ရှင် ဟုတ်ကဲ့ မယ်မယ်"

"ကြည့်ရတာ ဦးသုံးကြိမ်ချရုံပဲထင်တယ်၊ ဘုရားစာတွေကော ရရဲ့လား"

"ရှင် ဟို ဟို"

ဆက်မဖြေနိုင်သော ရင့်ကို မယ်မယ်က သနားဟန်ဖြင့် ကြည့်၏။





"အင်း မြန်မာမိန်းကလေးတစ်ယောက်ဖြစ်ပြီး ဘာသာရေးနဲ့ ဝေးနေတဲ့ပုံပဲ၊ ကိစ္စမရှိပါဘူးလေ၊ မယ်မယ်ဆီရောက်မှတော့ ဘာသာရေး ကိုင်းရှိုင်းလာအောင် သင်ပေးရတာပေါ့"

ထိုအပြောနှင့်ပင် ရင့်မှာ အလိုလိုနေရင်း အသက်ရှူကြပ်သွား၏။

"ကဲ ကဲ မီးဖိုထဲသွားပြီး ကြီးကြီးကို မနက်စာ ကူလုပ်ပေးလိုက်"

"ရှင် ဟုတ်ကဲ့"

မယ်မယ့်ရှေ့မှ ရင့် အမြန်ထွက်ခဲ့သည်။ သန့်ရှင်းသပ်ရပ်သော မီးဖိုခန်းက ကျယ်ဝန်းသည်နှင့် ပစ္စည်းတွေက သူ့နေရာနှင့်သူ သေသပ်စွာရှိနေ၏။

"ကြီးကြီး"

"သြော် ရင့် လာလေ"

ရိုးအေးသော ကြီးကြီးက ရင့်ကိုခေါ်သည်။ ရင့် အနားကပ်သွားရင်း

"ဟို မယ်မယ်က ကြီးကြီးကိုကူလုပ်ဖို့ ရင့်ကို လွှတ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ဒီမနက် နန်းကြီးသုပ် လုပ်စားကြမယ်လေ၊ ဒီတော့ ရင့်က ကြက်သွန်လှီးလိုက်"

"ဟုတ်ကဲ့"

ကြီးကြီးကို ခေါင်းညိတ်ပြီး ကြက်သွန်ဥများနှင့် ဓားကို ယူလိုက်သည်။

ထို့နောက် ရင့်က ဓားဖြင့် ကြက်သွန်နီကို ပိုင်းချလိုက်၏။

"အမယ်လေး လေး ကြက်သွန်နီတွေ ကုန်ပါပြီကွယ်"

"ဟင် ကြီးကြီး"

ရင်ဘတ်ဖိလျက် ကြီးကြီးကအော်တာကြောင့် ရင့်မှာ လန့်သွားရသည်။

"ဘယ်လိုလုပ်လိုက်တာလဲ ကလေးမရယ်၊ ကြက်သွန် တစ်ခါမှ မသင်ဖူးဘူးလား"

"ရှင် ဟင့်အင်း"

ရင့် ခေါင်းခါယမ်းတော့ ကြီးကြီး သက်ပြင်းချသည်။

"အင်း မောင်ဇံက ဒီလောက်ခေတ်မီလှပတဲ့ မိန်းကလေးမျိုး ယူလာကတည်းက ထင်ထားခဲ့သားပဲလေ၊ ကိစ္စမရှိဘူး၊ ကဲ





ကြီးကြီးပြမယ် ရင့်"

ကြီးကြီးက ရင့်ကို သေချာကြည့်စေ၍ ကြက်သွန်နီ ခွဲနွာနည်းပြ၏။

အင်း ကြီးကြီးပြသလိုဆိုတော့လည်း လွယ်ပါလားဟု တွေးသည်။

သို့သော် တကယ်တမ်း ကြက်သွန်များ သင်သောအခါ

"အား စပ်လိုက်တာ"

"ကြက်သွန်က စပ်တာမဟုတ်ဘူး၊ မွှန်တာကွယ့်၊ ဓား ကို ဆားလေးကပ်ပြီးသင်၊ ဒါမှ မမွှန်တာ ကလေး"

"ဟုတ် ဟုတ်ကဲ့"

မည်သို့ပင်ဆိုစေ ရင့်မှာတော့ ကြက်သွန်မွှန်၍ မျက်ရည် လာရသည်။

"အား"

"ဟင် ဘာဖြစ်တာလဲ ရင့်၊ အို လက်ကို ဓားရှသွား တာပဲ"

ဒါမျိုး တစ်ခါမှမလုပ်ဖူးတော့ ရင့်မှာ လက်ကို ဓားရှ သွားကာ နာကျင်စိတ်ဖြင့် ငိုချင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက ရင့်လက်ကို ယူကြည့်ပြီး

"ဒီလောက်ကတော့ ကိစ္စမရှိပါဘူး၊ ဆန္ဒင်းလေး သိပ် လိုက်ရင် ရတယ်"

"အို ဟင့်အင်း"

ကြီးကြီးထံမှ ရင့်လက်ကို ပြန်ဆွဲယူလိုက်၏။ ဘယ်နှယ် ဓားရှပါတယ်ဆို ဆန္ဒင်းသိပ်မတဲ့။

"ဘာဖြစ်တာလဲ ရင့်"

အသံနှင့်အတူ မယ်မယ် ဝင်လာသည်။ မယ်မယ်နောက် မှာ ဖဲဝင့်ထည်။

"ဟို လက် လက်ကို ဓားရှလို့ပါ မယ်မယ်"

ထိုစကားကြောင့် သူက ရင့်ကို ဖျတ်ခနဲလှမ်းကြည့်၏။ သူ့မျက်လုံးတွေက ရင့်ကို မသနားတဲ့အပြင် အပြစ်တင်နေပုံ။

"အင်း မီးဖိုထဲမဝင်ခဲ့ဖူးတော့ ဒီလောက်ဖြစ်တာ ကံကောင်း၊ နောက်တော့ ကျင့်သားရသွားမှာပါ၊ သား ရင့်ကို ဆေးထည့်ပေးလိုက်"

"ဟုတ်ကဲ့ မယ်မယ်၊ လာ ရင့်"

သူ့နောက်မှ ရင့် လိုက်ခဲ့၏။ အခန်းထဲရောက်တော့ သူက





ရင့်လက်ကို ဆေးထည့်ပေးသည်။

"အဟင့် ဟင့်"

"ဟင် မင်း ဘာကြောင့်ငိုတာလဲ ရင့်"

"အို ဒီလိုအလုပ်မျိုး တစ်ခါမှမလုပ်ဖူးပဲရှင့်၊ ရင့် ဒီလို ဖြစ်တာ ရှင် ဝမ်းသာနေတယ်မဟုတ်လား"

မျက်ရည်များနှင့် ရင့်က သူ့ကို ဂန့်ထောင်လိုက်၏။ သူ မျက်မှောင်တွန့်ကာ

"ကျုပ်က ဘာကြောင့်ဝမ်းသာရမှာလဲ၊ မင်းပဲ ကျုပ်ကို ချစ်တယ်ဆို၊ ဒီလောက်တော့ သည်းခံရမှာပေါ့"

"ဩော်"

ရင့် နှုတ်ခမ်းလေးကိုက်ကာ သူ့ကို နာကျင်စွာ ကြည့် ခဲ့လိုက်၏။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

"ရင့် လိုက်ချင်တယ်"

သူနှင့်အတူ အပြင့်သို့လိုက်ချင်သော ရင့်ကို ကျောခိုင်းထားခဲ့သည်။ သို့တိုင်အောင် ရင့်၏မျက်ဝန်းတွေကို သူဘာကြောင့်မြင်ယောင်နေသနည်း။

ကားမောင်းရင်း ဖဝင့်ထည် သက်ပြင်းချလိုက်သည်။ အမှန်တော့ စရိုက်မတူ အသွင်မတူသော ရင့်ကို သူ ဘာကြောင့်လက်ထပ်ခဲ့မှန်းမသိ။

မှန်တာပြောရလျှင် ရင့်က လူကြီးတွေရှေ့မှာ ဘယ်လောက်ပဲ ဟန်ဆောင်ပါစေ၊ သူ အဖြစ်မှန်ကိုပြောကာ ရှောင်နိုင်၏။

"ယောက်ျားကောင်းတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ"

ထိုစကားလုံးဖြင့် ကိုယ့်ကိုယ်ကို သိက္ခာစောင့်စည်း၍





ရင့်အား လက်ထပ်ခဲ့သည်။

ယခုတော့ ရင့်သည် မယ်မယ်၏စည်းကမ်းများအောက်တွင် ကျရောက်နေပြီ။

သူမဘဝမှာ တစ်ခါမှမလုပ်ဖူးသော အိမ်ရှင်မအလုပ်တွေ လုပ်ရသည်။

'သူ့ကိုချစ်လျှင် ရင့် သည်းခံနိုင်ရမယ်' ဟု တစ်ဖက်သတ် တွေးခဲ့သည်။ ထို့ကြောင့် မယ်မယ်အလိုကျ ရင့်နေစေ၏။

တကယ်တော့ မယ်မယ်ကလည်း ရင့်လို ခေတ်မီ၍ ဘာတစ်ခုမှမလုပ်တတ်ခဲ့သော မိန်းကလေးမျိုးကို သူ့မျက်နှာကြောင့် လက်ခံပေးခဲ့တာဖြစ်သည်။

"မယ်မယ်မှာ သမီးရှိတဲ့အတွက် အသွင်မတူတဲ့ရင့်ကို သားမျက်နှာနဲ့ လက်ခံလိုက်တာပဲ၊ ဒါပေမဲ့ ရင့်ကို မြန်မာမိန်းကလေးတစ်ယောက်ပီသအောင်၊ အိမ်ရှင်မကောင်းတစ်ယောက်ပီသအောင် မယ်မယ် ပြုပြင်ပေးမယ်"

သူနှင့်နှစ်ယောက်တည်းရှိစဉ် ရင့်နှင့်ပတ်သက်၍ မယ်မယ် ထိုသို့ပြောခဲ့သည်။

"ဒါ ကောင်းတဲ့အစီအစဉ်ပါ မယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကို ပြုပြင်ပြောင်းလဲရေးအတွက် သူ ထောက်ခံခဲ့၏။ ဘယ်လိုအကြောင်းနှင့်ပဲ လက်ထပ်ဖြစ်ပါစေ၊ သူကတော့ ယောက်ျားကောင်းပီသစွာ ရင့်ကို တစ်သက်လုံး ပေါင်းသွားမည်သာဖြစ်သည်။

ထို့ကြောင့် ရင့် ပြောင်းလဲဖို့လို၏။ သူသွားခါနီး မျက်ရည်သလိုရှိနေသော ရင့်၏အကြည့်က ရင်ကို ရိုက်ခတ်စေတာအမှန်။

"ဟေး ဖိုးဖဲ

"ဟာ ကိုဦးဆွေ"

တောင်မြို့ရောက်တော့ သူတို့လို ယက္ကန်းစင်များပိုင်ရှင်၊ သစ်စက်ပိုင်ရှင် ကိုဦးဆွေနှင့် လာတွေ့၏။

"ဘယ်လိုလဲ ဖိုးဖဲ၊ ရန်ကုန်က ဇနီးချောပါလာတယ်ဆို"

"အဟွန်း မယ်မယ် ဖုန်းဆက်ပြောတာထင်တယ်"

မယ်မယ်နှင့် ကိုဦးဆွေ၏မိဘများကလည်း ခင်မင်သော မိတ်ဆွေတွေဖြစ်သည်။

"ကိုယ်လည်း မောင်ရင်တို့ရောက်နေတယ်ဆိုလို့ လာမလို့ပဲကွ၊ ဒီရက်ပိုင်း အလုပ်များနေတာနဲ့ပဲ"

"ရပါတယ် ကိုဦးရာ၊ ကျွန်တော်တို့လည်း မပြန်ဖြစ်





သေးပါဘူး"

"အေး အေး ဒါဆို၊ မင်းရဲ့ဇနီးချောကို လာကြည့်ရဦးမှာပေါ့ကွာ"

"လာခဲ့ပါဗျာ"

နှစ်ယောက်သား လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြ၏။

"ဘယ်လိုလဲ မင်းရဲ့မယ်တော်ကြီးကရော သဘောတူရဲ့လား ဖိုးဖဲ"

"ကျွန်တော် လက်ထပ်လာပြီးမှတော့ မယ်မယ်က ဘာမှ မပြောတော့ပါဘူး၊ ရင့်ကို လက်ခံပေးပါတယ်"

"အေးကွာ ဒီလိုကြားရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ သင့်ရော"

မယ်မယ်က ကိုဦးဆွေနှင့် သင့်ကို မှန်းသားပုံပင်။ ကိုဦးဆွေ မေးတော့ သင့်အနားမှာဝဲနေသော ကိုဂကိုတင့်အား ခြင်ယောင်လိုက်သည်။

"ရန်ကုန်မှာကျန်ခဲ့တယ် ကိုဦးဆွေ"

"ဟာ သင့်တစ်ယောက်တည်း စိတ်ချရပါ့မလား ဖိုးဖဲ"

"ခွေးလေးလည်းရှိတာပဲ ကိုဦးဆွေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း အင်း သင့်ကတော့ နေတတ်ထိုင်တတ်ပါ တယ်"

ကိုဦးဆွေ သဘောကတော့ သင့်အပေါ် ဘယ်လိုရှိတယ် မသိပေ။ ကိုဦးဆွေသည်လည်း ချမ်းသာပြည့်စုံသော ယောကျ်ား ပီသသည့် ရုပ်ရည်နှင့်လူတစ်ဦးဖြစ်သည်။ စီးပွားအရှာကောင်း သည်။

"ဟိုမှာ ကုမ္ပဏီကိစ္စရော အဆင်ပြေရဲ့လား ဖိုးဖဲ"

"ပြေပါတယ် ကိုဦး"

"ဟဲ ဟဲ မင်းက အလုပ်လည်းစ မိန်းမလည်း ရ ဖိုးဖဲ"

ကိုဦးဆွေအပြောကြောင့် သူ ပြုံးနေလိုက်၏။

"အင်း မင်းလိုလူက မိန်းမတွေကို လွယ်လွယ် စိတ်ဝင်စားခဲ့တာမဟုတ်ဘူး၊ ကြည့်ရတာ ရန်ကုန်သူလေး အတော်ဆွဲဆောင်အား ကောင်းပုံပဲ ဖိုးဖဲ"

"အဟွန်း ဒီလိုပေါ့ဗျာ"

ရင့်သိက္ခာကျအောင် သူ မပြောတော့ပါ။

"ပြောရင်း မင်းလိုလူကို ဆွဲဆောင်နိုင်တဲ့ ရန်ကုန်သူ





ပါ မြင်ချင်လာပြီကွာ၊ အပြန် လိုက်ခဲ့မှပဲ"

"ကိုဦးဆွေက ကျွန်တော့်ကို အားကျနေတာထင်တယ်"

"ဟဲ ဟဲ ဒါပေါ့ကွာ၊ ကိုယ်လည်း ရန်ကုန်သူ တစ်ယောက် ဆွဲသင့်ရင် ဆွဲရမှာပေါ့ ဖိုးဖဲ"

ကိုဦးဆွေက မိန်းကလေးတွေနှင့် ပတ်သက်လျှင် စွံသူ ဖြစ်၏။

လက်မထပ်ဖြစ်ပေမယ့် ကိုဦးဆွေမှာ ချစ်သူမကျ မိန်းကလေးများ ပေါသည်။

"ကိုဦးဆွေ ရန်ကုန်သူယူရင် မန္တလေးသူတွေက ကိုဦးဆွေကို ရိုက်မှာပေါ့ဗျ"

"ဟား ဟား ရိုက်တော့လည်း ထွက်ပြေးရတာပေါ့ကွာ"

အရယ်မပျက် ကိုဦးဆွေ ပြောသည်။ သည်လိုလူမျိုး။ သူကတော့ သင့်နှင့် သဘောမတူပေ။

တကယ်ပဲ အလုပ်ပြီး၍ သူပြန်တော့ ကိုဦးဆွေ လိုက် လာသည်။ ကားနှစ်စီးက ခြံထဲသို့ ရှေ့ဆင့် နောက်ဆင့် ဝင်လေ ၏။

သူပြန်ရောက်တော့ မယ်မယ်မရှိပေ။ ကားသံကြား၍ ...



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။

"ဟင်"

ရင့် ဆံပင်များက အနက်ရောင်ဖြစ်လျက် အပြာနုရောင် လည်ထောင်ရင်ဖုံးအင်္ကျီ လက်ပြတ်လေးကို အပြာရောင်လုံချည်ဖြင့် တွဲဝတ်ထားကာ ဆံပင်များကို နောက်တွဲပုံစံလေး ထုံးထား၏။

"မယ်မယ်ရော ရင့်"

"အပြင်သွားတယ်"

မနက်ကကိစ္စနှင့် သူ့ကို ရင့် စိတ်ဆိုးနေပုံပင်။ မျက်နှာ တည်တည်နှင့်ဖြေ၏။

ကိုဦးဆွေ အထဲဝင်လာကာ၊

"ဟောဗျာ ဒါလား မင်းဇနီး"

"ဟုတ်တယ် ကိုဦး၊ ရင့် တဲ့"

"ဟာ နာမည်နဲ့လူကတော့ လိုက်တယ်ဟေ့၊ ရန်ကုန်သူ လေးက ခုလိုတော့လည်း တယ်ယဉ် တယ်လှပါလားကွ ဖိုးဇံ"

ရင့်ကို ခြေဆုံးခေါင်းဆုံးကြည့်လျက် ကိုဦးဆွေ ပြော သည်။ ရင့်က မျက်နှာလေး နီသွား၏။

"ရင့် ဒါ ကိုဦးဆွေတဲ့၊ ကိုယ့်မိတ်ဆွေ"





"ရှင် ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ် ကိုဦးဆွေ"

ရင့်က အပြုံးလေးဖြင့် ကိုဦးဆွေအား နှုတ်ဆက်၏။ သူ့ကိုတော့ မျက်နှာထားတည်တည်ဖြင့် ဆက်ဆံသော ရင့်က ကိုဦးဆွေအား လိုက်လိုက်လှဲလှဲပြုံးပြတာကြောင့် ဖဝင့်ထည် အခံရခက် သွားသည်။

"ဟဲ ဟဲ ကျွန်တော်ကလည်း ရင့်လို ရန်ကုန်သူလေးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဖိုးဇံ ဘာကြောင့် ရုတ်တရက် လက်ထပ်ဖြစ်သွားတယ်ဆိုတာ ရင့်ကိုမြင်မှ ကျွန်တော် သဘော ပေါက်တယ်"

ထိုစကားကြောင့် ဖဝင့်ထည်နှင့် ရင့် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်၏။

"ဘာလဲဟင် သူက ကျွန်မအကြောင်းတွေ ပြောထား တာလား ကိုဦးဆွေ"

"ဖိုးဇံလား သူ့ဇနီးချောချောလေးကို ကြည့်မှာစိုးလို့ အိမ်မှာဝှက်ထားတာပဲ၊ ကျွန်တော်က ရန်ကုန်သူတွေ ဘယ်လောက် လှတယ်ဆိုတာ တမင်လိုက်ကြည့်တာဗျို့"

"အို အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ပါစွာ ရယ်မောလိုက်သော ရင့်ကို ဖဝင့်ထည်က မျက်နှာတည်တည်ဖြင့် လှမ်းကြည့်လိုက်လေ၏။

✕ ✕ ✕



"မင်းအကျင့်က ဒီလိုပဲလား ရင့်"

"ဘာပြောတယ် မောင်"

ကိုဦးဆွေ ပြန်သွားတာနှင့် ဖဝင့်ထည်က ရင့်ရှိရာ အခန်းထဲ လိုက်ဝင်ကာ မျက်မှောင်ကြုတ်လျက် ပြောသည်။

ဘာကိုဆိုလိုမှန်း မသိပေမယ့် သူ မျက်မှောင်ကြုတ်ကြုတ်ဖြစ်နေတာကြောင့် တစ်စုံတစ်ရာ မနှစ်သက်ဘူးဟု ရင့် သိလိုက်၏။

"ဘာပြောရမှာလဲကွ၊ ဟင် သူစိမ်းတစ်ယောက်မြင်တာနဲ့ မင်းမျက်နှာ ပြုံးရယ်နေလိုက်ပုံက ဟင်း"

"ဟင် ရှင် ရှင် ...ကိုဆိုလိုတာလဲ ကိုဖဝင့်ထည်"

"အဟွန်း ဒါမျိုးပေါ့ကွ၊ အိပ်ချင်ယောင်ဆောင်တဲ့လူဟာနှိုးရခက်တယ်တဲ့၊ မင်းက ယောက်ျားတစ်ယောက်လုံး ရှေ့မှာထား



www.burmeseclassic.com

www.burmeseclassic.com



မြီး ကိုဦးဆွေကို ရင်းရင်းနှီးနှီး ဆက်ဆံနေတာများ''

သည်တော့မှ သူ ဘာကိုဆိုလိုကြောင်း ရိပ်မိလျက် ရင့်မျက်နှာလေး နီရဲသွားရ၏။

''နေပါဦး၊ အဲဒီလိုပြောရအောင် ကိုဦးဆွေက ရှင့်မိတ်ဆွေ မဟုတ်ဘူးလား ကိုဇဝင့်ထည်''

''မော့ ငါ့မိတ်ဆွေဆိုတိုင်း မင်းက ဒီလောက် ရယ်ရယ် မောမောနဲ့ ဆက်ဆံစရာမလိုဘူး၊ ဒီပုံစံမျိုး မယ်မယ်မြင်လို့ကတော့ ဘယ်လောက်ပြောမလဲ''

ရှုတည်တည်မျက်နှာဖြင့် တစ်ယောက်တည်း ဒေါသ ထွက်နေသော သူ့ကို ပထမဆုံးအကြိမ် ရင့် စိတ်ပျက်သလို ကြည့် ၏။

''ကျွန်မကို ဒီလိုပြောရအောင် ရှင့်ရှေ့မှာ ကျွန်မက ဖောက်ပြန်နေတာမဟုတ်ဘူး ကိုဇဝင့်ထည်၊ ပြီးတော့ ကျွန်မသိက္ခာ ကို မစော်ကားပါနဲ့''

အရင်တုန်းက သူနှင့်လက်မထပ်ခင်မှာ ယောကျ်ား မိတ်ဆွေ အပေါင်းအသင်းထားတာမျိုး ရင့် လုပ်ခဲ့၏။

သို့သော် သူနှင့်လက်ထပ်ပြီးချိန်မှာ ရင့်က ထိုအရာတွေ





ကို အတတ်နိုင်ဆုံး စွန့်လွှတ်ဖို့ စဉ်းစားထား၏။

ကိုဦးဆွေဆိုတာ သူခေါ်လာတဲ့ မိတ်ဆွေမို့ ရင့်က တမင် ခင်မင်စွာ ဆက်ဆံမိတာပါ။

''ငါက မင်းသိက္ခာကို စော်ကားနေတာမဟုတ်ဘူး ရင့်၊ မင်းရဲ့သိက္ခာကို မင်းဘာသာပဲ ထိန်းရမယ်''

''ရှင် စကားပြောတာ လွန်လာပြီနော် ကိုဇဝင့်ထည်၊ ကျွန်မဟာ ခေတ်မီပေမယ့် မိကောင်းဖခင်သားသမီးရှင့်၊ အဟင်း ခုလည်း ရှင့်ကိုလက်ထပ်မိလို့ ကျွန်မအပြစ်နဲ့ကျွန်မ ဘဝမှာ တစ်ခါမှ မလုပ်ဖူးတာတွေ လုပ်နေခဲ့ရတယ်''

သည်နေ့တစ်နေ့လုံး မယ်မယ်နှင့် ကြီးကြီးတို့၏ လက်အောက်မှာ ရင့်က ချက်ပြုတ်ရေးသင်တန်းကို ပင်ပန်းခဲယဉ်း စွာ တက်ခဲ့ရသည်။

''ကျုပ်ကိုချစ်ရင် မင်းသည်းခံနိုင်ရမှာပေါ့''

ဆိုသော သူ၏စကားတစ်ခွန်းနှင့် ထိုပင်ပန်းခဲယဉ်းမှုများ ကို ရင့် လျစ်လျူရှုခဲ့သည်။

ဒါတွေကို သူက မသိဘဲ ရင့်အပေါ် အထင်သေးစွာ ဆက်ဆံရက်လေခြင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အခုတော့ မင်းက နောင်တရနေပြီလား ရင့်"

"ဟုတ်တယ်၊ ရှင့်လို ကြင်နာတတ်တဲ့ အသည်းနှလုံး မရှိတဲ့လူမျိုးကို လက်ထပ်မိတာ ကျွန်မအမှားပဲ ကိုဇဝင့်ထည်"

"ဘာ"

သူ့ကိုလက်ထပ်မိတာ မှားတယ်ဆို၍ ဒေါသထွက်သွား ရ၏။

'မောင့်ကိုချစ်လို့ လက်ထပ်ခဲ့တယ်' ဟုဆိုတုန်းက ယခု ဒေါသတွေ ဘယ်ရောက်နေမှန်းမသိ။

"ကျွန်မ ဒီကပြန်တော့မယ် ကိုဇဝင့်ထည်"

ဇနီးတစ်ယောက်အနေနှင့် မောပန်းပါစေ၊ ခင်ပွန်းလုပ်သူ မှ ဂရုစိုက်ကြင်နာလျှင် ရင့် အမောပြေမှာပါ။

ယခုတော့ ရင့်၏သိက္ခာကိုပင် သူစော်ကားနေပြီ။

"မပြန်ရဘူး"

"ဘာရှင့်"

နှစ်ယောက်သား အကြည့်စူးများနှင့် ဆုံ၏။ ရင့်၏ နဂိုမာနတွေ ပေါ်လာပြီ။

"ဟုတ်တယ်၊ မင်းဟာ ငါ့မိန်းမ၊ ဒီတော့ ငါ ခွင့်မပြု





ဘဲ မပြန်ရဘူး ရင့်"

"ဟင်း ဟင်း ရယ်စရာကောင်းလိုက်တာရှင်၊ ကျွန်မက ရှင့်မိန်းမ ဟုတ်လား ကိုဇဝင့်ထည်၊ ဒီမှာ လက်ထပ်တုန်းကလည်း ကျွန်မသဘောနဲ့ဆိုရင် အခုပြန်တော့လည်း ကျွန်မသဘောပဲ"

ရင့်၏အမူအရာနှင့် စကားတွေက သူ့ဒေါသကို ဆွလိုက် သလိုပါပဲ။ တကယ်တော့ ကိုဦးဆွေနှင့် ပတ်သက်သော ရင့်ကို သူ၏မသိစိတ်က သဝန်တိုနေခြင်းဖြစ်သည်။

"ဪ မင်းက ယောက်ျားလုပ်သူရဲ့စကားကို သွေဖည် တယ်ပေါ့ ဟုတ်လား ရင့်"

"ဒီမှာ ကိုဇဝင့်ထည် ရှင်နဲ့ကျွန်မ လက်ထပ်ခဲ့တယ် ဆိုပေမယ့် ဒီနေ့ထိ ဘာမှမသက်ဆိုင်ဘူးဆိုတာ နှစ်ယောက်လုံး အသိပဲ၊ ဒီတော့ လက်ထပ်တာလည်း ကျွန်မသဘောဆိုရင် ရှင့်ကို ကွာရှင်းဖို့ဆိုရင်လည်း ကျွန်မသဘောပဲ"

အသွင်မတူသူနှစ်ဦး ရေရှည်ဆက်နေပါကလည်း စိတ် ချမ်းသာဖွယ်မရှိဟု ရင့် မြင်လာ၏။

ကွာရှင်းမယ်ဆိုတာကြောင့် ဇဝင့်ထည် မျက်နှာကြီး နီရဲ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ကွာရှင်းမယ် ဟုတ်လား၊ အဟွန်း မင်းသိထားဖို့က ငါဟာ ဂုဏ်သိက္ခာအရ လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကို ဘယ်တော့မှ ကွာရှင်းမပေးဘူးဆိုတာပဲ ရှင့်"

"ဟင်"

အစက ဖဲ၀င့်ထည်ကို လှောင်ပြောင်ခဲ့သော ရှင့်တစ်ယောက် ယခုတော့ အံ့ဩရလေပြီ။ ဖဲ၀င့်ထည်၏ မျက်နှာက အထူးတည်ငြိမ်နေသည်။

ရှင့်က သူ့ကို အံ့ဩသလို စိုက်ကြည့်ပြီးမှ မဲ့ခနဲ ပြုံးလိုက်၏။

"ဆောရီးပဲ ကိုဖဲ၀င့်ထည်၊ ကျွန်မ ဒီနေ့ပဲ ပြန်တော့မယ်"

"သြော် မင်းက မင်းယောကျ်ား ငါတစ်ယောက်လုံး ထားနေတာတောင် မရဘူးပေါ့လေ"

"အဟင်း ကျွန်မနဲ့ ဘာမှမဆိုင်တဲ့ ယောကျ်ားတစ်ယောက်ကို ဘာအတွက် ကျွန်မက ဂရုစိုက်ရမှာလဲ ကိုဖဲ၀င့်ထည်"

ထိုစကားကြောင့် ဖဲ၀င့်ထည် မျက်လုံးများ စူးခနဲ





တောက်သွား၏။ သည်နောက် ခပ်မဲ့မဲ့ပြုံးကာ

"အဟွန်း မင်း ဒီစကားပြောတာ နှစ်ကြိမ်မကတော့ဘူး ရှင့်"

"အေး ဒီတော့ မင်းနဲ့ငါ သက်ဆိုင်ကြောင်း ပြရသေးတာပေါ့ကွာ"

"ဟင် ရှင်"

ဖဲ၀င့်ထည်က ပြောရင်း ရှေ့တစ်လှမ်းချင်း တိုးလာတာကြောင့် ရှင့် မျက်လုံးပြူးသွားရ၏။

"ရှင် ရှင်"

"အေး ဒီနေ့ကစပြီး ငါက မင်းရဲ့ယောကျ်ားပဲ ရှင့်"

"အို"

ပြောရင်း သူက ရှင့်ကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်ကာ နှစ်ယောက်သား အရှိန်လွန်၍ အိပ်ရာပေါ် ကျသွားလေ၏။

ထိုနောက်မှာတော့ ယောကျ်ားတစ်ယောက်၏ မာနကို စော်ကားသော ရှင့်အား ခပ်ကြမ်းကြမ်း ပညာပေးမိလေသည်။

ရှင့်တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာရောက်လျက် လှုပ



www.burmeseclassic.com

www.burmeseclassic.com



နည့က်သော ရင့်မျက်နှာအနှံ့ နမ်းရှိုက်မိရာမှ ယောက်ျားနှင့်မိန်း
ထိတွေ့မိလေတော့ ဖဲဝင့်ထည်စိတ်တို့ လွတ်ထွက်ကာ ဆွဲဆော
မှုများနောက် ကောက်ကောက်ပါအောင် လိုက်မိလေပြီ။

"အို ဟင့်အင်း"

ဖဲဝင့်ထည် ရင်ခွင်ထဲမှ ရင့်မှာ ခပ်ကြမ်းကြမ်းအ
များကြောင့် မွန်းကြပ်သွားသယောင် ရုန်းလိုက်ပေမယ့်လည်း သူ
သန်မာခိုင်မြဲသော လက်တို့မှ မလွတ်နိုင်လေပြီ။

နောက်ဆုံးတော့ အားနွဲ့သော မိန်းမသားတစ်ယော
အနေဖြင့် သူ့ရင်ခွင်မှာ ကျဆုံးရလေ၏။

"အဟင့် ဟင့် ဟင့်"

အချစ်၏ဆွဲခေါ်ရာနောက် မည်မျှနစ်မျောသွားတယ်မ
ရုတ်တရက် ရင့်၏ ငိုသံပေါ်လာမှ ဖဲဝင့်ထည် သတိဝင်လာသည်
မျက်ရည်လေးများနှင့် ရင့် မျက်နှာကိုမြင်တော့ သူ စိတ်မကော
ဖြစ်သွားလျက်

"ဆောရီး"

ထိုတစ်ခွန်းသာ ပြောနိုင်ပြီး ရင့်နားက ထွက်ခဲ့တော့
အိပ်ရာထက်မှာ ရင့်သည် သူ၏နောက်ကျောပြင်ကိုကြည့်





တ်ခမ်းလေး ဖိကိုက်ကာ ကျန်ရစ်ခဲ့သည်။

အချစ်ဆိုတာ မပါဘဲ ရှင် ကျွန်မကို အနိုင်ယူသွားတာ
ား။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

“သင့်”

“အို ဒေါက်တာ”

ဒေါ်စန်း ဈေးသွားနေခိုက် ကိုကိုတင့် ရောက်ရှိလာတော့ တစ်ယောက်တည်းရှိနေသော သင့် မျက်လုံးပြူးသွား၏။

“ခုထိ ကိုယ့်ကို ဒေါက်တာလို့ခေါ်တုန်းပါလား သင့် ရယ်”

“အို ကျွန်မက”

ပြန်စဉ်းစားကြည့်တော့ ကိုကိုတင့်နှင့် သင့်မှာ ဘာလိုလို သူက သင့်ခေါင်းပေါ်မှ စံပယ်ပန်းများကိုကြည့်ပြီး

“ဒီပန်းလေးတွေ အတိုင်းပဲ သင့်က သိပ်ဖြူစင်လှ တယ်”

သူပြောတော့ သင့်က ယောင်ယမ်း၍ ခေါင်းပေါ်မှ ပန်





များကို လက်ဖြင့် ဖွဖွတို့ထိကြည့်၏။

သည်ပန်းတွေကို မနက်က သူပေးတာလေ။

“ပန်းလေးတွေက မွှေးမှာပေါ့နော် သင့်”

“အို ဟင့်အင်း မသိဘူး”

ကိုကိုတင့်က သင့်နှင့်မျက်နှာချင်းဆိုင် ရပ်လာရင်း မေး၏။ သင့်မျက်နှာလေး အလိုလိုနီကာ ခေါင်းခါယမ်းတော့ ကိုကိုတင့် ပြုံးသည်။

“ကိုယ် မွှေးကြည့်မယ်”

“အို”

လျင်မြန်လွန်းသော ကိုကိုတင့်ကပြောရင်း သင့်ကိုယ် လေးကို ဆတ်ခနဲဖက်၍ နုညက်သောပါးပြင်နှစ်ဖက်အား လျှပ် တစ်ပြက် နမ်းရှိုက်လိုက်၏။

သနပ်ခါးရနံ့လေးတွေ သင်းနေတာပါပဲလား အချစ်ရယ်။

“ဒီ ဒီလိုမလုပ်ပါနဲ့ ဒေါက်တာ”

“ခေါ်ပြန်ပြီလား ဒေါက်တာ၊ ကဲ ဒီပါးစပ်လေး”

နောက်တစ်ကြိမ် မခေါ်ရဲအောင် သင့်၏နှုတ်ခမ်းအိအိ လေးကို ခပ်ကြမ်းကြမ်းလေး အပြစ်ပေးသူက ကိုကိုတင့်။



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းယောကျ်ားများနှင့် ပတ်သက်၍ ကိုကိုတင့်သည် သင့်အတွက် ပထမဆုံး ပတ်သက်မိသူ။ ထို့ကြောင့် ကိုကိုတင့်၏ ရင်ခွင်ထက်မှာ သင့်မျက်နှာလေး နီမြန်းနေသည်။

"ချစ်တယ် သင့်ရယ်၊ သိပ်ချစ်တာပဲ"

လှိုက်လှဲသောအနမ်းများဖြင့် ကိုကိုတင့်က သင့်အား မလွှတ်တမ်းဖက်ရင်း ညည်းဆိုတော့

"လွှတ် လွှတ်ပါ ဒေါက်တာ"

"ဟော့ ခေါ်ပြန်ပြီကွာ"

"အို ဟင့်အင်းနော်"

သင့်က ကြောက်လန့်ဟန်လေးဖြင့် သူ့မျက်နှာကို ဖယ်တွန်းတော့ ကြိတ်ပြုံးမိ၏။

"ဒါဆို မောင်လို့ခေါ်"

"အို ဟင့်အင်း"

ခက်ပါသည်။ လူပျိုနှင့် အပျို ချစ်ကြိုက်တာလည်း သင့်က ရှက်၏။

"အေး မခေါ်ရင် သင့်ကို ဒီအတိုင်း ဖက်ထားမယ်ဗျာ"

ထိုစကားကြောင့် သင့်မျက်လုံး ဝိုင်းသွားလျက်





"အို ဒွေးလေး ဈေးကပြန်လာတော့မှာ"

"ဒါဆို မောင်လို့ခေါ်ပေါ့"

"ဟင့်အင်း 'ကို' လို့ပဲ ခေါ်မယ်"

"ဗျာ ကိုတဲ့၊ ဟုတ်လား သင့်"

အပြုံးတွေ လှိုက်လှဲစွာဖြင့် ကိုကိုတင့်မေးလာတော့ သင့်မျက်နှာလေး နီရဲကာ မျက်စောင်းထိုး၏။

"သွား သူသိပ်လည်တာပဲနော်"

"အဟား ချစ်တာကိုး သင့်ရဲ့"

"ကဲ လွှတ်တော့လေ"

"ဒါဆို ကို လို့ခေါ်ဦး"

ချစ်သူက တောင်းဆိုလာပြန်တော့လည်း သင့်မှာ မနေသာပြီ။ ရှက်ပြုံးလေးဖြင့်

"ကဲ ကို ကို"

"အဟား နားထဲကို ချိုစိမ့်သွားတာပါလားဗျာ"

"သိပ်ချစ်တာပဲ သင့်ရယ်"

"အို ကို"

အချစ်ရှိန်တက်စွာဖြင့် ကိုကိုတင့်မှာ သင့်ကိုယ်လေးအား



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်နိုင်ဘဲ မျက်နှာလေးကို အကြိမ်ကြိမ် ထပ်နမ်းမိပြန်၏။

ထိုအချိန်

"ဟောတော် ဒါက"

"ဟင် ဒွေးလေး"

"အို"

ဈေးမှပြန်လာသော ဒေါ်စန်းက သူတို့ကို ပက်ပင်းတွေ့သွား၏။ သင့်မျက်နှာလေး နီရဲလျက် ကိုကိုတင့် ရင်ခွင်မှ ထွက်လိုက်၏။

ကိုကိုတင့်ကတော့ ဣန္ဒြေရအောင် ကြိုးစားပြီး

"နားနဲ့မနာ ဖဝါးနဲ့နာပါ ဒွေးလေး၊ ကျွန်တော်နဲ့ သင့်တို့ ချစ်နေမိပါပြီ"

"ဘုရားရေ မင်းနဲ့ သင့်တို့ ဟုတ်လား၊ အမယ်လေး သူ သူပြောတာ တကယ်ပဲလား သင့်"

ဒေါ်စန်းက မယုံနိုင်သလို အံ့သြစွာမေးတော့ သင့်မှာ ခေါင်းလေး အသာညိတ်မိသည်။

"ဟုတ် ဟုတ်ပါတယ် ဒွေးလေး၊ သင့် သင့်ကို ခွင့်လွှတ်ပါ"





ကိုကိုတင့်အပေါ် ချစ်မိပြီမို့ အရှက်ကိုဘေးဖယ်လျက် သင့် ဝန်ခံလိုက်တော့

"ဘုရား ဘုရား ဒါ ဘယ်လိုတွေဖြစ်ကုန်တာလဲ သင့်ရယ်၊ မမကြီးသာ သိရင် ဒီကိစ္စ ဘယ်လိုနည်းနဲ့မှ သဘောတူမှာမဟုတ်ဘူး"

လူကြီးဖြစ်သော ဒေါ်စန်းကတော့ ကိုကိုတင့်ကို မိသားစု၏ ဘိုဆန်မှုကို အစကတည်းက မနှစ်သက်ပါ။

သည့်ကြားထဲမှ ဖဝင့်ထည်က ရင့်နှင့် လက်ထပ်ရလိုက်တာမို့ ပို၍ခံပြင်းမိ၏။

"ငါ့တူလေးကတော့ ရင့်လို ဆိုရှယ်ကျတဲ့ မိန်းကလေးမျိုး စဉ်းစားမှာမဟုတ်ဘူး၊ ရင့်ကသာ ငါ့တူကြီးကို အပိုင်ဖမ်းတာပဲဖြစ်မယ်"

ဖဝင့်ထည်နှင့် ရင့်တို့ ရုတ်တရက် လက်ထပ်ခြင်းအပေါ် ဒေါ်စန်းက သွေးရိုးသားရိုးဟု မထင်ခဲ့ပေ။

"သြော် ဒွေးလေးရယ် တကယ်တော့ မိန်းမတစ်ယောက်အနေနဲ့ ယောကျ်ားတစ်ယောက်ကို တကယ်မချစ်ဘဲ လက်ထပ်ဖို့ ကြိုးစားမှာမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သင့်ကတော့ ငယ်ရွယ်သော မိန်းမသားချင်း စာနာကာ ရင့်ဘက်မှ လိုက်ပြောပေးခဲ့သည်။

"ဘာပဲဖြစ်ဖြစ် ငါတူကြီးက ရိုးရိုးသားသားနဲ့ ရင့်လို မိန်းကလေးမျိုးနဲ့ ဘဝထူထောင်မှာ စိတ်မောစရာပဲ"

ထိုသို့ သတိပေးခဲ့သော ဒေါ်စန်းမှာ ယခုလို ကိုကိုတင့် နှင့် ရင့် ချစ်နေကြပြီဆိုတော့ လုံးဝသဘောမတူနိုင်ပေ။

"မဖြစ်ဘူး မဖြစ်ဘူး၊ ဒီကိစ္စကို ဒီမှာတင်ပဲ ရပ်ကြပါ၊ ကဲ မင်းလည်းပြန်ပါတော့ ဒေါက်တာ"

"ဗျာ ကျွန်တော်"

ကိုကိုတင့်မှာ မျက်နှာပျက်လျက် ဒေါ်စန်းအား ကြည့်သည်။

"ဒီမှာကွယ် မင်းတို့နဲ့ တို့ဆိုတာ ဘယ်လိုမှ အသွင် စရိုက်မတူကြပါဘူး၊ ခုတောင် မောင်ဖဲတို့ ပြန်မလာသေးပုံထောက် ရင် မမကြီး သဘောထား တင်းကျပ်နေလို့ဖြစ်မယ်၊ တစ်ပူပေါ် နှစ်ပူဆင့်အောင် မလုပ်ကြပါနဲ့၊ ကဲ ကဲ သင့်လည်း အိမ်ထဲဝင် တော့"

ဒွေးလေးစကားကြောင့် သင့်က ကိုကိုတင့်အား လှမ်း





ကြည့်သည်။

"နေပါဦး သင့်ရယ်၊ ဒီမှာ ဒေါ်ဒေါ် ကျွန်တော်နဲ့ သင့် တို့မှာ လွယ်လွယ်ချစ်ခဲ့ကြတာ မဟုတ်ပါဘူး၊ သင့်စိတ်ကြိုက် ဖြစ်အောင် ကျွန်တော် နေမှာပါ"

"ဟုတ်ပါတယ် ဒွေးလေးရယ်၊ ကိုဟာ သင့် စိတ်ကြိုက် နေမယ့်သူပါရှင်"

ချစ်သူနှစ်ယောက်က ညီညွတ်စွာတောင်းပန်တော့ ဒွေးလေး သက်ပြင်းချလျက် ခေါင်းခါယမ်း၏။

"မဖြစ်ဘူး၊ လုံးဝမဖြစ်ဘူး သင့်၊ ဒီကိစ္စ မမကြီးသာ သိရင် ဒွေးလေးပဲ အပြစ်ပြောခံရမယ်"

လောလောဆယ်တော့ ဒွေးလေးကို မည်သို့မျှ ပြော၍ မလွယ်ကြောင်း သင့် သိလိုက်၏။ တကယ်တမ်းမှာ မယ်မယ် သိရင်လည်း ဒီလိုကိစ္စ ခွင့်လွှတ်မှာမဟုတ်။

ကိုကြီးနှင့် ရင့်ပဲ့ ပြန်မလာနိုင်ခြင်းအားဖြင့် မယ်မယ်၏ စိတ်ကို ခန့်မှန်းလို့ရသည်။

ထို့ကြောင့် ချစ်သူကိုသာ နှစ်သိမ့်လိုက်၏။

"လောလောဆယ်တော့ ပြန်လိုက်ပါ ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ကောင်းပြီလေ၊ ဒါပေမဲ့ လူကြီးတွေကို နားလည်ပေးဖို့ ကိုယ်ကြိုးစားမှာပါ သင့်၊ ကဲ ဒွေးလေး ခွင့်ပြုပါဦး"

ကျောခိုင်းထွက်ခွာသွားသော ချစ်သူကိုကြည့်လျက် သင့်သက်ပြင်းလေး ကြိတ်ချမိရ၏။

* * *



သည်ရက်ပိုင်း သင့်တစ်ယောက် အကျယ်ချုပ်ချခံရသလိုဖြစ်နေ၏။ အိမ်မှာနေရင်း ဒွေးလေး၏မျက်လုံးတွေက စောင့်ကြည့်နေသလို အပြင်ထွက်တော့လည်း ဒွေးလေးက ဘေးမှာ။

ကိုကိုတင့်နှင့် သင့်တို့မှာ ခြံချင်းကပ်လျက်မှ ဝေးနေကြသည့်အဖြစ်။

လမ်းမှာ ကိုကိုတင့်နှင့် မျက်နှာချင်းဆိုင်မိလျှင်တောင် သူ့စိမ်းတွေပမာ။

"သင့်"

"ကို"

ထိုအခါမျိုးတွင် ဒွေးလေးက မျက်နှာထားတင်းတင်းဖြင့်

"သင့် သွားကြမယ်"

ဟုဆို၍ သင့်ကို ဆွဲခေါ်သွားတတ်၏။ သည်အချိန်မျိုး



www.burmeseclassic.com

www.burmeseclassic.com



တွင် ချစ်သူနှစ်ဦးမှာ လည်ပြန်ကြည့်လျက် ခွေးမြည့်သောမျက်ဝန်းများနှင့်လေ။

"လွမ်းတယ်"

'အချစ်' ဟူသည် ပူလောင်တတ်ပါလားဆိုတာ ကိုကိုတင့်နှင့် ချစ်မိကာမှ သင့် ပိုသိရ၏။ နီးလျက်နှင့်ဝေးနေသော ကိုကိုတင့်နှင့် သင့် ဘဝ။

တိတ်ဆိတ်သောညများမှာ လေသာဆောင်ကထွက်၍ တစ်ဖက်ခြံသို့ သင့် ငေးမောကြည့်မိသလို ကိုကိုတင့်ကလည်း လှမ်းမျှော်ကြည့်နေကြောင်း မီးရောင်ဖျော့ဖျော့အောက်မှာ မြင်နိုင်၏။

သည်တော့မှ 'လွမ်းတယ်' ဆိုသောစကား သင့် ရင်ထဲ ပေါ်ပေါက်လာရ၏။ တစ်ယောက်နှင့်တစ်ယောက် တွေ့ချင် မြင်ချင် စိတ်က ပိုပြင်းထန်လာရသည်။

"သင့် ညဥ့်နက်ပြီ၊ အိပ်ရာဝင်တော့လေ"

"ရှင် ဟုတ်ကဲ့ ဒွေးလေး"

သက်ပြင်းလေးတစ်ချက်ချ၍ သင့် အိပ်ရာဝင်ခဲ့သည်။ သို့သော် သင့်မျက်လုံးတွေ ငေးကြောင်ကာ အိပ်မပျော်။





"ကို ကိုရယ်၊ သင့်တို့ တကယ်ဝေးရပြီထင်တယ်"

လွမ်းမျက်ရည်လေးများ ဝဲလာလျက် သင့်ရင်ထဲ တိုးတိုးလေး ညည်းမိစဉ်

"သင့်"

"ဟင် ကို"

အိပ်ခန်းတွင်းသို့ဝင်လာသော ကို့ကြောင့် သင့် အံ့ဩသွားရ၏။

"သင့် သင့်ရယ် လွမ်းလိုက်တာ"

"ကို ကိုရယ်"

ချစ်သူနှစ်ဦးမှာ အလွမ်းစိတ်များ ပေါက်ကွဲလျက် နှစ်ဦးသား တစ်ယောက်ရင်ခွင်တစ်ယောက် တိုးဝင်၍ တင်းကျပ်စွာ ဖက်မိရင်း အပြန်အလှန် နမ်းရှိုက်မိလေသည်။

"သင့် အချစ်"

"ကို"

ယခုမှ ချစ်သူနှစ်ဦးမှာ တစ်ဦးမျက်နှာကို တစ်ဦး ငေးမွှေးဆွတ်စွာ ကြည့်မိ၏။

သင့်သည် တစ်စုံတစ်ရာကို သတိရသွားလျက်



www.burmeseclassic.com

www.burmeseclassic.com



"ကို ကို ဒီကို ဘယ်လိုဝင်လာတာလဲဟင်"

"ဟိုကလေ"

"ဟင် အို"

လေသာဆောင်နားကပ်လျက် သစ်ပင်မြင့်ဆီ ကိုကိုတင့် လက်ညှိုးထိုးပြသည်။

"ခြံထဲကိုရော"

လေသံတိုးတိုးလေးနှင့် သင့် မေးသည်။ ကိုကိုတင့် ပြုံးကာ

"မလွှယ်ပေါက်က လာတာဗျ"

"ဟင် မလွှယ်ပေါက်ရှိတယ် ဟုတ်လား"

သင့် အံ့ဩသလိုမေးတော့ ကိုကိုတင့် ခေါင်းညိတ်၏။

"ရှိတာပေါ့ သင့်၊ ကိုယ်က ဒီခြံတွေမှာ ငယ်ငယ်ကတည်းက ကြီးလာတဲ့ကောင်ပဲ၊ သင့်က ရောက်သေးတာမကြာလို့ မသိတာပါ"

"သြော်"

သည်တော့မှ သင့် သက်ပြင်းလေးချနိုင်၏။

"သင့်"





"ရှင်"

"ကိုကို မလွမ်းဘူးလားဟင်"

"အို လွမ်းတာပေါ့"

အရိုးခံမလေး သင့်က မဆိုင်းမတွလေး ဝန်ခံတော့ ကိုကိုတင့် နှစ်ခြိုက်စွာ ပြုံးလျက်

"ကိုလည်း သင့်ကို သိပ်လွမ်းတာပဲဗျာ"

"အို"

ကိုကိုတင့်က ဘယ်လောက်လွမ်းကြောင်း သင့်ကို သက်တွေ့သက်သေပြလေပြီ။ သင့် အသက်ရှူလေးများ မွန်းကြပ်သွားလျက်

"ကို"

"ဗျာ"

"ညဥ့်နက်ပြီ၊ ပြန်တော့နော်"

သင့်က အနမ်းဖြင့်နှုတ်ဆက်ပြီး ချစ်သူကို နှစ်သိမ့်သည်။ ကိုကိုတင့်က ခေါင်းခါယမ်း၏။

"ဒီလောက် ခက်ခက်ခဲခဲလာရတဲ့ ကိုကို နှင်ရက်သလား သင် သင့်"



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ဖျော့ဖျော့အောက်တွင် ကိုကိုတင့်၏ မျက်လုံးများ သင့်ထံမှ တစ်စုံတစ်ရာကို တောင်းဆိုနေသလိုလို။

နဂိုက နူးညံ့တတ်သော အသည်းနှလုံးပိုင်ရှင်မလေး သင့်မှာ ရီဝေစိုစွတ်သော ချစ်သူမျက်လုံးများကိုမြင်တော့ အသည်း မမာနိုင်တော့ပြီ။

"ခွေးလေး သိသွားရင်"

"ခွေးလေးက အောက်ထပ်မှာ အိပ်တာမဟုတ်လား သင့်ရယ်"

ကြည့်စမ်း၊ ကိုက သင့်တို့အိမ်အကြောင်း သိနေပါလား ကွယ်။

"သင့်ရယ် ကို့ကို မသနားဘူးလားဟင်၊ မချစ်ဘူးလား ကွယ်"

"ဘယ်လိုမေးလိုက်တာလဲ ကိုရယ်"

"ဒါဆိုရင်"

ကို့မျက်ဝန်းတွေကို သင့် မလွန်ဆန်နိုင်စွာဖြင့် ခေါင်းလေး ညိတ်လိုက်မိတော့၏။

ကိုကိုတင့်မျက်နှာ ပြုံးသွားလျက် ညအိပ်မီးကို ဖျတ်ခနဲ





ပိတ်လိုက်လေတော့၏။

တိုင်ကပ်နာရီမှ လေးနာရီထိုးစဉ် နှစ်ခြိုက်စွာအိပ်ပျော်နေသော သင့်မျက်လုံးတို့ ဖွင့်လာရ၏။

"အို"

သင့်တစ်ကိုယ်လုံး နွေးထွေးသော ရင်ခွင်ကျယ်ကြီးထဲမှာ။ သင့်ခါးပေါ်မှ ကို့လက်များကို အသာဖယ်ချလိုက်သည်။

"ကို ကို"

"ဟင် သင့်"

သင့်က ညင်သာစွာ နှိုးတော့ ကိုကိုတင့် နိုးလာ၏။

"ထတော့ ကိုရယ်"

"ဟာကွာ သင့်ကလည်း အစောကြီးရှိသေးတယ်"

ပြောရင်း ကိုကိုတင့်က သင့်ကိုယ်လေးကို ပြန်ဖက်၏။ သင့် ရှောင်လိုက်ကာ

"ခဏနေ ခွေးလေး အပေါ်ထပ်တက်လာတော့မယ်"

"ဟင်"

ယခုမှ ကိုကိုတင့်က သင့်အိမ်သို့ သူရောက်နေပါလားဟု သတိရလျက် အိပ်ရာက ဝုန်းခနဲ ထလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတော့ သင့်ကို တစ်ခါတည်း ခေါ်သွားချင်တာပဲ ကွယ်"

"သင့်လည်း လိုက်ချင်တာပါပဲ ကို"

တကယ်တမ်းမှာ ချစ်သူနှစ်ဦးက မခွဲရက်နိုင်သလိုလို၊ ကိုကိုတင့်က သင့်ကိုယ်လေးကို တအားဆွဲဖက်ကာ မျက်နှာလေးအား တရှိုက်မက်မက်နမ်း၏။

"ဒီနေ့ကို ကိုယ် ဘယ်တော့မှ မေ့မှာမဟုတ်ဘူး သင့်ရယ်"

"သင့်လည်း အတူတူပါပဲ ကို"

နောက်ဆုံးအနမ်းဖြင့် နှုတ်ဆက်ပြီး ကိုကိုတင့် ထွက်သွားလေ၏။

မကြာပါ။

"သင့်ရေ အိပ်ရာက နိုးပြီလား"

"ရှင် ဟုတ်ကဲ့ ဒွေးလေး"

သင့်က ရေချိုးခန်းအမြန်ဝင်၍ ကိုယ်လက်သန့်စင်လိုက်၏။ ထို့နောက် အဝတ်အစားလဲကာ ထွက်ခဲ့သည်။

"ညက အိပ်မက်မက်တယ်၊ မောင်ဇံ ပြန်လာတယ်တဲ့ သင့်"





"ရှင် ဟုတ်ကဲ့"

အပြစ်လုပ်ထားသော သင့်က ဒွေးလေးမျက်နှာကို ရဲရဲမကြည့်ဝံ့သလိုပါပဲ။

"သင့် ဘာဖြစ်နေတာလဲ၊ ညက အိပ်မပျော်ဘူးလား ကွယ်"

"ရှင်"

"မြော် သင့်မျက်နှာကြည့်ရတာ အိပ်ရေးမဝလို့ မလန်းသလိုဖြစ်နေတယ်"

ဒွေးလေးများ ရိပ်မိသွားပြီလားဟု သင့် လန့်သွားရ၏။ သို့သော် အလိုက်သင့်ပင်

"ဟို ညက နည်းနည်းအိပ်ရေးပျက်လို့ပါ ဒွေးလေး"

"အေးလေ တောင်တွေးမြောက်တွေး မလုပ်ပါနဲ့၊ မဖြစ်နိုင်တာကို တမ်းတရင် ကိုယ်ပဲ စိတ်ပင်ပန်းတယ် သင့်"

"ရှင် ဟုတ်ကဲ့"

ဒွေးလေး မရိပ်မိသေးပါလားဟု သင့် သက်ပြင်းချလိုက်၏။ မိုးလင်းတာနှင့် ဒွေးလေးက ဆွဲခြင်းယူ၍ ဈေးထွက်သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"သား ရင့်တစ်ယောက် မမြင်ပါလား"

"ဗျာ"

အပြင်မှ ပြန်ရောက်လာသော ဖဝင့်ထည်မှာ မယ်မယ်၏စကားကြောင့် နားမလည်သလို ဖြစ်သွားသည်။

"ရင့်က မယ်မယ်တို့နဲ့ အိမ်မှာကျန်ခဲ့တာမဟုတ်လား"

"အေးလေ၊ ဒါပေမဲ့ ချက်ပြုတ်ပြီးတော့ အပြင်ခဏသွားဦးမယ်ဆိုပြီး ထွက်သွားတာပဲ သား၊ မယ်မယ်တို့က ဒီအချိန်ထိ ပြန်မလာတော့ မင်းနောက်လိုက်သွားတယ် ထင်နေတာ"

"ဟာ ကျွန်တော့်နောက် ရင့် မလိုက်ပါဘူး မယ်မယ်"

သူပြောရင်း ရင့်အတွက် စိတ်ပူလာ၏။ ရင့်က ဒီမှာ သူမှလွဲ၍ သိတဲ့အသိုင်းအဝိုင်းမရှိပေ။

"ဒါဆို ရင့်က ဒီအချိန်ထိ ဘာကြောင့် ပြန်မလာတာ





လဲ သား"

"ခဏ မယ်မယ်"

သူသည် ခ[illegible]သွက်သွက်လေး အခန်းထဲဝင်ခဲ့၏။ ရင့် အဝတ်အစားများ တွေ့ရတော့ သက်ပြင်းချမိသည်။

သို့သော်

"ဟင်"

မှန်တင်ခုံပေါ်တွင် ရှိနေသော စာရွက်ဖြူဖြူလေးကြောင့် မျက်မှန်တွန့်သွားလျက် ယူကြည့်လိုက်တော့

*ကိုဖဝင့်ထည်*

*နှုတ်မဆက်ဘဲ ရန်ကုန်ကို ရင့်ပြန်သွားပါပြီ၊ ရှင့်ဘဝထဲ မှားပြီးဝင်လာတဲ့ ကျွန်မကို ခွင့်လွှတ်ပါ။*

*ရင့်*

"ဟာ"

စာဖတ်ပြီးချိန်မှာ သူ့မျက်လုံးတွေ ပြာခနဲဖြစ်သွား၏။ ရင့် တကယ်ပဲ သူ့ကို ထားသွားခဲ့ပြီ။

"ရင့်"

သူ အခန်းထဲမှာ အရူးတစ်ယောက်လို အော်ခေါ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရင့်က ပြန်မထူးလေပါ။

"သား"

"မယ်မယ်"

မျက်နှာပျက်နေသော သူ့ကို မယ်မယ် ကြည့်သည်။

"ဘာဖြစ်တာလဲ သား"

"ရင့် ရင့် ရန်ကုန်ပြန်သွားပြီ မယ်မယ်"

"ဟင်"

သည်တော့မှ မယ်မယ်ကိုယ်တိုင်လည်း အံ့သြသွားဟန်ဖြင့် ရင့် ရေးခဲ့သောစာရွက်ကို ဖတ်ကြည့်၏။

ထို့နောက် မယ်မယ် သက်ပြင်းချသည်။

"လူကြီးတစ်ယောက်လုံး ရှိလျက်နဲ့ မပြောမဆို ထွက်သွားတာပဲ"

"ကျွန်တော်အပြစ်ပါ မယ်မယ်"

သူပြောရင်း ခေါင်းငုံ့ချလိုက်၏။ ကိုဦးဆွေကိစ္စနှင့် စကားများပြီးနောက်ပိုင်း ရင့်က ပြောင်းလဲသွား၏။

သည်ရက်ပိုင်းတွေမှာ သူ့ကို တမင်ရှောင်နေသလိုပါပဲ။ အစကတည်းက မယ်မယ်ခိုင်းသော အလုပ်များကြောင့် သူကလည်း





ရင့်အပေါ် ဂရုမစိုက်နိုင်ခဲ့။

"ရင့်တောင် ထမင်းဟင်းတွေ တဖြည်းဖြည်း ချက်တတ်လာပြီ သားရေ"

ထမင်းစားပွဲမှာ ရင့်က အသံမထွက်ပေမယ့် မယ်မယ်ကတော့ ကျေနပ်စွာချီးကျူးလေ၏။ သည်တော့မှ သူ ဖျတ်ခနဲ ရင့်မျက်နှာကို ကြည့်မိ၏။

ရင့်က သူ့ကိုမကြည့်။ ဒါကိုပဲ သူ အခံရခက်သလိုလို။

"ရင့် ဒီလိုကြိုးစားပြီး သင်ယူတာ သူ့ကိုချစ်လို့"

ဟု ခံယူလျက် စိတ်ထဲက အလိုလို လှုပ်ရှားမိရသည်။ ယခုနေခါမျိုး ရင့်သာ ဒီစကားမျိုးထပ်ပြောလျှင် ဘယ်လောက်ကောင်းမလဲ။

ညအိပ်ရာဝင်ချိန်မှာ ရင့်က သူ့ကို တစ်ဖက်ကျောခိုင်းနေတတ်၏။ ဒါပေမဲ့ ရင့်နှင့်ရင်းနှီးပြီးသော သူက ယောကျ်ားတစ်ယောက်၏ အခွင့်အရေးဖြင့် ရင့်ကိုယ်လေးကို သူ့ဘက်ဆွဲလှည့်၏။

သည်တော့လည်း ရင့်က သူ၏ဇနီးအဖြစ် ငြင်းဆန်ရုန်းကန်ခြင်းမရှိပြန်။ သို့သော် ရင့်ထံက နွေးထွေးသော တုံ့ပြန်မှုကို



www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်၏။

"ရင့်ကို မောင်ချစ်တယ်"

သူ့ရင်ထဲမှာ ထိုစကား အကြိမ်ကြိမ် ရွတ်ဆိုနေပေမယ့် အပြင်မှာ နှုတ်က ထွက်မလာ။ တကယ်တမ်း ဒီလိုပြောရမည်ကို သူ ရှက်နေ၏။

သို့သော် အပြင်ကပြန်လာလျှင်တော့ ရင့်အတွက်

"ဒါ မင်းဖို့ဝယ်လာတာ ရင့်"

"ကျေးဇူးပဲ"

မျက်စိထဲ လှတယ်ထင်သော အဆင်ဆန်းလေးများအား ဝယ်လာခဲ့တတ်၏။ ဒါပေမဲ့ သူပေးပုံက နွေးထွေးမှုမရှိသလို ယူသူ့ဘက်မှလည်း အေးစက်စက်ပင်။

သူ့စိတ်ထဲ အရင်က သွက်လက်ခေတ်မီသော 'ရင့်'၏ ဘဝကို ပြန်လိုချင်လာမိသည်။

"ဟင်းတွေကောင်းရဲ့လား မောင်၊ မောင့်အကြိုက် ရင့် ကြိုးစားချက်ထားတာ၊ အဲဒါ မောင့်ကိုချစ်လို့ သိလား"

တီတာသောစကားများနှင့် အပြင်ကပြန်လာသော သူ့ကို ရင့်က ပြုံးရွှင်စွာ ဆီးကြိုစေချင်၏။

"ရင့်ချက်တဲ့ဟင်းတွေ ကောင်းရဲ့လား သား"





"ဟုတ်ကဲ့ မယ်မယ်"

အမှန်တော့ သူကလည်း လိုအပ်ခဲ့၏။

"ရင့်က သိပ်တော်တာပဲ၊ ဒီလောက်အချိန်တိုတိုအတွင်း ရင့် ထမင်းဟင်းတွေချက်တတ်သွားတာ အဲဒါ မောင့်ကိုချစ်လို့ ဟုတ်လားဟင်"

နှစ်ယောက်တည်းအချိန် ရင့်ကိုယ်လေးကို ရင်ခွင်ထဲမှာ အားလျက် ပြုံးရွှင်စွာ သူ ချီးမွမ်းသင့်၏။

ယခုတော့ သူ့အပြစ်ဒဏ် သူခံရလေပြီ။ ရင့်သည် သူ့ကို အားခဲ့ကာ ထွက်ခွာသွားပြီ။

"အင်းလေ မယ်မယ်ကလည်း သူ့ကို စည်းကမ်းနဲ့ ချုပ်ချုပ်မိတာကိုး၊ တကယ်တော့ အဲဒါဟာလည်း မယ်မယ့် ဆေတနာပါ၊ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ အိမ်ရှင်မကောင်း ဖြစ်စေချင်လို့လေ"

"ကျွန်တော် နားလည်ပါတယ် မယ်မယ်"

မယ်မယ်က ရင့်အပေါ် တမင်နှိပ်စက်လိုစိတ်ဖြင့် မလုပ် ခဲ့တာ သူ သိနေ၏။

"ဘာပဲဖြစ်ဖြစ် မယ်မယ်ကတော့ ယောက်ျားလေးရှင် ဘက်က ဝတ္တရားအတိုင်း ရန်ကုန်လိုက်ပြီး ရင့်မိဘများဆီ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ပြောရမှာပဲ သား''

''ဗျာ မယ်မယ်၊ တကယ် တကယ်ပြောတာလားဟင်''

ရင့်နှင့်ပတ်သက်ပြီး မယ်မယ် ဒီလောက်လုပ်ပေးဖို့အထိ သူ မျှော်လင့်မထားပါ။ ရင့်ကို မယ်မယ် လက်ခံလျှင်တော်ပြီ။

''တကယ်ပေါ့ သား၊ ကဲ ကဲ လေယာဉ်လက်မှတ် စီစဉ်ပေတော့''

''ဗျာ ဟုတ်ကဲ့''

ထိုအချိန်

''မမကြီး မမကြီး ရန်ကုန်က ရင့်မိဘများ လာပါတယ်''

''ဟင် ဟုတ်လား''

ကြီးကြီး၏ သတင်းပေးမှုကြောင့် မယ်မယ်နှင့်သူ အပြင် ထွက်ကြည့်လိုက်တော့

''ဟာ ဦးနဲ့ဒေါ်ဒေါ်''

''အလို အနီပါလား''

''ဟာ မမခင်''

မမျှော်လင့်ဘဲ ဦးကျော်နီ ငယ်စဉ်က စွဲလမ်းခဲ့ဖူးသော ဒေါ်မြလေးခင်ကို ယခုတော့ ဇံဝင့်ထည်၏ မိခင်အဖြစ် ပြန်တွေ့ ရလေပြီ။





''မမခင် နေကောင်းတယ်နော်''

''သြော် မူယာက ရင့်မိခင် ဖြစ်နေတာပါလားကွယ်''

''ဟုတ် ဟုတ်ပါတယ် မမခင်''

ငယ်စဉ်က မိတ်ဆွေများ ပြန်ဆုံသလို ခံစားကြရသည်။ ဦးကျော်နီနှင့် ဒေါ်မူယာတို့က ယခုတိုင် ကျက်သရေရှိ လှပနေသော ဒေါ်မြလေးခင်ကို လေးစားစွာကြည့်ကြ၏။

ဒေါ်မြလေးခင်ကလည်း ယောက်ျားလေးရှင်ဖြစ်တဲ့ ကိုယ့်ဘက်က ဝတ္တရားပျက်ကွက်၍ အားနာနေသည်။

''မောင်ဇံဝင့်ထည်ဟာ မမခင်ရဲ့သားမှန်း မသိခဲ့ဘူး''

''အေးကွယ် ရင့်ကိုလည်း မင်းတို့ရဲ့သမီးလေးမှန်း မမခင် မထင်မိဘူး၊ ကဲ ကဲ ရောက်လာမှတော့ အေးအေးဆေးဆေး ပေါ့ ကွယ်''

''ဟုတ်ကဲ့ မမခင်''

ဇံဝင့်ထည်ကတော့ ရင်းနှီးစွာပြောဆိုနေကြသော လူကြီး တွေ၏ ပတ်သက်မှုကို အံ့ဩမဆုံးဖြစ်နေလေ၏။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

"ရှင့် ရှင့်တစ်ယောက်ကို မမြင်ပါလား"

ဦးကျော်နီနှင့် ဒေါ်မူယာသာ ရောက်လာပြီး ရှင့်ကိုတောင် အရိပ်အယောင်လေးမှ မမြင်ရတာကြောင့် ဖဲဝင့်ထည် ကြိတ်၍ စိတ်မောနေသည်။

ကြည့်ရတာ ရှင့်တစ်ယောက် သူ့ကိုစိတ်ဆိုး၍ လိုက်မလာတာပဲဖြစ်မည်။

"အနီနဲ့မူယာတို့ကို မမခင်က တောင်းပန်ရမယ်"

"ရှင် ဘာကြောင့်များလဲ မမခင်"

"မမခင်က ကျွန်တော်တို့ကို တောင်းပန်စရာမရှိဘူး ထင်ပါတယ်ဗျာ"

ညှော့ခန်းမှာထိုင်မိကြစဉ် ဒေါ်မြလေးခင်က ယဉ်ကျေးစွာ တောင်းပန်စကားဆိုလာ၏။ ဦးကျော်နီနှင့် ဒေါ်မူယာတို့မှာလည်း





ဒေါ်မြလေးခင်လို ဣန္ဒြေကြီးမား ယဉ်ကျေးသိမ်မွေ့သော အမျိုးသမီးကြီးက တောင်းပန်မည်ဆိုတာကြောင့် အားနာသွား၏။

"တောင်းပန်ရမှာပေါ့ကွယ်၊ မမခင်ဘက်က သားရှင်တစ်ယောက်ရဲ့ဝတ္တရား ပျက်ကွက်ခဲ့တယ်လေ၊ အမှန်တော့ ရှင့်ကို မြန်မာအိမ်ထောင်ရှင်မတစ်ယောက်အဖြစ် အံဝင်ရအောင် မမခင်က စည်းစနစ်နဲ့ လုပ်နေလို့ ပြန်အပ်ဖို့ကြာသွားတာပါ အနီနဲ့ မူယာ"

သားရှင်တစ်ယောက်အနေဖြင့် ပျက်ကွက်မှုမျိုး ဖြစ်ရတာကြောင့် ဒေါ်မြလေးခင်က ဦးကျော်နီနှင့် ဒေါ်မူယာတို့ကို အမှန်တကယ်နှာပူနေသည်။

ဦးကျော်နီနှင့် ဒေါ်မူယာတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ

"မဟုတ်တာ မမခင်ရယ်၊ ကျွန်တော်တို့ကသာ မမခင်ကို အမှန်တကယ် တောင်းပန်ရမှာပါ"

"ဟုတ်ပါတယ် မမခင်ရယ်၊ ရှင့်ကို မမခင် လက်ခံပေးခဲ့လို့ပဲ မူယာတို့က ကျေးဇူးတင်လှပါပြီ"

"ဒြော်ကွယ် သားကြိုက်လို့ လက်ထပ်လာတဲ့ ချွေးမလေးကို မမခင်အနေနဲ့ လက်ခံပေးမှာပါပဲ၊ တစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လေ၊ မမခင်က စေတနာနဲ့ပြုပြင်ပေးတာမှာ ရင့် အထ... လွဲသွားပုံပဲ အနီနဲ့မှုယာ၊ ဒါကြောင့်သာ မမခင်ကိုတောင် မပြော... ပြန်သွားတာ''

''ကျွန်တော့်ရဲ့အပြစ်လည်း ပါပါတယ် ဦးဦးနဲ့ဒေါ်ဒေါ်... အခု ရင့်မလိုက်လာတာ ကျွန်တော့်ကို စိတ်ဆိုးနေလို့မဟုတ်... ခင်ဗျာ''

ရင့်နှင့်ပတ်သက်ပြီး ဖဝင့်ထည်က ဝင်ပြောသည်။

''နေကြပါဦး မမခင်နဲ့ မောင်ဖံ၊ တကယ်တော့ ဦး... ဒီရောက်လာတာ သားရှင်တစ်ယောက်အနေနဲ့ မမခင်... လာတောင်းပန်တာပါခင်ဗျာ''

''ဘယ်လို အနီ၊ အနီတို့က သားရှင်အနေနဲ့ ဟုတ်လား''

ဒေါ်မြလေးခင်က နားမလည်သလိုမေးတော့ ဦးကျော်... ဒေါ်မှုယာမှာ မျက်နှာငယ်လေးဖြင့် ခေါင်းညိတ်၏။

ဖဝင့်ထည် စိတ်ထဲမှာတော့ သင့်ကို ဖျတ်ခနဲသ... လိုက်ရင်း ကိုကိုတင့်၏ သတင်းအား နားစွင့်မိသည်။

''ဒီ ဒီလိုပါ မမခင်၊ မှုယာမှာ ကိုကိုတင့်ဆိုတဲ့ သား... တစ်ယောက်ရှိပါတယ်၊ ရင့်ရဲ့အစ်ကိုပါ၊ အလုပ်အကိုင်ကော...





ဆရာဝန်တစ်ယောက်ပေမယ့် လူငယ်ဆိုတော့''

''ဘာ ဘာဖြစ်လဲ မှုယာ''

ဒေါ်မြလေးခင်က ဒေါ်မှုယာကို နားမလည်သလိုကြည့်ပြီး မေး၏။ ဖဝင့်ထည်နှင့်ပတ်သက်၍ ရင့်၏အစ်ကို ဒေါက်တာကိုကိုတင့်သည် မကျေနပ်၍ တရားစွဲပြီလား။

သည်လိုဆိုရင်ဖြင့် ဒေါ်မြလေးနှင့် ဖဝင့်ထည်တို့၏ ...ဏ်သိက္ခာ ကျရပေမည်။

''မှုယာလည်း အတန်တန် ဆုံးမတဲ့ကြားက သား သား ...ကိုကိုတင့်လေ မမခင်ရဲ့သမီး သင့်ကို ခိုးပြေးသွားပါတယ်ရှင်''

''ဟင်''

ဒေါ်မှုယာစကားကြောင့် ဒေါ်မြလေးခင်မှ မျက်လုံးပြူး...သွား၏။ ရင့်ကိုစွသာ အာရုံရောက်နေသော ဒေါ်မြလေးခင်က ...ခုမှ သမီးဖြစ်သူ သင့်ကို သတိရလျက် ရင်ဘတ်ဖိသည်။

''သင့် သင့်ကို မှုယာရဲ့သားက ခိုးပြေးသွားတယ် ...ဟုတ်လား''

''ဟုတ်ပါတယ် မမခင်၊ ဒါကြောင့် ကျွန်တော်နဲ့ မှုယာ ... သားရှင်တို့ရဲ့ ဝတ္တရားအတိုင်း မမခင်ကို ရှိသေလေးစားစွာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လာတောင်းရမ်းတာပါခင်ဗျာ"

ဦးကျော်နီမှာလည်း သားဖြစ်သူ ကိုကိုတင့်၏ လုပ်ရ

အတွက် ဒေါ်မြလေးခင်အား မျက်နှာပူပူနှင့် ဆိုလိုက်၏။

ဖိဝင့်ထည်မှာ သက်ပြင်း ဟင်းခနဲချကာ

"ဒီလိုဖြစ်မယ်ဆိုတာ အစကတည်းက ထင်သား

ကိုကိုတင့်ဆိုတဲ့လူက တဇွတ်ထိုးသမားပဲ"

ဟု ဘာသာကြိတ်တွေးသည်။

"နေ နေပါဦး အနီ၊ မင်းတို့က လာတောင်းရမ်းတ

ဆိုတာထက် မမခင်ရဲ့သမီးလေး သင့်ဟာ မင်းတို့သား ဒေါက်တ

ကိုကိုတင့်ကို သဘောမကျဘဲ ဖြစ်သွားတာလားဟင်"

ပထမဆုံး သမီးဖြစ်သူ စိတ်ဆင်းရဲလေမလား

ဒေါ်မြလေးခင်မှ တွေးတောစိုးရိမ်မိလေ၏။

ထိုအမေးကြောင့် ဒေါ်မှုယာက ခေါင်းသွက်သွက်ခါယ

ကာ

"အဲဒီလိုမဟုတ်ရပါဘူး မမခင်၊ သားနဲ့ သင့်က တ

ကိုတစ်ဦး မေတ္တာမျှနေကြတာပါ"

"ဟင် ဒါဆို ဘာကြောင့် ခုလိုခိုးပြေးရတာလဲ မှ





သည်စဉ်မှာပဲ ဧည့်ခန်းထဲသို့ မျက်နှာမကောင်းစွာဖြင့်

ဒေါ်စန်း ဝင်လာ၏။

"ကျွန်မအပြစ်ပါပဲ မမကြီးရယ်"

"ဟင် အစန်း"

"ဟုတ် ဟုတ်ပါတယ် မမကြီး၊ ကိုကိုတင့်နဲ့ သင့်တို့

မေတ္တာမျှနေကြတာသိလို့ ကျွန်မက မဖြစ်နိုင်ကြောင်းပြောပြီး

ထားခဲ့ပါတယ်၊ ဒါပေမဲ့ လူငယ်တွေဟာ အချစ်တစ်ခုပဲ ကြည့်ကြ

သတော့ ကျွန်မ တားနေတဲ့ကြားက ခုလိုဖြစ်သွားကြတာပါ

မကြီး"

အပြစ်ရှိသူတစ်ယောက်လို ဒေါ်စန်းက ဝန်ခံနေ၏။

ဒေါ်မြလေးခင် သက်ပြင်းချလိုက်သည်။

"တော်သေးတာပေါ့လေ၊ သင့်က ကိုကိုတင့်ကို မေတ္တာ

နေတယ်ဆိုတော့"

"ရှင် ဒါ ဒါဆို မမခင်သဘောက"

"သား သားနဲ့ မမခင်သမီး သင့်ကို သဘောတူတာ

လားဗျာ"

ဦးကျော်နီနှင့် ဒေါ်မှုယာတို့က ဒေါ်မြလေးခင်ကို အားတက်



www.burmeseclassic.com

www.burmeseclassic.com



စွာ မေးကြသည်။

"ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ အနီနဲ့မူယာ၊ ဒီအချိန် ကလေးတွေကို ခွဲလည်း သူတို့ စိတ်ဆင်းရဲကြရုံပဲလေ"

"ဟာ ဟုတ်တာပေါ့ မမခင်၊ ဒါ ဒါကြောင့် မမခင်ရဲ့ သားနဲ့ သမီးနဲ့ သဘောတူပေးဖို့ အနူးညွတ်တောင်းပန်ပါတယ်ဗျာ"

ဦးကျော်နီမှာ ငယ်စဉ်က တစ်ဖက်သတ်ကြိတ်ချစ်ခဲ့ရသော ဒေါ်မြလေးခင်နှင့် ဒီဘဝ ရေစက်မပါပေမယ့် ကိုယ့်သားသမီးများကိုတော့ ဒေါ်မြလေးခင်၏ သားသမီးများနှင့် ဖူးစာဆုံစေချင်ပါသည်။

"ဟုတ်ပါတယ် မမခင်၊ မူယာ သားသမီးတွေဟာ မမခင် စိတ်တိုင်းကျဖြစ်မှာမဟုတ်ပေမယ့် ဒီနေ့ကစပြီး သူတို့ ပြောင်းလဲဖို့ မူယာ ကြိုးစားမှာပါရှင်"

ဒေါ်မူယာကလည်း သားနှင့်သမီးအတွက် ဝင်ရောက်တောင်းပန်၏။ ဒေါ်မြလေးခင်က ဦးကျော်နီနှင့် ဒေါ်မူယာတို့ကို လေးနက်စွာကြည့်သည်။

"မိဘဆိုတာ သားသမီးတွေရဲ့ လက်ဦးဆရာပဲ၊ ဒီတော့





ကိုတင့်နဲ့ ရင့်တို့ ခေတ်မီဆိုရှယ်ကျတာဟာ အနီနဲ့မူယာတို့ ရှေ့ကပြလို့လေ၊ မမခင်အနေနဲ့ မြန်မာလူမျိုးတွေဟာ ကြီးငယ်မရွေး ခြာဆန်ဆန် နေထိုင်ကြတာ အကောင်းဆုံးမို့ လူကြီးတွေကစ ပြင်ပါလို့ တောင်းပန်ချင်တယ်ကွယ်"

ဒေါ်မြလေးခင်၏ စကားအဆုံး ဦးကျော်နီနှင့် ဒေါ်မူယာ တို့ သွက်လက်စွာ ခေါင်းညိတ်၍

"ကျွန်တော်တို့ နားလည်ပါပြီ မမခင်" ဟု ပြောလိုက်လေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဇဝင့်ထည်နှင့် ရင့်၊ ကိုကိုတင့်နှင့် သင့် တို့၏ နှစ်မင်္ဂလာ

ကို ရင်းနှီးသောမိတ်ဆွေအပေါင်းအသင်းများ ဖိတ်ကြား၍

ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကပ်လှူကြသည်။

သုံးမင်္ဂလာဖြစ်ရန်အတွက် ဦးကျော်နီက ရဟန်းခံတာ

ကြောင့် ဒေါ်မူယာက ရဟန်းဒါယကမဘွဲ့ကို ကျေနပ်စွာခံယူ၏

"မမခင်"

"ပြောလေ မူယာ"

ယခုတော့ ဒေါ်မူယာသည်လည်း ဒေါ်မြလေးခင် သူ

သင်မှုအောက်မှာ ရင်ဖုံးအင်္ကျီ ကြိုးကြီးချိတ်ဝတ်လျက် နောက်

ဆံထုံးဖြင့် မြန်မာဆန်ဆန် ကျက်သရေရှိ တင့်တယ်နေပြီ။

"မူယာလေ မမခင်ကို သိပ်ကျေးဇူးတင်တာပဲ၊ မခ

ရဲ့ ကျေးဇူးကြောင့် မမခင်ရဲ့သားသမီးတွေနဲ့ဆိုတဲ့ မူယာသားသ





တွေ မြန်မာဆန်ဆန်နဲ့ ပြောင်းလဲသွားလိုက်ကြတာ ဟိုမှာကြည့်ပါ

ဦး၊ ခုမှ ဖနီးမောင်နံ့တွေ ရှေ့သွားနောက်လိုက် ညီတော့တယ်"

ဒေါ်မြလေးခင်နှင့် ဒေါ်မူယာက ဧည့်ပရိသတ်များကို

ပြုံးရွှင်စွာ ဧည့်ခံနေသော ရွှေဝါရောင်ကြိုးကြီးချိတ်၊ ရွှေဝါရောင်

ရင်ဖုံးအင်္ကျီနှင့် ရင့်လက်ကို ကိုင်ထားသော ဇဝင့်ထည်ကလည်း

ကြွေရောင်တောက်နေသော အဖြူရောင် လည်ကတုံးရှပ်အင်္ကျီ

လက်ရှည်ပေါ်မှ အဖြူရောင်သက္ကလပ်ပါး တိုက်ပုံအင်္ကျီထပ်ဝတ်

လျက် ရွှေဝါရောင်ပုဆိုးဖြင့် တင့်တယ်လိုက်ဖက်နေကြသလို။

ကိုကိုတင့်နှင့် သင့်တို့ကလည်း ပန်းနုရောင် မြန်မာဝတ်စုံ

များဖြင့် ကျက်သရေရှိနေလေ၏။

ရဟန်းအသွင်ဖြင့် ဦးကျော်နီကလည်း အဝါရောင်သင်္ကန်း

ဖြင့် ကြည်ညိုစရာ။

"အင်း မမခင် ဆိုဆုံးမတာကို နာယူလွယ်တဲ့ အနီနဲ့

မူယာတို့ကိုပဲ ကျေးဇူးတင်သလို ကိုကိုတင့်နဲ့ ရင့်တို့ကိုလည်း

မမခင်က ကျေးဇူးတင်နေတာပါကွယ်"

မင်္ဂလာဧည့်ခံပွဲကြီးချိန်မှာ မင်္ဂလာစုံတွဲနှစ်တွဲက မိဘတွေ

ကို ကန်တော့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်နိုကတော့ ရဟန်းအဖြစ် ကျောင်းမှာပဲကျန်ခဲ့သည်။

ထို့ကြောင့် ဒေါ်မြလေးခင်နှင့် ဒေါ်မူယာတို့ နှစ်ဦးသာ။

"သာဓု သာဓု သာဓု ဒီလင် ဒီမယားတွေ တစ်သက်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပျော်ရွှင်စွာ အိုအောင် မင်းအောင် ပေါင်းကြရပါစေကွယ်"

ရင်မှလာသော ကြည်နူးမှုများဖြင့် လှိုက်လှဲစွာ ဆုပေးလိုက်၏။ ဖဝင့်ထည်နှင့် ရင့်၊ ကိုကိုတင့်နှင့် သင့်တို့က တစ်ယောက်မျက်နှာတစ်ယောက် ပြုံးကြည့်ကြသည်။

ယခုတော့ ဖဝင့်ထည်က ရင့်တို့အိမ်ဘက်သို့ လိုက်နေသည်။ ကိုကိုတင့်ကလည်း သင့်တို့အိမ်ဘက် လိုက်နေ၏။ နှစ်ဖက်မိဘများကလည်း လူရွေးစရာမဟုတ်၍ ကျေနပ်ကြ၏။

မင်္ဂလာပွဲပြီး၍ ကိုယ်နေသောအိမ်များမှာ အနားယူမိကြစဉ်

"ရင့်"

"မောင်"

ဖဝင့်ထည်က ယခုမှ စိတ်ကောက်ထွက်ပြေးသွားသော ချစ်ဇနီးကိုယ်လေးကို ပိုင်ပိုင်ထွေးဖက်ကာ အပြုံးဖြင့် ခေါ်လိုက်





ခြင်း။

"ဘာလို့ မောင့်ကိုမပြောဘဲ ရင့် မန္တလေးကား ထွက်ပြေးသွားတာလဲဟင်"

သည်တော့ ရင့် မျက်စောင်းထိုး၏။ ဖြူနုသော လက်ချောင်းလေးများဖြင့် ဖဝင့်ထည် ရင်ဘတ်ကိုထောက်ကာ

"ယောဒီလူကို မုန်းလို့ပေါ့"

"ဗျာ"

"ဟုတ်တယ်လေ၊ ရှင်က မုန်းစရာကောင်းအောင် လုပ်ခဲ့ဘာကိုး"

"မဟုတ်တာဗျာ၊ မောင်က ရင့်မုန်းအောင် ဘာတွေလုပ်မိလို့လဲဟင်"

ကိုယ့်အပြစ်ကိုယ် မသိသော ဖဝင့်ထည်အား ရင့် ခပ်စူးစူးလေး ကြည့်ပစ်သည်။

"ရှင်က ရင့်နဲ့လက်ထပ်ခဲ့ရတာ မကျေနပ်ဘူးမဟုတ်လား"

"ဘယ်သူပြောလဲ၊ မကျေနပ်ဘူးလို့"

ပြုံးစေ့စေ့ဖြင့် ဖဝင့်ထည် မေး၏။



www.burmeseclassic.com

www.burmeseclassic.com



“အို မကျေနပ်လို့သာ ရင့်ကို မန္တလေးခေါ်ပြီး မျက်နှာထားတင်းတင်းကြီးနဲ့ နေတာ”

“အဟွန်း အဲဒါ မောင့်ရင်ထဲက ရင့်အပေါ်ချစ်နေတာတွေ ပေါ်မှာစိုးလို့ မနည်းဟန်လုပ်နေတာဗျ”

“ဘာ မောင်က ရင့်ကိုချစ်တယ် ဟုတ်လား”

မယုံသလို မေးလာတော့ ရင့်အား သူ နမ်းရှိုက်ပစ်လိုက်၏။

“ဒီလောက်တောင် မသိဘူးလားဟင်၊ မောင်လိုလူက မိန်းမတစ်ယောက်ကို မချစ်ဘဲနဲ့ ဘာအကြောင်းနဲ့မှ လက်မထပ်ဘူးဗျ”

“အို”

မောင်က ရင့်ကိုချစ်တယ်ဆိုလာ၍ အမြဲတမ်း ကြိတ်တမ်းတခဲ့သော အရာတစ်ခု ကြည်နူးစွာ ပြည့်သွားသလိုပါပဲ။

“ဒါနဲ့တောင် မောင်က ရင့်ကို”

“ဘာဖြစ်လဲ ဆက်ပြောလေ”

ရင့် ဘာပြောချင်တယ်ဆိုတာ ဖဝင့်ထည် သိပါ၏။ ကိုဦးဆွေနှင့်ပတ်သက်ပြီး သဝန်တိုစိတ် ပေါက်ကွဲခဲ့တဲ့နေ့ကို





ရင့်ကျေနပ်ပုံမရ။

“မပြောပါဘူး”

မျက်နှာနီနီလေးဖြင့် ရင့်က ငြင်းသည်။ သူရယ်လိုက်၏။

“အဟွန်း ရင့်ရယ် အဲဒါလည်း ရင့် သိသင့်တယ်၊ ကိုဦးဆွေနဲ့ပတ်သက်ပြီး ရင့်ကိုချစ်လို့ မောင် သဝန်တိုတယ်ဆိုတာ”

“ဟင် မောင် သဝန်တိုပုံက ကြောက်စရာပါလား”

ပခုံးလေးတွန့်ကာ ရင့် ပြောသည်။ ဖဝင့်ထည်က ရင့်ပခုံးလေးကိုဆွဲလှည့်၍ မျက်နှာချင်းဆိုင်၏။

“အေးဗျာ ခုကတည်းက သတိပေးထားရမယ်၊ နောက်ကို မောင်ကလွဲပြီး ဘယ်ယောကျ်ားနဲ့မှ ရင့် မခေါ်ရဘူး၊ အရောမဝင်ရဘူး”

“အို ရင့်မိတ်ဆွေတွေက တစ်မျိုးထင်မှာပေါ့ မောင်”

“မောင်က အရေးကြီးလား၊ သူတို့က အရေးကြီးလား”

မျက်နှာတည်တည်ဖြင့် ဖဝင့်ထည်မေးတော့ ရင့် ပြုံးမိ၏။

ကြည့်စမ်း ဒီလိုဆိုတော့ မောင်ဟာ ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို့။

"ရင့်အတွက်တော့ မောင်က အရေးကြီးဆုံးပါ ရှင်ရယ်"

"ဗျာ တကယ်"

အပြုံးလေးဖြင့် ရင်ခွင်ထဲခိုဝင်လာသော ရင့်အား မလွှတ်တမ်းဖက်ရင်း သူ မေး၏။

"တကယ်ပေါ့ မောင်၊ မောင့်ကို ရင့် ဘယ်လောက်ချစ်တယ်ဆိုတာ ခုထက်ထိ မသိသေးဘူးလား"

"ဟင့်အင်း သိပ်မသိသလိုပဲဗျ"

"မောင်နော်"

သည်တော့ သူက ပါးတစ်ချက် ထိုးပေး၏။

"သိစေချင်ရင်"

"အို"

"တကယ်ချစ်တဲ့လူဆိုရင် သက်သေပြနိုင်ရမှာပေါ့ဗျာ"

ဇဝင့်ထည် အကြွပ်ကိုင်လိုက်၏။ ရင့်မှာ ဒီလို သက်သေမပြနိုင်လျှင် သူ အထင်လွဲမည်မို့။

"ဟင်း သိပ်လည်တာပဲ၊ ကဲ မျက်စိမှိတ်ထား"

ရင်ခုန်စွာဖြင့် ဇဝင့်ထည် မျက်လုံးအစုံမှိတ်လိုက်၏။





မကြာခင် သူ၏ပါးပြင်ပေါ်သို့ နွေးထွေးညှိသက်သော အနမ်းတစ်ခု ကျရောက်လာခိုက်

"ရင့်ရယ်"

"အိုကွယ်"

လှပသော အချစ်ကမ္ဘာမှာ အနမ်းပန်းတို့ဖြင့် ဝေဆာသွားရလေတော့၏။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် တစ်ဖက်ခြံထဲရှိ အဝါနုရောင်တိုက်ကြီး၏ ပန်းနုရောင် မင်္ဂလာခန်းထဲတွင်ဖြစ်သည်။

"ဟောဒီ သတို့သမီးဝတ်စုံလေးနဲ့ သင့်က သိပ်လှတာပဲဗျာ"

ပန်းနုရောင် သတို့သမီးဝတ်စုံလေးဖြင့် သင့်က ယမင်းရုပ်လေးလို လှနေသည်။

ကိုကိုတင့်က သင့်၏အလှကို ခြေဆုံး ခေါင်းဆုံး ကြည့်၍ သေးကျဉ်းသောခါးလေးအားဖက်ရင်း ဆို၏။

"ကိုလည်း ဒီဝတ်စုံနဲ့ ခန့်ညားတာပါပဲနော်"

"အဟား တကယ်လားဗျာ၊ ကို့မှာ ဒီဝတ်စုံနဲ့လိုက်ပါ့မလားလို့ သင့်ရဲ့"

"ဟင်း ဘာကြောင့်မလိုက်ရမှာလဲ ကို၊ သင့်အတွက်





ကိုဟာ ဒီဝတ်စုံနဲ့ အလိုက်ဆုံးပဲရှင့်"

မျက်စောင်းလေးထိုးကာ သင့်ပြောတော့ ကိုကိုတင့် ကြည်နူးစွာရယ်၏။

"အဟား ဟား သင့်မျက်စိထဲလိုက်ဖို့ အရေးကြီးဆုံးပါဗျာ၊ ကိုကတော့ သင့်နဲ့ ခုလို လက်ထပ်လိုက်ရတာကိုပဲ ကမ္ဘာပေါ်မှာ အပျော်ဆုံးဗျ"

"ဟင် တကယ်လား ကို"

"ဟောဗျာ တကယ်ပေါ့၊ ဘာလဲ ကို့ကို ခုထိမယုံသေးဘူးလားဟင် သင့်"

လှပသော သင့်မျက်နှာလေးကို အသည်းယားစွာ စိုက်ကြည့်လျက် ကိုကိုတင့် မေး၏။

"ယုံချင်ပါတယ် ကို၊ နောက်တော့မှသာ သင့်ကို တစ်ယောက်တည်း ထားမသွားနဲ့နော်"

"ကြည့်စမ်း စကားတတ်တဲ့ ကောင်မလေး"

"အို"

ကိုကိုတင့်က ချစ်အသည်းယားစွာဖြင့် သင့်မျက်နှာလေးအား တစ်ရှိုက်မက်မက် ဆွဲမော့ယူကာ နမ်းရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို"

"ဗျာ"

"အဝတ်တွေလဲဦးမယ်ကွယ်"

"အင်း ကိုကူပြီးလဲပေးမယ်လေ"

"အို ဟင့်အင်း၊ ကို အပြင်ထွက်နေ"

"ဟောဗျာ"

လက်ထပ်ပြီးသည့် ဖနီးမောင်နှံဖြစ်ပေမယ့် သင့်က ယခု ထက်ထိ အရှက်အကြောက်ကြီးဆဲပါ။

ရိုးသားလွန်းသော ချစ်ဇနီးလေးအား ကိုကိုတင့် ပို၍မြတ်နိုး ရပါ၏။

ထို့ကြောင့် ခေါင်းညိတ်ကာ…

"ကဲ အမြန်ဆုံးနော်"

"အင်းပါ"

သင့်က ကိုကိုတင့်အား အခန်းထဲမှ တွန်းထုတ်လိုက်၏။

တကယ်တော့ ကိုကိုတင့်အပေါ်မှာ သင့်က ခင်ပွန်းအဖြ ပို၍ချစ်မြတ်နိုးမိပါ၏။

သို့သော်





သင့်က အဝတ်အစားလဲပြီး ရေချိုးခန်းထဲ ဝင်လိုက်သည်။

အေးမြသော ရေနှင့်တွေ့မှ သင့်တစ်ကိုယ်လုံး လန်းဆန်းသွားရသည်။

အင်း…

ကိုနဲ့ ငါ့အဖြစ်က အိပ်မက်လိုပဲ ဝေးတော့မယ်ထင်ပြီးမှ ...ကြရတာ။

ရေချိုးရင်းမှ သင့် ကြည်နူးစွာ တွေးလိုက်၏။

ခေါ်စန်းက သဘောမတူ၍ သင့်တို့ကို အမျိုးမျိုးတားသည့် ...ကြားမှ

"ခက်ခဲတဲ့အချစ်ဟာ ပိုတန်ဖိုးရှိတယ်"

ကိုကိုတင့်နှင့် ညစဉ် ချိန်းတွေ့ဖြစ်၏။ နှစ်ယောက်သား ...ထဲမှာ စိုးတထိတ်ထိတ်နှင့် ပျော်စရာ၊ ရင်ခုန်စရာ။

"သင့်"

"ကို"

"ဒီလိုကြာကြာနေရင် ကိုနဲ့သင့်ကို လူကြီးတွေမိမှာပဲ"

"ဒီတော့ ကိုက"

ကိုကိုတင့်က သင့်မျက်နှာလေးအား ချစ်မြတ်နိုးစွာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



"ကို့ကို သင့်ယုံတယ်မဟုတ်လားဟင်"

"မေးနေစရာလိုသေးလား ကိုရယ်၊ ဒီအခြေအနေထိ ရောက်ပြီးမှ"

ကို့ရင်ခွင်ထဲမှာ သင့်မျက်နှာလေးပျက်ကာ ဆိုသည်။ ကိုကိုတင့်က သင့်ကျောပြင်လေးအား ပွတ်သပ်ကာ

"ဒါဆို သင့် ကိုနဲ့အပြီးလိုက်ခဲ့ပေတော့"

"ဟင်"

"ဟုတ်တယ် သင့်၊ တကယ်လို့ သင့်မယ်မယ်က ကိုနဲ့ သင့်ကို သဘောမတူဘူးဆိုရင် တစ်သက်လုံး ဝေးကြရမယ်"

"အို"

ယခုချိန်မှာတော့ ကိုနဲ့ဝေးဖို့ဆိုတာ သင့်အတွက် အကြောက်ဆုံးအရာပါ။

သင့်ကို မိုက်မဲတယ်ပဲ ဆိုစေဦးတော့ အချစ်ကြောင့် စွန့်ခဲ့ပြီ။

ဒါကတော့ ကိုကိုတင့်ခေါ်ရာသို့ သင့် ရဲရဲစွာလိုက်ခဲ့ခြင်း

"ကိုခေါ်လို့သာ သင့် လိုက်ခဲ့ရတယ်၊ သင့် ကြောက်တယ်"





"ကိုတစ်ယောက်လုံးရှိပါတယ် သင့်ရယ်၊ လူကြီးတွေ သဘောတူရင် ကိုတို့ပြန်မှာပါ"

ပဲခူးကခြံထဲမှာ ကိုနဲ့ သင့် သွားနေကြ၏။ ထိုရက်တွေမှာ ကိုက သင့်အပေါ် အထူးဂရုစိုက်ကြင်နာသည်။

ငါးရက်မြောက်သောနေ့မှာ ကိုနှင့်သင့်ကို လူကြီးတွေ သာခေါ်ခြင်းပါ။

"ဟင် မယ်မယ်"

ရုတ်တရက် မယ်မယ်ကို တွေ့လိုက်ရတော့ သင့် လန့်သွား၏။

မယ်မယ်က သင့်ကို အေးမြစွာပြုံးပြကာ

"မကြောက်ပါနဲ့ သမီးရယ်၊ မယ်မယ်လာတာ သမီးတို့ကို ခွဲဖို့မဟုတ်ပါဘူး"

"ဟုတ်ပါတယ် သင့်၊ မယ်မယ်က သင့်နဲ့ကိုကိုတင့်တို့ကို သဘောတူပါတယ်"

"အို"

လူကြီးတွေနောက်မှာ ကိုကြီးဇဝင့်ထည်နှင့် ရင့်တို့ လက်တွဲလျက် မျက်နှာမှာ အပြုံးကိုယ်စီကြောင့် သင့်၏ကြောက်စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြေခဲ့ရ၏။

"ဒေါက် ဒေါက်"

"ဟင်"

ရေချိုးခန်းတံခါး လာခေါက်မှ အတွေးလွန်နေသော သင့် သတိဝင်လာသည်။

တံခါးဖွင့်ကြည့်လိုက်တော့

"အို ကို"

"ခင်ဗျားလေး ရေချိုးတာကြာလို့ စိုးရိမ်နေတာဗျ"

"အဟင်း ဆောရီးနော်"

သင့်က ရေဝတ်လဲပြီး ထွက်ခဲ့၏။ အခန်းတံခါးကို စေ့ထားခဲ့ရုံမို့ ကိုကိုတင့် ဝင်လာတာဖြစ်မည်။

"သင့်"

"အို"

ကိုကိုတင့်က ရေချိုးခန်းထဲမှ ထွက်လာသော သင့်ကိုယ်လေးအား ဆီးပွေ့ယူလိုက်၏။

သင့်၏ ဝင်းဝါသော အသားပေါ်မှ ငွေပုလဲဥ ရေစက်ရေပေါက်လေးများ ယီးလေးခိုနေသည်။





"လွမ်းလိုက်တာ သင့်ရယ်"

"ဟင်"

"ဒီလောက်ခဏလေး ခွဲရတာတောင် သင့်ကို ဘယ်လောက်လွမ်းနေရတယ်မှတ်လဲ"

သင့်မျက်နှာလေးကို ငုံ့မိုးစိုက်ကြည့်ရင်း ကိုကိုတင့် ပြောလာတော့

"သိပ်ပိုတာပဲနော်"

"ပိုတာမဟုတ်ဘူး၊ တကယ်ဗျ၊ ကိုသာ သင့်နဲ့ တစ်သက်လုံးဝေးရရင် ဟောဒီရင်နှစ်ခြမ်း ကွဲသွားမှာပဲ အချစ်ရယ်"

"အို"

ရေချိုးပြီးကာစ အေးမြနေသော သင့်တစ်ကိုယ်လုံး နွေးထွေးသွားရ၏။ အချစ်ကြောင့် တောက်ပနေသော ကို၏မျက်လုံးတို့အောက်မှာ သင့် ယစ်မူးရီဝေသွားရသည်။

"သိလား သင့်၊ အောက်ယပ် သင့်နဲ့ပတ်သက်ပြီး ကိုအမြဲလွမ်းနေမှာ တစ်ခုရှိသေးတယ်"

"ဘာများလဲကိုရယ်"

"အဟင်း ဟောဒီလေသာဆောင်ကနေပြီး သင့်ဆီကို



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တဲ့ညလေ''

''အို ကြည့်စမ်း၊ ကို မကောင်းဘူးကွာ''

သင့်မျက်နှာလေး နီမြန်းသွားလျက် ကိုကိုတင့်ရင်ခွင်မှာ ပုန်းဝှက်လိုက်သည်။

''တကယ်ပြောတာ အဲဒီညကို တွေးမိရင်း သင့်ကို ကို အမြဲပိုချစ်မိနေမယ်ဗျ''

တစ်ခါက ရင်ခုန်စရာကောင်းသော ညလေးတစ်ညသည် ကိုကိုတင့်နှင့် သင့်တို့ဘဝအတွက် ဘယ်တော့မှ မမေ့နိုင်စရာ တိတ်ဆိတ်သော ညကမ္ဘာမှာ အချစ်ပန်းတို့ အစွမ်းကုန် ဖူးပွင့်လျက် ညလေပြည်အေးအေးမှာ အချစ်တေးတို့ မဆုံးတိုင်အောင် ကျူးရင့် ခဲ့ကြလေပြီ။

ပျော်ရွှင်ချမ်းမြေ့ပါစေ

ရွှေအခ္ခလိ